www.burmeseclassic.com



www.burmeseclassic.com







# စောညို


## တစ်ကိုယ်တော်စိုးဒေဝီ
## နှင့်
## အချစ်မဲ့လူ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



ခံယူချက်


ဘယ်သူသိသိ၊ မသိသိ
ငါ့နိုင်ငံအကျိုးယုတ်အောင် ငါမလုပ်။
ဘယ်သူသိသိ၊ မသိသိ
ငါ့နိုင်ငံအကျိုးရှိအောင် ငါလုပ်မည်။

(စောညိုဗီ၏ခံယူချက်)

www.burmeseclassic.com

www.burmeseclassic.com








ဆန္ဒ

ငါသည်ဒီလှိုင်း
ငါသည် လှိုင်းတံပိုး
ငါ့နိုင်ငံအတွက်
ငါ့ခရီးတစ်လျှောက်
ငါ့ရန်သူပုန်သရွေ့
ငါတိုက်ဖျက်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com





## တတ်လမ်းစဉ်(၁)

ရုံးခန်းကလေးထဲတွင် သူတစ်ဦးသာပဲရှိသည်။

စကားပြောနေခိုက်မို့ ဘယ်နှနာရီထိုးရှိပြီဆိုတာကို မကြည့်အားပေ။

သူစကားပြောသည်က တယ်လီဖုန်းနှင့်ပဲဖြစ်သည်။ အခန်းနံရံတွင် အိမ်မြှောင်တစ်ကောင်က ကပ်ခိုရင်း တကျွပ်ကျွပ် စုတ်ထိုးလိုက်သည်။

"ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး၊ ထပ်ပြောပါဦး"

"ဒီလိုဗျာ ကိုစိုးဒေဝါ၊ ခင်ဗျားယူမယ့် ပတ္တမြားက ငါးလုံး တောင်ရှိတော့ ခင်ဗျား အကုန်မဝယ်ဘဲနဲ့ တချို့သူမယ်



www.burmeseclassic.com

www.burmeseclassic.com



သွားစေချင်တာပါ၊ အကုန်ဝယ်ဖို့ကတော့ ခင်ဗျားတတ်နိုင်ပါ့မလား"

"ကိုသော်တာမင်း ကျွန်တော် ကျောက်မျက်လုပ်တာ ပိုက်ဆံရှိလို့ ထလုပ်တာပါ၊ ပတ္တမြားငါးလုံးမကလို့ ဆယ်လုံးဖြစ်ပါစေ ကျွန်တော် ကြိုက်ရင် ကျွန်တော်ဝယ်မှာပဲ၊ နေပါဦး ခင်ဗျားက ဘာလို့ ဒါလောက်တောင် ဖြစ်နေရတာလဲ"

"ဖြစ်နေတာ မဟုတ်ဘူး၊ ဦးသိန်းလွင်ဦးဆီက ပတ္တမြားတွေ ကျွန်တော် ကြည့်ရှုစစ်ဆေးပြီးပြီ၊ ပတ္တမြားတွေက တွင်းထွက်ဆိုတော့ အတော်အရည်ကောင်းတာပဲဗျ၊ အရည်ကလည်း သီးရည်ပဲ"

"ဪ ... လက်စသတ်တော့ ခင်ဗျားကလည်း လိုချင်တာကိုး၊ ကျွန်တော်ဝယ်ပြီး လက်ကျန်ကို ခင်ဗျားကဖြတ်မယ်ဆိုပါတော့"

"ခင်ဗျားမလိုချင်တာမှ ကျွန်တော်က ဝယ်မှာပါ၊ ကျွန်တော်ပြောတာ ဘယ်လိုလဲ"

"ဒီလိုလုပ်လေ၊ ခင်ဗျားနဲ့ ကျွန်တော် စီးပွားဖက်ချင်းတူညီနေတော့ အပြိုင်အဆိုင် မဖြစ်ချင်ဘူး၊ ကျွန်တော်ရယ်၊ ခင်ဗျားရယ်၊ ဦးသိန်းလွင်ဦးရယ် သုံးယောက်ဆုံကြမယ်၊ ဒီတော့မှ တိုင်တိုင်ပင်ပင်နဲ့ လုပ်ကြတာပေါ့"





"အဲဒီလို လုပ်စမ်းပါဗျာ"

"ဘာ အဲဒီလိုလုပ်စမ်းပါဗျာလဲ၊ လောဘတက်နေတာ ခင်ဗျားကတက်နေတာ၊ ခင်ဗျားထက်ဦးတဲ့လူက ဝယ်ထားမှန်းသိပေမယ့် ခင်ဗျားက အလျင်လိုနေတာကိုး"

"ကိုစိုးဒေဝါ ဒါက စီးပွားရေးဗျာ၊ ကျွန်တော်လောဘတက်တာမဟုတ်ဘူး၊ ရောင်းပန်းကောင်းလို့ အကြိုက်တွေ့တာပဲ၊ ကောင်းပြီ၊ ခင်ဗျားချိန်းထားတဲ့အတိုင်း ကျွန်တော်တို့တွေ့ကြမယ်၊ ဦးသိန်းလွန်ဦးကိုလည်း ကျွန်တော်ပဲ အကြောင်းကြားလိုက်မယ်"

"အိုကေ"

"ဘယ်နေရာလဲ"

အမေးကို ပြန်ဖြေရန် စိုးဒေဝါ စဉ်းစားသည်။ ပြီးမှ ...

"ကုက္ကိုင်းလမ်းက ဟိုက်ခွမ်ဗျာ"

"ဟိုက်ခွမ်လား ... ကောင်းပြီ၊ ဘယ်နေ့ ဘယ်နှနာရီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်နှနာရီလိုးလဲ"

သည်တော့မှ စိုးဒေဝါက တိုင်ကပ်နာရီကိုလှမ်းကြည့်၏။ ဆယ့်တစ်နာရီခွဲရန် ငါးမိနစ်သာလိုတော့၏။

"ဆယ့်တစ်နာရီနှစ်ဆယ့်ငါးမိနစ်ရှိပြီ"

"ဒါဖြင့် ညစာပါစားရအောင်၊ စားရင်း စကားပြောကြမယ်၊ ဦးသိန်းလွင်ဦးကို ကျွန်တော် ချိန်းလိုက်မယ်၊ ညနေလေးနာရီမှာ ကျွန်တော်တို့ ဟိုက်ခွမ်မှာ ဆုံကြမယ်"

"သဘောပဲ"

"ညစာကိုတော့ ခင်ဗျား တာဝန်ယူရမယ်"

"ရပါတယ်၊ ခင်ဗျားတို့စားပြီးရင် အိမ်သာ့သာရှာထားပါ"

စိုးဒေဝါမှာ ကတ်သတ်သူ မဟုတ်ပါ။

ကိုသော်တာမင်း ဆိုတာက သူနှင့်စီးပွားရေးပြိုင်ဘက်မဟုတ်သော်လည်း စီးပွားရေးတွင် ကူညီသူဖြစ်သည်၊ ရင်းနှီးမှုအနေနှင့် သိပ်မရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားပြောဖူးကြသည်။

စိုးဒေဝါသည် သူ့ရုံးခန်းထဲတွင် ခဏမျှထိုင်၍စဉ်းစားသည်။





ဦးသိန်းလွင်ဦးသည် မိုးကုတ်သူဌေးတစ်ယောက်ဖြစ်သည်။ ကျောက်အရောင်းအဝယ်ကို အစဉ်လုပ်ကိုင်နေသူ ဖြစ်သည်။

စိုးဒေဝါနှင့် ဆက်စပ်မိသည်မှာ ကြာခဲ့ပြီ။

ယခုမှ သူက ရောင်းနေကျကျောက်တွေကို တစ်ဘက်ကျောက်ကုန်သည် ဦးသော်တာမင်းအား သွားပြရာမှ သူ့တွင်ရှိသော ကျောက်မျက်ရတနာအချို့ထဲမှ ဦးသော်တာမင်းက လိုချင်နေသည်။

သည်ရတနာတွေကို စိုးဒေဝါက ကြိုက်နှစ်သက်၍ ဈေးမေးကာ ဝယ်ယူဖို့ဆုံးဖြတ်ပြီးလေပြီ။

ခုလိုရှိကာမှ ဦးသော်တာမင်း ထလိုချင်ပါသည်ဆိုတော့ စိုးဒေဝါ လက်မလွှဲချင်ပါ။ လက်လွှဲလိုက်သည်ရှိသော် မိမိစီးပွားရေး ထိပ်စည်းပိတ်သွားသည်နှင့်တူသည်။ မိမိက မဝယ်နိုင်တာလည်းမဟုတ်။

စိုးဒေဝါသည် စီးပွားရေးလောကတွင်မက ဥပဒေဘက်တော်သားတစ်ယောက်တည်းဖြစ်သည်။ သူက နိုင်ငံတော်အထူးစုံစမ်းရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အတွက်လည်း သူ လုပ်ပေးခဲ့ဖူးသည်။ မသမာသော နိုင်ငံရေးသမားများနှင့် ဆိုးညစ်သော လူ့အဖွဲ့အစည်းများကိုလည်း ဖြိုခဲ့ဖူးသည်။

သူလုပ်ဆောင်သမျှသည် ဥပဒေတွင်းမှသာဖြစ်၏။

စိုးဒေဝါကို မြေအောက်လောကမှ ဒုစရိုက်သားများနှင့် မင်းသားခေါင်းဆောင်းထားသော နိုင်ငံရေးဘီလူး၊ စီးပွားရေးဘီလူးတွေ မှန်သမျှ သူနှင့်တွေ့ရမှာ ရင်တုန်ကြသလို ကြောက်ဒူးလည်း တုန်ကြသည်။

သည်အတွက် သူ့အန္တရာယ်က မသေးပါ။

သူ့အသက်ကိုလုပ်ကြံကြသူတွေရှိသည်။ စိုးဒေဝါသည် လာသမျှသောဘေးရန်တို့ကို ဦးနှောက်နှင့်သော်လည်းကောင်း၊ ကာယစွမ်းအားအသုံးပြု၍သော်လည်းကောင်း နည်းပရိယာယ် အမျိုးမျိုးတို့နှင့် ဖယ်ရှားရသည်။

သည်လိုနှင့်ပင် သူ ရှင်သန်ကျွန်ရစ်ခဲ့သည်။

သူ့ဘေးတွင် သူနှင့်အတူ ရပ်တည်ပေးသူတစ်ဦး ရှိသည်။

ဒါက သူ့အတွင်းအရေးမှူးမလေး စိချယ်ရီထွန်း။





စိချယ်ရီထွန်းသည် ယခုခေတ်အခေါ် ပီအက်(စ်)အိုလို့လည်းခေါ်နိုင်သည်။ စိုးဒေဝါ၏အသက်တမျှ ရင်သိမ့်သိမ့်တုန်အောင် ခံစားရသူလည်းဖြစ်သည်။ တစ်လောကလုံးတွင် စိုးဒေဝါ အမြတ်နိုးဆုံး၊ ချစ်ကြင်နာရဆုံးသူမှာ စိချယ်ရီထွန်းပင်ဖြစ်သည်။

စိချယ်ရီထွန်းကလည်း စိုးဒေဝါ ချစ်ရသော အသည်းနှလုံးဖြစ်သလို စိုးဒေဝါသည်လည်း သူမ၏အသက်ဘူးသာလျှင်ဖြစ်သည်။ စိုးဒေဝါအတွက် အသက်ကိုပင် ပဓာနမထားဘဲ ချစ်ရသူအတွက် အသက်နှင်လဲ၍ ကယ်ခဲ့ဖူးပေါင်းများလှချေပြီ။

သူ့အား သည်မျှချစ်သူမို့ စိုးဒေဝါကို အပေါင်းအသင်းတွေက စိချယ်ရီကို လက်ထပ်ယူလိုက်ပါတော့လား။ ဤမျှကြန့်ကြာအောင် အချိန်ဆွဲထားရသလားဟု ပြောဆိုဝေဖန်မှုပြုကြသည်။

သူတို့ပြောတာလည်း မှန်သည်။

စိုးဒေဝါ လက်မထပ်ရဲပါ။

စိုးဒေဝါ၏ရန်သူတော်တွေက ကြွက်မနိုင် ကျီမီးနှင့်ရှို့လုပ်ကြမည်။



www.burmeseclassic.com

www.burmeseclassic.com



စိချယ်ရီထွန်းသည် သူ့ကြောင့် ကြားကာစားစာခံဖြစ်မည်ကို စိုးသည်။ သူ့အဖို့ ရုတ်တရက် တစ်ခုခုဖြစ်သွားခဲ့သော် စိချယ်ရီထွန်းသည် မုဆိုးမကဗိန်းသို့ ဆိုက်ရောက်သွားနိုင်၏။

စိုးဒေဝါအတွေးကို ဖြတ်လိုက်သည်။

စိချယ်ရီကို မတွေ့ရ။

မှာစရာရှိတာတွေကို စိချယ်ရီအား မှာထားဖို့အရေး သူမကို မတွေ့ရသောကြောင့် မမှာခဲ့ရ။

သူ၏ ဗောက်ခေတ္တစ်တာ မိုးပြာရောင်ကားနှင့်ပင် ထက်လာသည်။

သူ၏ဦးတည်ရာကားကုမ္ပဏီရှိရာ ပန်းဆိုးတန်းမှ အတွင်းဝန်ရုံးရှိရာသို့ဖြစ်သည်။ ထိုစဉ်က ကားသွားလာနည်းသောကြောင့် ရန်ကုန်၏အသက်သွေးကြောလမ်းမကြီးတွေတွင် ဘယ်ညာ နှစ်ဖက် ပြိုင်မောင်းလို့ရသည်။

၁၉၅၆–ခုနှစ် ဖဆပလအစိုးရလက်ထက်တွင်ရှိသောနှစ်ဖြစ်၏။ ထိုထိုသောနှစ်များတွင် မြန်မာပြည်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပင် ဆိုလင့်ကစား တိုင်းရင်းသားများ တစ်စုနှင့် တစ်စု အဝေမတည့်ကြ။





အမြင်စောင်းနေခဲ့ကြချိန်။

ဖဆပလအစိုးရကလည်း အုပ်ချုပ်ပုံမပါးနပ်သည့်ပြင် ယင်းအစိုးရ၏အာဏာရှိသူအချို့က "ငါစားချည်း" လုပ်သဖြင့် ပါတီတွင်း မညီမညွတ်ရှိမှု။

နိုင်ငံကို အုပ်ချုပ်ပုံ မနိုင်မနင်းဖြစ်မှု။

တိုင်းရင်းသားသွေးစည်းမှုကို လုပ်ကိုင်ပုံနည်းပါးမှု။

ပြည်ပ၏ မြှောက်ထိုးပင့်ကော်လုပ်မှုတွေကြောင့် သူပုန်ထမှု၊ တိုင်းရင်းသားများ မငြိမ်မသက်ဖြစ်မှု။

အဲဒီတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသာ ဆိုသည် ပြည်ထောင်စုမဖြစ်ခဲ့ချေ။

ဒါတွေကို စိုးဒေဝါ နားလည်သည်။

သူက ဥပဒေဘောင်အတွင်းမှ ရှင်းနိုင်သရွေ့ရှင်းခဲ့သည်။

ယခုတလောတွင် သူ့မှာအမှုမရှိပါ။ သူ၏အထက်လူကြီးဖြစ်သော ဒုညွှန်ကြားရေးမှူး ဦးရွှေမော်ကလည်း အမှုမအပ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ကြာအောင် စိုးဒေဝါ ငြိမ်သက်နေခဲ့ရသောကြောင့် ပျင်းရိပျင်းတွဲ ဖြစ်မိသည်။

စိုချယ်ရီက ခရီးဝေးတစ်ခုသို့ အနားသွားယူရန် အကြံပေးသည်။ သူမအကြံကို စိုးဒေဝါ လက်ခံသည်။

တောင်ကြီး၊ အင်းလေးသို့သွားရန် စိုးဒေဝါ စိတ်ကူးသည်။

တောင်ကြီး၊ အင်းလေး မသွားမီ အမှုတစ်ခုခုပေါ်လာပါက စိုးဒေဝါအတွက် ကိုးလိုးကန့်လန့် ဖြစ်စရာရှိ၏။

သည်တော့ ခရီးဝေးမသွားမီ ဦးရွှေမော်အား တွေ့ဆုံပြီး အမှုရှိသည် မရှိသည်ကို မေးမြန်းမည်။ သို့မှသာ သူ ခရီးဝေးသွားပါက ရှင်းရှင်းလင်းလင်း ရှိပါလိမ့်မည်။

သူ၏ကားကို အတွင်းဝန်ရုံးထဲသို့ ဝင်လိုက်သည်။

ရုံးအရှေ့ဘက်တွင် ကားကိုထိုးရပ်သည်။ သူ့တွင် ထောက်လှမ်းရေးတံဆိပ်တပ်ထားသဖြင့် အစောင့်တွေက စစ်ဆေးမေးမြန်းခြင်းမပြု။

သွက်လက်ပေါ့ပါးသော ခြေလှမ်းများက သူ့ကို တတိယအထပ်ထိအောင် သယ်ဆောင်သွား၏။





ရုံးတွင် အခန်းပေါင်း မရေမတွက်နိုင်အောင်ရှိသည်။

ဦးရွှေလူ၏ရုံးခန်းက သူ့အတွက် သွားနေကျ။

ရုံးခန်းဝတွင် စားပွဲကုလားထိုင်နှင့် အကျထိုင်ပြီး မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသော ရွှေသဇင်နှင့်တွေ့သည်။ ရွှေသဇင်သည် ဦးရွှေမော်၏တူမဖြစ်သည်။

"ရှိတယ် မဟုတ်လား"

"ရှိတယ် ... ရှိတယ်"

စိုးဒေဝါ လာနေကျမို့ ရွှေသဇင်အတွက် မထူးပါ။ မဂ္ဂဇင်းဖတ်နေရာမှ ခေါင်းလေးမော်ကြည့်ပြီး စိုးဒေဝါ၏အမေးကို ဖြေသည်။

စိုးဒေဝါရုံးခန်းထဲသို့ ရွှေသဇင်ကို ဖြတ်ကျော်လာခဲ့သည်။

"မင်္ဂလာနေ့ခင်းပါ အစ်ကိုကြီး"

ဆယ့်နှစ်နာရီကျော်ပြီမို့ မင်္ဂလာနေ့ခင်းလို့ပဲ နှုတ်ဆက်လိုက်၏။ ဖိုင်တစ်ခုကိုဖတ်နေသော ဦးရွှေမော်၏မျက်နှာပြုံးကြီးက ဆတ်ခနဲ မော်ကြည့်လာ၏။

"ကိုစိုးကြီးပါလား ... လာထိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမော်က သူ့စားပွဲရှေ့ရှိ ကုလားထိုင်ကိုမေးငေါ့ပြ၏။ ဦးရွှေမော်ရုံးခန်းမှာ နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံတွေကို ချိတ်ထားခြင်းမှလွဲ၍ သားနားမှုမရှိပါ။

"ခင်ဗျား မလာတာ နှစ်ရက်ရှိသွားပြီ၊ ဖုန်းလည်းမဆက်ဘူး"

"ကျွန်တော့်မှာ ရုံးအလုပ်နဲ့ ကိုယ်ပိုင်အလုပ်ကလွဲလို့ တခြားဘာမှမှမရှိဘဲ အစ်ကိုကြီးရ"

ဦးရွှေမော်ကို တခြားလူတွေခေါ်သလို ဝန်မင်းသို့မဟုတ်ဟု စိုးဒေဝါက မခေါ်ပါ။ ရင်းနှီးသမှုအနေနှင့် အစ်ကိုကြီးလို့ပဲ ခေါ်သည်။

"အား ... ပူလိုက်တာ"

စိုးဒေဝါတို့ခေတ်က အဲယားကွန်းမရှိပါ။ ပန်ကာကိုပဲ အားကိုးနေရသည်။

"နွေလယ်ရောက်နေပြီ မဟုတ်လား၊ ပုံမှာပေါ့ အစ်ကိုကြီးရာ၊ ဒါထက် ကျွန်တော့်တာဝန်ထမ်းဖို့ ဘာအမှုများရှိသေးသလဲ"





"ကာနယ်ချောင်ချူလင်း အမှုက ကိုးသုံးလုံးက ကိုင်နေတယ်၊ အကြောင်းထူးရင် ဒီဘက်ကို ရွှေ့မှာပဲ"

ကာနယ်ချောင်ချူလင်း ဆိုတာက တရုတ်ဖြူဘက်မှ အထက်တန်းအရာရှိတစ်ယောက်ဖြစ်သည်။ မြန်မာနိုင်ငံတွင်းသို့ တရုတ်ဖြူများ ကျူးကျော်ချိန်တွင် ကာနယ်ချောင်ချူလင်းက တစ်ဘာသာ ဒုက္ခပေးနေသူဖြစ်၏။

"ချောင်ချူလင်းက ဘာလုပ်သလဲ"

"အား ... ကိုစိုးဒေဝါ၊ ချောင်ချူလင်းက မြေပေါ်ဆက်သွယ်ရေးသမားတွေနဲ့ ဆက်သွယ်ဖို့ ကြိုးစားနေတယ်၊ ဒါပေမဲ့ အရေးပေါ်အမှုတွေကို ကိုင်တွယ်တဲ့ ကိုးသုံးလုံးက သူ့ဆက်သွယ်ရေးတွေကို ဖြတ်တောက်ဖို့ ကြိုးစားနေတယ်"

ကိုးသုံးလုံးအဖွဲ့အစည်းက နိုင်ငံတော်၏ ဒုစရိုက်ဖြိုခွင်းရေးအဖွဲ့ဖြစ်သည်။ ရဲနှင့်ဆိုင်သော အဖွဲ့အစည်းဖြစ်သည်။

"ကာနယ်ချောင်ချူလင်းတော့ စိုးဒေဝါနဲ့မတွေ့ခင် လယ်ပြင်မှာ မြွေလှုပ်သလို လှုပ်နိုင်မှာပါ။ အဲ ... စိုးဒေဝါနဲ့တွေ့ရင်တော့ မြွေဆရာနဲ့ မြွေတွေ့သလို လှုပ်နိုင်တော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချောင်ချူလင်းအကြောင်းကို စိုးဒေဝါ သိထားသည်။

နောင်တွင် သူက ချောင်ချူလင်းနှင့် တပွဲတလမ်း စမ်းခဲ့ဖူးသည်။ သူ ပြောသလို အနိုင်ရခဲ့သည်သာ။

"အခု သူ့အမှုမလာသေးဘူး၊ ခင်ဗျားလည်း နားနားနေနေ နေပေါ့"

"တခြားအမှု မရှိဘူးလား၊ နေရတာ ပျင်းလှပြီ"

ဦးရွှေမော်က သူ့ကိုပြုံးကြည့်သည်။ စားပွဲပေါ်က အနီပ်ဖုခေါင်းလောင်းကို တီးလိုက်၏။

ရွှေသဇင် ဝင်လာသည်။

"ရွှေသဇင် ... ကိုကြီးသောက်ဖို့ အိုဗာတင်းတစ်ခွက် မှာလိုက်ပါ"

ဦးရွှေ ်၏အမိန့်ကို နာခံ၍ ရွှေသဇင် ထွက်သွားသည်။ ရွှေသဇင်မှာ အသက်အစိတ်ခန့်ရှိသည်။ ဘီအေတွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်သည်။

ရုပ်ကလေးက နုနုကလေးနှင့် ချစ်စရာကောင်းသည်။

"အစ်ကိုကြီးနဲ့ ကျွန်တော် ပိုင်းမလုပ်တာကြာပြီ၊ တစ်ခါလောက် တာဝါမှာဖြစ်ဖြစ် ဂရင်းမှာဖြစ်ဖြစ် လုပ်ကြရအောင်"





စိုးဒေဝါနှင့် ဦးရွှေမော် ပိုင်းမထိုင်ဖြစ်တာ အတော်ကြာပြီ။ ကိုယ့်အလုပ်နှင့်ကိုယ်ဆိုတော့ သောက်ရေး စားရေးကို ဂရုမစိုက်အားပေ။

"ကိုစိုးဒေဝါ ... ခင်ဗျားက အမှုတွဲလိုချင်တာ ဟုတ်ပါရဲ့၊ ခင်ဗျား ဘာကြောင့် အမှုလိုချင်ရတာလဲ"

"ကျွန်တော် အလုပ်မရှိရင် မနေတတ်ဘူး"

"ခင်ဗျား ကျောက်မျက်ရကနာလုပ်ငန်းရှိတာပဲ၊ သူဌေးပီပီ အေးအေးနေစမ်းပါ"

"ကျွန်တော်တို့ (TOUR)လုပ်မလို့၊ ကျွန်တော်မသွားမီ အမှုပေါ်လာရင် သွားရခက်နေမယ်၊ ဒါကြောင့် သိထားရအောင် မေးတာပါ"

"ခင်ဗျားကိုပေးဖို့ ဘာမှမရှိဘူး၊ သွားမှာသာ စိတ်ဖြောင့်ဖြောင့်သွား၊ ဘယ်ကိုသွားမှာလဲ"

"အင်းလေးဘက် ခြေဆန့်မလားလို့"

"ဘယ်တော့လောက်လဲ"

"ရက်မသတ်မှတ်ရသေးဘူး၊ သန်ဘက်ခါတော့ ဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကားနဲ့ သွားမှာလား"

"ရထားနဲ့ သာစည်ထိ စီးမယ်၊ ဟိုကမှတစ်ဆင့် ကားငှားမယ် စိတ်ကူးတယ်"

"ကြည့်လည်းသွားနော်၊ လမ်းပန်းက သိပ်ကောင်းတာမဟုတ်ဘူး၊ တစ်နေ့ကပဲ ညောင်လေးပင်ကို ကေအင်ဒီအိုတွေ ဝင်စီးတယ်၊ မြို့ခံတပ်နဲ့ ရဲတွေကောင်းလို့ ဒီကောင်တွေ မရခဲ့ဘူး"

"အားစမ်းတာ ထင်ပါရဲ့ဗျာ"

"ရွှေမန်းမေကို သူတို့က ချောင်းနေတာဗျ"

၁၉၅၆ တွင် ဘယ်နေရာမှ မချောင်မှန်းသိသည်။ သောင်းကျန်းသူတွေနှင့် အစိုးရ ဘတစ်ပြန်ကျားတစ်ပြန် တိုက်နေကြချိန်။

ရွှေမန်းမေဆိုတာက စိုးဒေဝါ စီးမည့်ရထားဖြစ်သည်။

ဦးရွှေမော်က ခရီးသွားကာနီး လှန့်လုံးခြောက်လုံးတွေ သုံးနေခြင်း မဟုတ်ပါ။

သူ့အပေါ် ခင်မင်သံယောဇဉ်ရှိသောကြောင့်ဖြစ်သည်။





ကင်တင်းမှ လူငယ်လေးတစ်ယောက် အိုဗာတင်းနှင့်ကိတ်မုန့်ပါသော လင်ပန်းယူလာသည်။

စိုးဒေဝါရှေ့တွင် ချပေးသည်။

စားလိုက်သောက်လိုက် အာရိုက်လိုက်နှင့် စိုးဒေဝါဦးရွှေမော် ရုံးခန်းတွင် အချိန်ဖြုန်းတာ နာရီဝက်ကျော်လောက်ဖြစ်သွားသည်။

ရွှေသဇင် ဝင်လာပြီး ပုသိမ်ခရိုင်ဝန် ရဲဝန်ထောက်လာကြောင်း သတင်းပို့သည်။

စိုးဒေဝါ အလိုက်သိသည်။

ဦးရွှေမော်ကို နှုတ်ဆက်ပြီး ထိုင်ရာမှထကာ ဆလုရိုက် အလေးပြုသည်။ ဦးရွှေမော်က လေးစားပါတယ်ဟုပြန်ပြောသည်။

လမ်းပေါ် ကားနှင့်ရောက်ချိန်တွင် အပူရှိန်ကမလျော့သွားပေ။

စိုးဒေဝါတို့ခေတ်တွင် မော်တော်ကားများပါ လေအေးစက်မရှိပေ။ ကြိတတ်ဖန်တတ်ပါက ပန်ကာအသေးကလေးတစ်ခုနှစ်ခု တပ်ဆင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဆောဖစ်တာမှာ အင်္ဂလန်လုပ် ဖြစ်သည်။ စိုးဒေဝါက သူ့ကားတွင် ပန်ကာတပ်မထားခဲ့ပေ။

သူ အလုပ်လုပ်ရာရုံးက လေးဆယ့်ငါးလမ်းအောက်လမ်းတွင်ရှိသဖြင့် အတွင်းဝန်ရုံးနှင့်မဝေးလှပေ။

ဒါကြောင့် နေပူရှိန်ကို သိပ်မခံစားရဘဲ လေးဆယ့်ငါးလမ်းရုံးသို့ ရောက်လာသည်။ ရုံးတွင် သူ့အတွက်မယ်မယ်ရရ အလုပ်မရှိသဖြင့် ရုံးအဖွဲ့မှူးနှင့် အာရိုက်ပြီးမှ ပြန်လာသည်။

စိုကို ခေါ်ဖို့ ပထမစိတ်ကူးမိသေးသည်။ သူ့လက်တစ်ဖက်သည် စိုပဲဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည့်ဖြစ်စေ သူ့အဖို့ တိုင်ပင်ရာသူသည် စိုပဲဖြစ်သည်။

ယခုကိစ္စတွင် စို ပါဝင်ဖို့မလိုပါ။

သူ့သဘောတစ်ခုတည်းနှင့်ပြီးသည်။

တစ်ဖက်က ပတ္တမြားတွေကို သူနှင့်ရောင်းထားရန်သဘောတူပြီဖြစ်သဖြင့် မိမိအပေါ်ထားသော ကတိစကားကို ဦးသိန်းလွင်ဦးက ကတိဖျက်မှာမှ မဟုတ်ပါ။

သူက ရုံးအဖွဲ့မှူးနှင့် အာရိုက်ပြီးချိန်တွင် အချိန်ကိုကြည့်လိုက်ရာ သုံးနာရီထိုးကာနီးနေပြီ။





ဒါကြောင့် အိမ်ပြန်သည်။ အိမ်မှာ သူ့ကိုယ်ကိုဇလားကြီးထဲထည့်ပြီး စိမ်နှင့်ချိုးသည်။

လိုအပ်သမျှကို သူ့အထိန်းတော် ဦးရန်ပြေကြီးကလုပ်ပေး၏။

အိမ်တွင် သူနှင့်ဦးရန်ပြေ နှစ်ယောက်တည်းသာနေသည်။

အိမ်၏ခြံဝိုင်းကြီးက အကျယ်ကြီးဖြစ်သည်။ ကမ္ဘာ့ဧရိပ်သာသည် စိုးဒေဝါ စတည်းချရာမြေနေရာဖြစ်သည်။ ၎င်းရိပ်သာထဲ၌ ခြံအကျယ်ကြီးနှင့် ခံ့ညားသော တစ်ထပ်တိုက်ကြီးက အဖြူရောင်ဖြစ်သည်။

ရေကူးကန်နှင့် အားကစားရုံရှိသည်။

အားကစားရုံသည် စိုးဒေဝါလေ့ကျင့်ရာအားကစားရုံဖြစ်၏။

ခြံ၏ပတ်လည်တွင် လူတစ်ရပ်ကျော်ကျော်မြင့်သော အုတ်ရိုးများကာ၍ အထက်တွင် သံဆူးကြိုးများ တင်ထားသည်။

ရေမိုးချိုး၍ သူ့ကိုယ်တွင် ကိုယ်လုံးပေါင်ဒါဖြူးသည်။ ထိုခေတ်က ယခုလို ဘော်ဒီပစရေးစတာတွေ မပေါ်သေးပါ။ ပွန်



www.burmeseclassic.com

www.burmeseclassic.com



ဖိယာကိုယ်လုံးပေါင်ဒါ မွှေးမွှေးလေးနှင့် ချန်ပီယံရေနံ့စသော ဗယ်ဇလင်ခေါင်းလိမ်းဆီ၊ ကော့စမစ်တစ်နှင့်သာ ကျေနပ်နေရသောခေတ်ဖြစ်သည်။

မှန်ထဲတွင် တွီရှပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်ဝတ်ထားသော သူ့ခန္ဓာကိုယ်သည် အားကစားသမား၏ ခန္ဓာကိုယ်အချိုးအစားအတိုင်း တောင့်တင်းလှပသည်ကို မြင်ရသည်။

သူက ဒင်နာကုတ်ကို ဝတ်မည်ပြုပြီးမှ ရာသီဥတု ပူအိုက်မှန်းသိသောကြောင့် မဝတ်တော့ဘဲ ထွက်လာသည်။

"မောင်စိုး ... ဒါက ဘယ်ဖဲ"

ဦးရန်ပြေက ဆီးမေးသည်။ အဘိုးကြီးသည် သူ၏ သံယောဇဉ်တစ်မျှင်ဖြစ်သည်။

"ကိစ္စကလေးတစ်ခု ရှိတယ်၊ ဦးလေးရန်ပြေက ကျွန်တော် ဒီညစာမစားဘူး အပြင်မှာစားမယ်"

"သဘောပဲ"

"စို ဖုန်းဆက်ရင် ကိစ္စတစ်ခုနဲ့ အပြင်သွားတယ်လို့ ပြောလိုက်ပါ"

"ကောင်းပါပြီ ခင်ဗျာ"





ဦးရန်ပြေက ခပ်ရွှတ်ရွှတ်ပြန်ပြော၍ တစ်ဆက်တည်းမေးလိုက်ပုံက ...

"မင်း ... စိုချယ်ရီထွန်းနဲ့ ဘယ်တော့ယူကြမှာလဲ"

"အား ... ဦးလေးကလည်း အချိန်တန်တော့ ငလိမ်ကြမှာပေါ့"

"မင်းကကြံနေ၊ ဒီလိုနဲ့ အဘိုးကြီးအဘွားကြီး ဖြစ်သွားလိမ့်မယ်"

စိုးဒေဝါ သွားဖြဲသည်။

"မင်း မငယ်တော့ဘူး၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်နှစ်နှစ်"

"သုံးဆယ့်နှစ်နှစ်ဆိုတာ မငယ်တော့ဘူး၊ မင်း လူပျိုကြီးစာရင်းဝင် ဖြစ်နေပြီ"

ဟုတ်တော့လည်း ဟုတ်တာပေါ့။

"ဦးလေးက ကြည့်ရတာ မြေးချီချင်နေပြီထင်တယ်"

ဦးရန်ပြေက သွားကိုဖြဲပြလိုက်သည်။

"မင်းနဲ့ စိုချယ်ရီက မွေးရင် သိပ်ချောမယ့် လှမယ့်ကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာနေ့ာယကွဲနဲ့ ခွေမျိုးတော်စပ်ရင်ကော"

"မင်းကလည်း မပြောကောင်း မဆိုကောင်း"

သည်လိုနှင့် စကားကိုဖြတ်ထားခဲ့သည်။ သူ့မှာသွားစရာ ရှိသေးသည်။

စိုးဒေဝါ ချင်းချောင်းရိပ်သာလမ်းမှ ကားနှင့်ထွက်လာသည်။ ကားကို အေးအေးဆေးဆေးမောင်းလာသည်။

စိုးဒေဝါ ကားမောင်းစဉ် ဘာကိုမှမတွေး။ ဘယ်သူ့အကြောင်းကိုမှ ထည့်မစဉ်းစားပါ။ သူ့တွင် ကားမောင်းစဉ်ကား၏ဘေးအန္တရာယ်ကိုပါ စဉ်းစားမိသောကြောင့်ဖြစ်သည်။

ကုက္ကိုင်းကွေ့ကို ကျော်လွန်လာသည်။ လမ်းမှာမိန်းကလေးတစ်ယောက် လမ်းသွားနေရုံမှအပ လူသူရှော ကားတွေပါရှင်းလင်းနေသည်။

ဟိုက်ခွမ်ရောက်ဖို့ သိပ်မဝေးတော့ပါ။

သည်အခိုက် သည်နေရာမှာ မမျှော်လင့်တာကြုံရသည်။

လမ်းဘေးတွင်သွားနေသော မိန်းမပျိုသည် ကားသွားရာလမ်းကြောင်းပေါ်သို့ အပြေးကလေး သွားရောက်ပြီး စိုးဒေဝါကားရှေ့တွင် သူမကိုယ်ကို သူမ မားမားရပ်၍ ထိုးခံလိုက်သည်။





စိုးဒေဝါအတွက် မထင်မှတ်သော ကြုံတွေ့ချက်။

"ဟာ"

ပါးစပ်မှ အသံထွက်သွားသည်။

ကားလီဗာကိုလျှော့၍ ဘရိတ်ကို ချက်ချင်းညာခြေထောက်နှင့် ဖမ်းအုပ်ပစ်လိုက်၏။

"ကျွီ"

ဝုန်းဒိုင်းမြည်မည့်အစား လမ်းမျက်နှာပြင်ကို ကားဘီးတာရာ ပွတ်ကြိတ်သံက ပေါ်လာသည်။

ကားဦးခေါင်းသည် သူမကိုယ်သူမ ကားတိုက်ခံမည့်မိန်းကလေးကိုယ်နှင့် ပွတ်ကာသီကာ ရှိနေသည်။

မတိုက်မိပေမယ့် မိန်းကလေးက ခွေကျသွားသည်။

စိုးဒေဝါသည် မိန်းကလေးအတွက် စိတ်ထဲပူပန်မိသည်။ သူ ကားထဲမှ အလျင်အမြန် ထွက်ရှိသည်။

သေများသွားပြီလား။

စိတ်ထဲပူပန်မှုနှင့် တွေးသည်။

ကပျာကသီ မိန်းကလေးရှိရာသို့သွားသည်။

"မင်းက ဘယ်လိုလုပ်လိုက်တာလဲ၊ တယ်ခက်တာကိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မိန်းကလေးကို ဖွေ့ထူပြီးဖြင်သည်။ မိန်းကလေးမှာ ငယ်ရွယ်နုပျိုသည်။ အသက်ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်လောက် ရှိချေမည်။

"ကျွန်မ သေချင်တယ်၊ တကယ်ပဲ သေချင်တယ်"

"သေချင်တယ် ... သေချင်လောက်အောင် ဘာများဖြစ်လို့လဲ၊ တကယ်သေချင်ရင် မင်း ရေထဲခုန်ချပါလား၊ ဒီမှာ အင်းလျားကန်နီးနီးလေးရယ်"

ကောင်မလေး ဘာမှမဖြေပါ။ လူးလဲထသည်။ စိုးဒေဝါ စိတ်ပေါက်ပေါက်နဲ့ ဆက်ပြောသည်။

"ငါ့ကားနဲ့ အတိုက်ခံတော့ မင်း သေသွားတဲ့တိုင်အောင် ငါ့မှာ အပြစ်မလွတ်ဘူး ကလေးမရဲ့၊ ထောင်ကျမယ်၊ နားလည်လား"

ကောင်မလေးမှာ ဘာမှမပြောသော်လည်း မျက်နှာလေးက ညှိုးငယ်နေ၏။ သည်နောက်တော့ မျက်ရည်တွေကျလာသည်။

"ဟောဗျာ ... သေချင်တဲ့လူက ငိုနေရသလား"





"မသေလို့ ငိုတာပေါ့၊ ကျွန်မ သေသွားခဲ့ရင် စိတ်ညစ်စရာတွေ ကြုံမှာမဟုတ်ဘူး ... ဟင့်"

သူမသည် မျက်ရည်တွေတွေကျဆဲမှ တစ်ချက်ဟင့်ခနဲ ရှိုက်လိုက်၏။

ဟိုအဝေးတွင် ကားတစ်စီးလာနေသည်။ စိုးဒေဝါကသည်မိန်းကလေး ကားတိုက်မှုနှင့် မပတ်သက်ချင်ပါ။

"ဟိုမှာ ကားတစ်စီးလာနေတယ်၊ အဲဒီကားနဲ့တိုက်ပြီး အသေခံလိုက်၊ ငါပြောတာ ကြားလား"

မိန်းကလေးက ထိုအဝေးမှလာနေသောကားကို လှမ်းကြည့်၏။

လူစီးဘတ်(စ်)ကားကြီးဖြစ်သည်။

မိန်းကလေးသည် ထိုကားကြီးရှိရာသို့ ဖျတ်ခနဲလှမ်းထွက်ပြေးသည်။ သူမထက် စိုးဒေဝါကမြန်သည်။ မိန်းကလေး၏ လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်၏။

"လွှတ် ... လွှတ် ... ကျွန်မကိုလွှတ်"

မိန်းကလေးက ဆောင့်ရုန်းသည်။

"မင်း တကယ်သေချင်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင်နေတာထက် သေချင်တာများနေပြီ၊ ကျွန်မ သေမှအေးမယ် … လွတ်"

"မင်း သေချင်တိုင်း သေလို့မရဘူးကွ၊ ငါက မင်းကိုအသေ မခံနိုင်ဘူး"

ခပ်မာမာပြော၍ မိန်းကလေး၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။ ကားကြီးက သူတို့ကို ကျော်ဖြတ်သွားသည်။ ကားပေါ်မှ ခရီးသည်အချို့၏မျက်လုံးတွေက သူတို့နှစ်ယောက်အား ကြည့်သွားခြင်းကို ခံသွားရသည်။

"ကျွန်မ"

မျက်ရည်တွေကြားမှ မိန်းကလေးက ခေါင်းကိုအေးဆေးစွာ ယမ်းခါသည်။ သူမသည် ဘာဆက်ပြောရမှန်း သိတော့ဟန်မတူ။

"မင်း သေချင်တာက ဘာကြောင့်သေချင်တာလဲ၊ ငါ့ကို ပြောပြစမ်းပါ ကလေးမလေးရယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ လူကြားလို့လည်း မကောင်းဘူး တို့ဘာသာတရားအနေနဲ့ဆိုရင် အဖန်ငါးရာ ငါးကမ္ဘာ ခံရတယ်လို့ ဆိုထားတယ်၊ မင်း ဒါတွေကို တွေးမကြောက်ဘူးလား"





"ကျွန်မ ဒါတွေကို သိပါတယ်ရှင်၊ ဒါပေမဲ့ လတ်တလော ကြုံတွေ့နေရတဲ့ဒုက္ခကို ကျွန်မ သည်းမခံနိုင်လို့ပါ"

"မင်းဒုက္ခက ဘာဒုက္ခလဲ၊ ပိုက်ဆံမရှိလို့လား"

"ဒါလည်းပါတယ်၊ အို … ကျွန်မအကြောင်း ကျွန်မပဲသိဖို့ ရှိပါစေတော့"

ကောင်မလေးအသံက ယူကျုံးမရ ကြေကွဲစွာပေါ်လာ၏။ ငိုနေသည့်ပုံစံက သနားစရာ။ ကောင်မလေးကို ကြည့်မိသည်။

အသားလတ်လတ်၊ မျက်ဝန်းလုလုနှင့် ချောမောသော မိန်းကလေးတစ်ယောက်လို့ ဆိုနိုင်သည်။ နှာတံစင်းစင်းလေးနှင့် နှုတ်ခမ်းနှစ်လွှာက ပိရိ၍ ငိုနေသည့်တိုင်အောင် ၎င်းနှုတ်ခမ်းလေးတွေ လှုပ်ရှားပုံက သူမ၏ချစ်စရာကောင်းသော အသွင်ကို ပေါ်စေ၏။

ဒါတွေကို စိုးဒေဝါ တဒင်္ဂတွေ့မိသည်။

ယောကျ်ားမျက်လုံးတွေပဲ။

"မဟုတ်ဘူးလေ၊ မင်းအကြောင်း မင်းသိတယ်ဆိုပေမယ့် မင်းဒုက္ခကို မင်းပဲ ခါးစည်းခံတော့မှာလား၊ မင်းငိုနေပုံက



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကြောင့် ငိုနေပေမယ့် သနားစရာကောင်းသလို ချစ်စရာလည်း ကောင်းတယ်၊ မင်းဒုက္ခကို ငါ့ကိုပြောမပြနိုင်ဘူးလား"

"ရှင်က ကျွန်မဒုက္ခကိုသိတော့ ကူပြီးစိတ်ညစ်ပေးမှာလား"

သူမပြောပုံက ဆတ်တောက်တောက် နိုင်သည်၊ စိုးဒေဝါ၏ တည်ငြိမ်မပြုံးသော နှုတ်ခမ်းတွေတွင် ပြုံးယောင်ကလေး ပြုလာသည်။

"မင်းကို ငါက ဝိုင်းကူပြီး စိတ်ညစ်ပေးမယ့်အစား ခင်းကို ငါက ကူညီမှာမို့လို့ပဲ၊ မင်းကို ငါက မြင်မြင်ချင်းကူညီတာထက် မင်းခံစားမှုကို ငိုင်းဝန်းနားလည်ပြီး ဘယ်လိုကူညီရမယ်ဆိုတာ သိရအောင်ပါ"

"ကျွန်မ ... ကျွန်မ"

သူမစကားပြောခဲ့ လည်ချောင်းတွင် ဆို့နင့်လာပုံနှင့် အပြောရပ်မိသည်။ နေရှိန်က သူတို့နှစ်ယောက်အပေါ် ပူလောင်ပါဘိခြင်း။

သည်းမခံနိုင်သော စိုးဒေဝါသည် မိန်းကလေးအနီးမှ ဆတ်ခနဲခွာလိုက်သည်။ အပူရှိန်က ပြင်းပြပါဘိခြင်း၊





"ကောင်းပြီ၊ ငါသွားမယ်"

ဒါပဲဆိုသည်။ ကားရှေ့ခန်းဆီသို့ ဦးတည်လိုက်သည်။

"အို ... ရှင် ဘယ်သွားမှာလဲ"

"ငါသွားစရာရှိတယ်၊ မင်းအကြောင်းကို မပြောချင်လဲနေ"

ထိုအခါမှာတော့ စိုးဒေဝါ စိတ်ကိုလျှော့လိုက်သည်။

"မင်း ထပ်သေဖို့ မကြိုးစားနဲ့တော့"

စိုးဒေဝါ ခြေတစ်လှမ်း အလှမ်းတွင် သူ့လက်ကို ကိုင်ဆွဲတာကို ခံစားလိုက်ရသည်။ မိန်းကလေး၏လက်က သူ့လက်ကို ဆုပ်မိ၏။

"ရှင် ကူညီတယ်ဆိုရင် ကျွန်မ လက်ခံရမှာပဲ၊ ကျွန်မအဖြစ်ကို ပြောပြပါ့မယ်"

"မင်းပြောချင်ရင် ဒီမှာမပြောနဲ့၊ နေပူတာကို ငါ မခံနိုင်ဘူး၊ မင်းအကြောင်းကို သိချင်ရင် တစ်နေရာမှာပြော၊ ငါ့ကို ယုံကြည်ရင် လိုက်ခဲ့"

စိုးဒေဝါက နောက်ဆုံးစကားကို ပြောအပြီး သူ့လက်ကို ဆောင့်ရုန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက လွှတ်လိုက်သည်။

သူ ကားပေါ်တက်သည်။ ကောင်မလေးက သူ့ကို တွေနေသည်။ ပြီးတော့မှ မျက်ရည်တွေကို လက်ဖမိုးနှင့်သုတ်ကာ စိုးဒေဝါရှိရာ ရှေ့ခန်းတွင် ဘေးချင်းယှဉ်ထိုင်လိုက်သည်။

ကားရှေ့ခန်း အပြင်ဘက်လမ်းမကို သူမငေးအကြည့် စိုးဒေဝါက ဂီယာထိုးပြီး ကလပ်(ချ်)ကိုလျှော့၍ လီဗာကိုနင်းလိုက်၏။

ဖောက်ခေါဘစ်ဘောကားက ငြိမ့်ခနဲ ထွက်လာ၏။

ပြီးတော့ တစ်ယောက်ကိုတစ်ယောက် စကားမပြောမိကြ။

နီးစပ်ရာဆိုင်တစ်ဆိုင်သို့ သွားမည်။

"သင်ကြိုက်ရာ"လက်ဖက်ရည်ဆိုင်သို့ သွားမည်။ အနီးဆုံးက သည်ဆိုင်တစ်ခုပဲ ရှိသည်မဟုတ်လား။

စိုးဒေဝါသည် သူမအလှတို့ကိုသာ သတိထားမိသည် မဟုတ်သေးပါ။ ဖျတ်လတ်သော မျက်လုံးတို့က သူမ၏ပြည့်ဖြိုးသော လက်မောင်းအိုးပေါ်မှ အရာတွေကို သတိပြုမိ၏။





သူမသည် ခရစ်နိုင်လွန်အကျီလက်ပြတ်ကို ဝတ်ထားရာ လွှတ်လပ်သော လက်မောင်းအိုးပေါ်၌ နီစပ်သောအရွီးရာတွေကို မြင်မိ၏။

မင်း ခံစားရတာတွေ မတင့်တယ်ပါလား။

သနားတယ်ကွာ။

○ ❀ ○



www.burmeseclassic.com

www.burmeseclassic.com



## ဘဝတ်သစ်းစဉ်(၂)

"ရှင်က ကျွန်မထက် အသက်ကြီးတယ်၊ အစ်ကိုလို့ခေါ်မယ်နော်"

"မင်းသဘောကျ ခေါ်နိုင်ပါတယ်၊ မင်းနာမည် ဘယ်လိုခေါ်သလဲ"

စားပွဲတွင် ထိုင်မိကြသည်။ ထိုင်ထိုင်ချင်း မိန်းကလေးက စတင်စကားပြောသည်။ သူမသည် ယခင်ကထက်အနည်းငယ် တည်ငြိမ်လာသည်ကို တွေ့ရသည်။ စိုးဒေဝါ၏ဆုံစမ်းချက်ကို သူမ မကွယ်ဝှက်ပါ။

"ကျွန်မနာမည် ရှင်နှောင်းနွယ်ပါ"

"နာမည်က ရှင်နှောင်းနွယ်၊ မင်း ရှင်ချင်ရက်နဲ့ ဘာလို့သေချင်ရတာလဲ၊ နာမည်က ရှင်ပါနေပြီး"





စကားက ရှုတ်နှောက်နှောက်ပုံရိပ် ပါပေမင့် ကောင်မလေးက သူ့စကားကြောင့် မပြုံးပါ။

"ကျွန်မသေရင် ဒီလောကမှာ စိတ်ညစ်စရာတွေ မရှိတော့ပါဘူး၊ ရှင်ရင် စိတ်ညစ်စရာတွေ တိုးလာမယ်၊ ဒုက္ခတွေနဲ့ ရင်ဆိုင်ရမယ်"

သူမအသံက တုန်ယင်သယောင်။

မျက်နှာလေးက ညှိုးသည်ထက် ညှိုးသွားသလားထင်ရသည်၊

"အေးလေ ... မင်းစိတ်ဒုက္ခတွေ သိသွားရအောင် ဒီကိုခေါ်လာတာပဲကွာ"

"ရှင်က ဘယ်သူလဲ"

"ကိုယ့်နာမည်ကိုတောင် ပြောဖို့မေးနေတယ်"

စားပွဲထိုးတစ်ယောက်ကချဉ်းကပ်လာသည်။ စိုးဒေဝါက နက်(စ်)ကော်ဖီနှစ်ခွက်နှင့် ဟမ်ဘာဂါမုန့်တွေကို မှာလိုက်၏။

ထို့နောက် သူက သူ၏ဗစ်စစ်တင်းကတ်ကလေးကို အိတ်ကပ်ထဲမှ ထုတ်ပေးသည်။ ကောင်မလေးက ယူကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီက ကိုး၊ ပိုင်ရှင်ပေါ့"

"ဟုတ်ပါ့"

"နာမည်က စိုးဒေဝါ"

"ဟုတ်ပါ့"

"စိုးဒေဝါဆိုတော့ စိုးမိုးတဲ့ နတ်ကြီးပေါ့"

"ဟုတ်ပါ့"

စိုးဒေဝါက ဟုတ်ပါ့ချည်းပြောနေသဖြင့် ရှင်နှောင်းနွယ်အမည်ရှိ မိန်းမပျိုကလေးကပြုံးသည်။

ပြီးတော့ ပိုလှသယောင်။

"ကျွန်မက သေချင်နေတဲ့လူ၊ မသေရဘဲ အစ်ကိုနဲ့လာတွေ့နေရတယ်"

"ဒါ ကံထူးတာပေါ့"

"ဘာကံထူးတာလဲ"

"ဩော် ... မင်းရဲ့ဒုက္ခတွေကို နားထောင်ပြီး ကူညီဖြေရှင်းသင့် ကူညီဖြေရှင်းနိုင်တာပေါ့ကွာ"

"ကျွန်မဒုက္ခကို အစ်ကို မဖြေရှင်းနိုင်ပါဘူး"





"ဆိုပါဦး"

"ကျွန်မက နိုင်ငံရေးသမားတစ်ယောက်ရဲ့သမီးပဲ၊ သခင်မြတ်မင်း ဆိုတာ ကြားဖူးသလား"

"သခင်မြတ်မင်း"

"လက်ဝဲတော်သခင်မြတ်မင်း"

"ဘာ ... လက်ဝဲတော်သခင်မြတ်မင်း၊ အင်း ... ကြားဖူးတယ်၊ ဒါပေမဲ့ သူ အခု ထောင်ထဲမှာပဲ"

"သခင်မြတ်မင်းဆိုတာ ကျွန်မရဲ့အဖေပဲ၊ သူ ထောင်ကျနေတာ နှစ်နှစ်ရှိပြီ၊ သူက ကျွန်မရဲ့အဖေ"

"ဩော် ... နှောင်းနွယ်က ဦးမြတ်မင်းရဲ့သမီးကိုး"

"ဟုတ်တာပေါ့၊ ကျွန်မ ဆယ်တန်းအထိ ပညာသင်ဖူးတယ်၊ ဆယ်တန်းအောင်တော့ ဖေဖေက ဒီကျွန်ပညာရေးစနစ်မကင်းတဲ့ တက္ကသိုလ်ပညာရေးကို ဆက်မသင်နဲ့ဆိုပြီး ကျွန်မကို ကျောင်းမထားတော့ဘူး၊ တက္ကသိုလ်ပညာရေးဟာ အရင်းရှင်ကြီးတွေ ကြီးစိုးနေတဲ့ နယ်ချဲ့အငွေ့အသက်ပါတဲ့ ပညာရေးဆိုပြီး ကျွန်မရဲ့ပညာရေးကို တစ်ပိုင်းတစဖြတ်လိုက်တယ်၊ ကျွန်မလည်း ပညာဆက်မသင်ရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ကြီးပြင်းလာတယ်၊ ဖေဖေလည်းထောင်ကျသွားတယ်။ သူကဖဆပလဝန်ကြီးချုပ် မကောင်းကြောင်းနဲ့ ဖဆပလဟာ အရင်းရှင်လက်ကိုင်တုတ် သာဖြစ်တဲ့အကြောင်း ဟောပြောလို့ လက်ဝဲတိမ်းနိုင်ငံရေး သမားအဖြစ် ပြည်ထဲရေးဝန်ကြီးရဲ့အရေးယူခြင်းကို ခံရ တယ်၊ ကျွန်မမှာ ကိုစိုးနိုင်ဆိုတဲ့ ကျွန်မရည်မှန်းထားသူ တစ်ယောက်ရှိတယ်"

မှာထားသော ကော်ဖီနှင့် မုန့်တွေ ရောက်လာသည်။ စိုးဒေဝါက သူ့အိုမီဂါနာရီကို ကြည့်လိုက်သည်။ လေးနာရီထိုး ပြီးနေပြီပဲ။

ဦးသော်တာမင်းတို့နှင့် ချိန်းထားတာ သတိရသည်။

"ခဏနေဦး"

သူက ပြောပြီးထသည်။

စားပွဲတွင် ရှင်နေဒင်းကို ထားခဲ့ပြီး ကောင်တာရှိ ရာသို့သွား၍ ကောင်တာစာရေးအား တယ်လီဖုန်းပြောခွင့်တောင်း သည်။ ရလျှင် သူက တစ်ဖက်ရှိဟိုက်ဇွန်ဟိုတယ်သို့ ဖုန်းဆက်၏။ ဟိုက်ဇွန်ဟိုတယ်ဖုန်းနံပါတ်ကို သိပြီးဖြစ်၏။





ဟိုတယ်ရှိ လူတစ်ယောက်အား ဦးသော်တာမင်းနှင့် ဖုန်းစကားပြောလိုကြောင်းပြော၏။ ဦးသော်မင်းကို ဟိုတယ်ရှိ လူတစ်ယောက်ယောက်က ရှာပေးပေလိမ့်မည်။

နှစ်မိနစ်လောက်ပဲကြာသည်။

ဦးသော်တာမင်း အသံက တစ်ဖက်မှ ပေါ်လာသည်။

"ကျုပ် သော်တာမင်းပဲ၊ အခုဖုန်းဆက်တာ ဘယ်သူလဲ"

"စိုးဒေဝါ"

"ကိုစိုးဒေဝါ ... ခင်ဗျား လာမယ် မဟုတ်လား"

"လာမှာပေါ့ဗျာ၊ ဒီမှာ အရေးတကြီးကိစ္စလေး ရှိနေလို့ နည်းနည်းနောက်ကျမယ့်အကြောင်း ပြောချင်တာပါပဲ၊ ဦးသိန်းလွင်ဦးရော ရောက်ပြီလား"

"မရောက်သေးဘူး ကိုစိုးဒေဝါ"

"ဒီလိုဆို အတော်ပဲပေါ့၊ ကျွန်တော်ရော သူ့ကိုရော စောင့်နေဦးပေါ့"

"သူက အခုချက်ချင်းလာမှာပါ၊ ခင်ဗျားလာဖို့သာအရေး ကြီးတယ်"

"ဘာလဲဗျာ၊ မစားရမှာစိုးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစကားပြော တော်တော်ကာလတ်ဖွဲ့နိုင်တဲ့လူပဲ ကိုစိုးဒေဝါ၊ မစားရမှာ မဟုတ်ဘူးဗျို့၊ အလုပ်ဖြစ်မှာဆိုးလို့၊ အေး ... ခင်ဗျား သိပ်နောက်ကျရင်တော့ ကျုပ်တို့မစောင့်နိုင်ဘူး၊ ဒါပဲ"

ဦးသော်တာမင်းက အတော်စိတ်တိုတာတ်ရန် တော၊

ပြောပြောဆိုဆို တယ်လီဖုန်းကို တစ်ဖက်မှချသွားသံ ကြားရ၏။ စိုးဒေဝါက ပခုံးတွန့်သည်။ ဖုန်းကိုပြန်ချလိုက်၏။

ထိုခေတ်တွင် ဖုန်းပြောခ မပေးရပေ။ ဒါတွေက အပေါ်ရုံကြေသော ဖြစ်သဖြင့် မေတ္တာနှင့်ပဲ လုပ်ကိုင်ကြသည်။

ကောင်မလေးနှင့် ပြန်တွေ့သည်။ ကောင်မလေးက သူ့ကိုစောင့်နေ၏။

"ဆောရီးကွာ ... ကိစ္စတစ်ခု အပ္ပိုင်မင့်လုပ်ထားတာ၊ ပြောနေတာနဲ့ကြာသွားတယ်၊ မင်းစကားဆက်ပါ ရှင်နောင်းနွယ်"

နောင်းနွယ် ဆေးနေသည်။ သူမစကားကို စိုးဒေဝါ စောင့်စားရင်း ကော်ဖီခွက်ကိုယူ၍ တစ်ချက်သောက်လိုက်သည်။

အတန်ကြာသည့်တိုင်အောင် နောင်းနွယ် စကားဆက်မပြောမိ။





"ဘဝဆိုတာ ဒီလိုပဲ အကွေ့အကောက် အဖြောင့်အတန်းတွေရှိတယ် နောင်းနွယ်၊ လူတစ်ယောက်ဘဝလမ်းခရီးကို လျှောက်ရာမှာ အစဉ်အမြဲ သာယာဖြောင့်ဖြူးလိမ့်မယ်လို့ မထင်နဲ့၊ အရေးကြီးတာက အကွေ့အကောက်နဲ့တွေ့ရင် အားမာန်မလျှော့ဖို့ပဲ၊ မင်း အခုကြုံနေတာတွေကို စိတ်အား မငယ်ဘဲ အားမာန်သတ္တိရှိစမ်းပါ ကလေးမရယ်"

"ကျွန်မစကား ဘယ်ရောက်သွားပြီလဲ"

"မင်းမှာ ကိုစိုးနိုင်ဆိုတဲ့ ရည်မှန်းထားသူတစ်ယောက် ရှိတာပဲ"

"ကိုစိုးနိုင်ဟာ ကျွန်မကို တော်တော်ချစ်ရှာတယ်၊ ကျွန်မချစ်တာထက် သူ့အချစ်က ပိုမလားဘဲ၊ ဒီတုန်းက ဖေဖေရှိသေးတယ်၊ ဖေဖေ ထောင်ကျတော့ ထောင်ကလွတ်အောင် အတော်ကူညီရှာတယ်၊ ဒါပေမဲ့ မရပါဘူး၊ နိုင်ငံရေးသမားတစ်ယောက် ထောင်ကျတာဟာ အတိုင်းအတာမရှိဘူး၊ တစ်ခုပဲ ထူးတယ်၊ အထူးအခွင့်အရေးအဖြစ် ဘီကလပ်(စ်)နဲ့ပဲ နေရတယ်၊ ပင်ပင်ပန်းပန်း အလုပ်မရှိဘူး၊ ကျွန်မကိုစိုးနိုင်ကို ချစ်ပေမယ့် လတ်တလောလက်မထပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမိခင်ကကော"

"မေမေက ကျွန်မဆယ်နှစ်အထိနေတယ်၊ ကျွန်မ ငါးတန်းရောက်တော့ ဆုံးသွားတယ်။ ကျွန်မ ဖအေအုပ်ထိန်းမှုနဲ့ ကြီးပြင်းလာတာပါ၊ အဖေဆောင်ကျတော့ ကျွန်မ ဘာလုပ်လို့ လုပ်ကိုင်ရမှန်းမသိဘူး၊ ကိုစိုးနိုင်က ကျွန်မကို ကော်ဖီထုတ်လုပ်ရေးစက်ရုံတစ်ခုမှာ သွင်းပေးတယ်၊ အဲဒီတုန်းက ဘိတိဘရားသား မပေါ်သေးဘူးထင်တယ်၊ အခု ကျွန်မ အလုပ်ဝင်တဲ့ ဇော့(စ်)တီကော်ဖီပဲ ရှိသေးတယ်"

"ဘိတိဘရားသားက ပေါ်နေပြီ၊ ဇေ(စ်)တီနဲ့ပြိုင်တာဖြစ်တယ်"

"ထားပါတော့၊ ကျွန်မက ကိုစိုးနိုင်ရဲ့ဆက်သွယ်ပေးချက်အရ ဇော့(စ်)တီကော်ဖီစက်ရုံက ကုမ္ပဏီမှာ ပစ္စည်းဖြန့်ဖြူးတဲ့အပိုင်းက လခစားဝင်လုပ်တယ်၊ အဲဒီပိုင်ရှင်က ကိုအောင်သန်းဦးပဲ၊ ခင်မင်တဲ့လူတွေက ဇော(စ်)တီသန်းဦးလို့ခေါ်ကြတယ်၊ တိုတိုနဲ့ ရှင်းရှင်းပြောရရင် ကိုအောင်သန်းဦးက ကျွန်မနဲ့ တွေ့ဆုံရင်းနှီးပြီး ကျွန်မကို သူက အိမ်ကိုအသွားအပြန် ပို့ပေးတယ်၊ ကိုစိုးနိုင်ရဲ့ရည်းစားဟာ ကျွန်မဆိုတာ





ကို သူလည်း သိတာပဲ၊ ဒါပေမဲ့ သူက သစ္စာမစောင့်ဘူး၊ တစ်ညနေမှာ ကျွန်မကို အိမ်ပြန်ပို့ပေးသလိုနဲ့ တစ်နေရာခေါ်သွားပြီး ကျွန်မကို သူချစ်နေတဲ့အကြောင်း ဖွင့်ထုတ်ပြောတယ်၊ ကျွန်မက သူ့အချစ်ကို ငြင်းပယ်တယ်၊ ကိုစိုးနိုင်ဟာ ကျွန်မချစ်သူအကြောင်း ပြောပြတယ်၊ ဒါပေမဲ့ သူ လက်မခံဘူး၊ ကျွန်မကို"

ဤနေရာတွင် နှောင်းနွယ် စကားရပ်လိုက်လေသည်။

မျက်ဝန်းကလေးများတွင် မျက်ရည်တွေ ရစ်ဝဲနေပါသည်။

စိုးဒေဝါ နားလည်သည်။

"သူ ကျွန်မအချစ်ကိုမရပေမယ့် ကျွန်မရဲ့ခန္ဓာကိုယ်ကို ရသွားတယ်၊ ကျွန်မအဖို့ ဘာမှမတတ်နိုင်ဘူး၊ သူ့အလိုလိုက်ပြီး သူ့ကိုယူလိုက်ရတယ်၊ ကျွန်မနဲ့ရစက ကျွန်မကိုတော်တော်ချစ်တယ်၊ ကိုစိုးနိုင်ကို ကျွန်မ မမေ့ပေမယ့် ကိုအောင်သန်းဦးရဲ့ရင်ခွင်သစ်မှာပဲ ကျွန်မ မှေးစက်ခဲ့ရတယ်၊ ကံတရားအတိုင်းသာလို့ပဲ အောက်မေ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကိုယ်ပြောချင်တာ ကိုယ်လုပ်လို့ မအောင်မြင်ရင် ကံတရားအတိုင်းသာမှတ်၊ ဒါဆို စိတ်ကိုဖြေသာတာပေါ့ နှောင်းနွယ်ရယ်"

"ခက်တယ် အစ်ကို၊ ကျွန်မ ကိုစိုးနိုင်လို့ မပေါင်းရပေမင့် ဖြေသာပေမယ့် ကံတရားကတစ်မျိုးလှည့်ပြန်ရော။ ဖေဖေ ထောင်ထဲမှာ နှလုံးရောဂါရတယ်၊ ထောင်ဆေးရုံကလက်မခံလို့ အိမ်ကို ထောင်ကပြန်ပို့တယ်၊ အိမ်လည်းရောက်ရော ရောဂါကျွမ်းနေတဲ့ ဖေဖေဟာ လေး၊ ငါးရက်ပဲခံပြီး ဆုံးတော့တာပဲ၊ အဲဒီမှာ ကိုအောင်သန်းဦးရဲ့စိတ်ကို ကျွန်မသိလာရတာပဲ၊ ဖေဖေ့ကို ရောဂါကြီးနဲ့ သူ လက်မခံချင်ဘူး၊ ဖေဖေဟာ လက်ဝဲတီမ်း လက်ဝဲတော်သခင်မြတ်မင်း အဖြစ်နဲ့ လက်မခံချင်ဘူး၊ အလုပ်ပိုတစ်ခုပဲလို့ သူကပြောတယ်၊ ဖေဖေဆုံးတော့ အသုဘကိုနေ့ချင်းညချင်းချတယ်၊ ဖေဖေ့ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တွေ့ခွင့်မရဘူး၊ နာရေး တောင်မထည့်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့နာမည် တစ်စိုးတစ်စိပါလာမှာစိုးလို့ပဲ၊ ကျွန်မရင်ထဲ ဘယ်လိုနေမလဲ၊ အစ်ကိုစဉ်းစားကြည့်ပါ၊ ရင်ထဲမှာ နာကြည်းချက်တော့ ရှိသွားတာပေါ့"





"ဒါမှန်တာပေါ့"

"ကိုယ်မချစ်ဘဲနဲ့ ကိုယ့်ကို အနိုင်ကျင့်ယူထားခဲ့တဲ့သူဟာ တစ်ရက်မှာ ပေါ်လာတော့တယ်၊ သူ့မှာ သားကြီးမယားကြီးရှိမှန်း မသိဘူး၊ သူ့မိန်းမက တောင်ငူသူ၊ တောင်ငူက လိုက်လာတယ်၊ ဒါတင်ဘယ်ဟုတ်ဦးမလဲ၊ သူ့မိတ်ဆွေ ဦးဘခန့်ဆိုတာပါ ပါလာတယ်၊ ဦးဘခန့်က မန္တလေးက လေ၊ တကယ် တေ့(စ်)တီ(TASETY)ကော်ဖီစက်ရုံပိုင်ရှင်ပဲ၊ ဦးဘခန့်က နိုင်ငံခြားသွားနေလို့ သူ့ကိုစိတ်ချယုံကြည်စွာနဲ့ တေ့(စ်)တီ(TASETY)ကို လွှဲအပ်ချုပ်ခိုင်းခဲ့တာပဲ၊ သုံးလကြာတော့ ပြန်လာတာပဲ၊ အဲဒီမှာ သူ့အလိမ်တွေပေါ်တာပဲ၊ မယားကြီးရှိတာရယ်၊ စက်ရုံပိုင်ရှင်ကုမ္ပဏီပိုင်ရှင်ရယ်က အလိမ်ပေါ်တော့တာပဲ အစ်ကို"

"တကယ့်လိမ်ပဲ၊ ဒီတော့ နွေနှောင်း ဘာလုပ်သလဲ"

"နွေနှောင်း ဘာလုပ်တတ်မလဲ၊ ငိုရုံကလွဲပြီး ဘာမှမလုပ်၊ ဘာမှမပြောနိုင်ဘူးပေါ့၊ ကိုအောင်သန်းဦးနဲ့ သူ့မယားကြီး ကွာရှင်းပြတ်စဲခဲ့ကြတယ်၊ ဦးဘခန့် ပြန်လာတော့ သူ့ပိုင်ရှင်ဆိုတဲ့အမည်ပြုတ်ပြီး မန်နေဂျာရာထူးပဲ ပြန်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခု သူ့အကျင့်က သူဟာ အရက်ကို နှစ်နှစ်ကာကာ သောက်တတ်တယ်၊ ကျွန်မပြောတော့လည်း မရဘူး၊ ကျွန်မထက် အရက်ကို ပိုပြီးလစ်းခဲ့တော့တာပဲ အစ်ကိုရယ်၊ ပြောရမယ်ဆိုရင် အလုပ်ကို မကြိုးစားတာတစ်ကြောင်း၊ အလုပ်ကို ပေါ့ဆမှားယွင်းပြီး စက်ရုံအလုပ်သမားတွေအပေါ် နိုင်လိုမင်းထက် လုပ်တာကတစ်ကြောင်း၊ အလုပ်သမားသမဂ္ဂကနေ သူ့ကိုအရေးဆိုလာတယ်၊ နောက်ဆုံးဦးဘခန့်က သူ့ကို အလုပ်ထုတ်ပစ်ခဲ့တယ်"

သည့်စကားတွင် သူမအသံလေး တိမ်ဝင်သွားလေသည်။

မျက်ရည်ကတော့ မကျတော့ပါ။ မျက်နှာလေးက မရွှင်ဘဲ အိုကျနေသည်။

"ဒီတော့ နောင်းနွယ် စိတ်ညစ်တယ်ပေါ့"

"ဒါလောက်ကလေးတော့ နောင်းနွယ်က ပါးပါးလေးပဲ သဘောထားခဲ့တယ်၊ မရှိလည်း လင်မယား ရှာဖွေစားမယ်ပေါ့"

"ကိုအောင်သန်းဦး အလုပ်မလုပ်တော့ဘူးလား"





"မလုပ်တော့ဘူး အစ်ကို၊ မူးယစ်သောက်စားနေတာနဲ့ အချိန်ကုန်တယ်၊ အိမ်ကပစ္စည်းတွေလည်း သူ့အရက်ဖိုး မရှိတာနဲ့ ရောင်းစားလို့ကုန်ပြီ၊ နောက် ဆိုးတာက ကျွန်မကို ရိုက်နှက်လာတယ်၊ ပြီးတော့ ... ပြီးတော့"

အဲသည်နေရာတင် စကားက ရှေ့မဆက်နိုင်ဘဲ သူမ မျက်ရည်ကျလာသည်။ မိုးဒေဝါ စိတ်ဝင်စားလာသည်။

"ပြီးတော့ ဘာဖြစ်သလဲ"

"ကျွန်မကို ... ကျွန်မကို ဟိုဟာလုပ်ခိုင်းတယ်၊ ဟိုဟာလုပ်မှ ပိုက်ဆံရမှာကိုး၊ ပိုက်ဆံရရင် သူ့အရက်ဖိုးပဲ"

ဟိုဟာဆိုကတည်းက ခေတ်မီသော ယောက်ျားပီပီ မိုးဒေဝါ နားလည်ပါသည်။

"ကွာ ... ဒီလူရက်စက်တဲ့လူပဲ၊ မင်း မငြင်းဘူးလား"

"ငြင်းရုံ ဘယ်ကမလဲ၊ သူ့ကို ချေးပြော ပြောလို့ ကျွန်မကို ရိုက်နှက်တော့တယ်၊ အခု ဒါတွေဟာ သူ ရိုက်နှက်ခဲ့တဲ့ ဒဏ်ရာတွေပဲ၊ ကျွန်မ ဆုပ်စူးစားရူးဖြစ်လို့ မထူးတော့ပါဘူးဆိုပြီး သေကြောင်းကြံမိတာပါ"

"မင်း ဒီလူကို မကွာနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်မကို ကွာပေးရရင် သူ့ကိုလည်းသတ်သေမယ်
ကျွန်မကိုလည်း သတ်မယ်လို့ပြောတယ်"

"အတော်ဆိုးတဲ့လူပါလား"

ပြောပြီး ကော်ဖီကို လက်စသတ်သောက်လိုက်သည်။
ကော်ဖီမှာ အဆော်အရသာရှိသည်။

"သောက်လိုက် ... မင်းအတွက် ကိုယ်စဉ်းစားပေးမယ်"

သူမ ကော်ဖီကို တစ်ကြိုက်နှစ်ကြိုက်ပဲသောက်သည်။
ပြန်ချထားသည်။

"သောက်လေ"

"ကော်ဖီဆို ကျွန်မ မုန်းတယ်"

"ဘာကြောင့်"

"ဒါ တေ(စ်)တီ(TASETY)ကော်ဖီမို့ပဲ"

စိုးဒေဝါက တေ့(စ်)တီကော်ဖီဆိုတာ မှတ်လိုက်သည်။ ကော်ဖီရနံ့က မွှေးပြီးပါးစပ်ထဲ နက်(စ်)ကော်ဖီ၊ ဘရာဇီး ကော်ဖီတို့လို ခါးစိမ့်စိမ့်နှင့် စွဲသွားခဲ့သည်။

"ကိုယ့်လိပ်စာကို မင်း သိထားပြီနော်၊ ကိုယ့်နာမည်လည်း
မင်း သိထားပြီးပြီ"





စိုးဒေဝါ ပေးသော လိပ်စာကတ်ကလေးကို သူမ
ဖက်သိပြီးခဲ့ပါပြီ။

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုက စိုးဒေဝါပဲ၊ စိုးကျောက်မျက်
ရတနာရောင်းဝယ်ရေးကုမ္ပဏီပိုင်ရှင်တစ်ဦးပါ"

"မင်း ကိုယ့်ကို ယုံကြည်ရှာ ဆက်ဆံနိုင်တယ်၊ ကိုယ်က
အောင်သန်းဦး မဟုတ်ဘူး"

"ဟုတ်ကဲ့"

"မင်းနေတာက"

သူမက ခေတ္တ တွေစဉ်းစားပြီးမှ သူမ နေရပ်ကိုဖြေ
သည်။

"ဩော် ... မင်းက မြေနီကုန်း ရှမ်းလမ်းထဲမှာ နေတာကိုး၊
မင်းပြောတာ ကိုယ်မှတ်မိပြီ နှောင်းနွယ်၊ ကဲ ... ဒီလိုဆို
သွားကြစို့၊ မနက်ဖြန် အဲဒီပေးထားကဲ့ လိပ်စာအတိုင်း
ကိုယ့်ဆီလာခဲ့၊ ကိုယ်တစ်ခုခုကူညီမယ်"

သူမ ပထမတော့ တွေစဉ်းစားနေသည်။ နောက်မှ
ခေါင်းကိုညိတ်သည်။

"သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ဟမ်ဘာဂါနှစ်ခုကို လက်ဖက်ရည်ဆိုင် အလုပ်သမား လေးအားခေါ်ပြီး ပက်ကင်ထုပ်ခိုင်းသည်။ စိုအတွက် သူ မနေပါ။

"ဒါ ဘယ်သူ့အတွက်လဲ"

"ကိုယ့်ချစ်ချစ်အတွက်"

"ဟင် ... အစ်ကို့မှာ ချစ်သူရှိတယ်"

ကောင်မလေး ပြောပုံက တုန်လှုပ်သွားဟန်လိုပင် ဖြစ်နေသည်။ စိုးဒေဝါက တည်တည်ကြီး ခေါင်းကိုညိတ်သည်။

"ဒီအရွယ်ရောက်မှ အိမ်ထောင်မပေါက်ရင် လူမဟုတ်တော့ဘူး"

"အစ်ကိုက ရှောက်ပေါ့"

"လူ့ငရှောက်"

စိုးဒေဝါ၏ ရွတ်နောက်နောက်လေသံကြောင့် သူမ ကလေးက ပြုံးသည်။ ဒါ ပထမဆုံးပြုံးခြင်းပဲ။

စိုးဒေဝါ၏ တည်တည်နှင့် နောက်ပြောင်မှုကို သဘောကျသွားသည်။

အစ်ကိုက ချစ်စရာပေပဲ။

ပြီးတော့ တည်ပေမယ့် သဘောကောင်းတဲ့ပုံ။

"လိုက်ပို့ပေးမယ်"





"နေပါစေရှင်"

"မဟုတ်ဘူး၊ မင်းကို စိတ်မချဘူး"

သူမက သွားကလေးများပေါ်အောင် ပြုံးသည်။

"ကျွန်မ နေကောင်းပါပြီ၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

"မနက်ဖြန် ဆယ်နာရီခွဲလာခဲ့ပါ၊ တတ်နိုင်သလောက် အကူအညီပေးမယ်၊ ကိုအောင်သန်းဦးနဲ့လည်း ကိုယ်တွေ့ မယ်"

"သူ့ကိုတရားချမလို့လား၊ မလုပ်ပါနဲ့ တရားရှင်သာ အကျွတ်တရားရသွားမယ်၊ သူကတော့ ပုလင်းထဲကထွက် မှာမဟုတ်ဘူး"

ကော်ဖီဆိုင်ထဲမှ ထွက်လာသည်။ စိုးဒေဝါက ကား တံခါးကိုဖွင့်ကာ ...

"ကားပေါ်တက်"

မိန်းကလေးသည် စိုးဒေဝါကို တစ်ချက်ကြည့်သည်။ ရိုးသားတည်ကြည်၍ ခန့်ချောချောသော လူကြီးအား ယုံကြည် စိတ်ချဟန်နှင့် ကားရှေ့ခန်းသို့ တက်ထိုင်၏။

"ဘယ်လိုလိုက်ပို့ရမလဲ"

"မြေနီကုန်း ရှမ်းလမ်းထိပ်"



www.burmeseclassic.com

www.burmeseclassic.com



ဆက်မမေးတော့ဘဲ ကားကို မောင်းခဲ့သည်။ တစ်ယောက်ကိုတစ်ယောက် လေသံမျှမဟ။

ဦးသော်တာမင်းတို့အကြောင်း စိုးဒေဝါ တွေးနေသည်။

သူတို့ မိမိကို စောင့်ကြမှာပဲ။

ကားမောင်းရင်း လက်ပတ်နာရီကိုကြည့်တော့ ငါးနာရီထိုးကာနီးပြီ။

မြေနီကုန်းသို့ ရောက်လာသည်။ ၁၉၅၆-ခုနှစ်တွင် မြေနီကုန်းသည် သိပ်မစည်သေးပါ။ ရှမ်းလမ်းထိပ်တွင် ကားကို ရပ်ပေးသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ကျွန်မကို စိတ်ချပါ၊ နောက် မဖြစ်စေရပါဘူး"

စိုးဒေဝါ မပြောပေ။ ကောင်မလေးဆင်း၍ လမ်းထဲ ဝင်သွားသည်ကို တွေ့ရမှ ခေါင်းညိတ်ပြီး နောက်သို့ကြည့်သည်။ ကားကို ဂငယ်ပုံ လမ်းမကြီးပေါ် ပြန်ကွေ့၏။ လမ်းကြမ်းသည်။ ကားတစ်ချက် ခုန်သွားသည်။

○ ဆုံး ○





## တတ်လမ်းစဉ်(၃)

ကားအရှိန်ကို ခပ်ပြင်းပြင်းလေး မောင်းလာသည်။

ချိန်းထားသည့်နေရာ ရှိသည်မဟုတ်လား။

ဟိုက်ခွမ်သို့ရောက်သည်။ သူ တွေ့ချင်သည့်နေရာတွင် ချိန်းဆိုထားသော လူနှစ်ယောက်ကို မတွေ့ရတော့ပါ။

ရင်ထဲတွင် ဟာသွား၏။

လက်ပတ်နာရီကြည့်သည်။ ငါးနာရီကျော်စပြုနေသည်။

သွားပြီ။

မိမိအတွက် ရာထားသော ကျောက်တွေ မရတော့ဘဲ တစ်ဖက်လူ ဦးသော်တာမင်း သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းလွင်ဦးသည် ဤပစ္စည်းများကိုကို ဦးသော်တာမင်းလက်သို့ ရောင်းချမည်မှာ သေချာသည်။

ကီစွတစ်ခု ခင်နှောင့်လိုက်တာကြောင့် မဆုံရခြင်းကို မချင့်မရဲ ဖြစ်မိသည်။

အေးလေ ... လူတစ်ယောက်အသက်ကို ကယ်ခဲ့တာပါ။ သည်အတွက် မိမိစီးပွားရေးအကြီးအကျယ် ထိခိုက်တာမှ မဟုတ်တာ။

သူက ကောင်တာတွင် တာဝန်နှင့်ထိုင်နေသူအား ဦးသော်တာမင်းကို စုံစမ်းတော့ ...

ကျွန်တော့် သိသလောက်တော့ သူတစ်ယောက်တည်း ပြန်သွားတာပဲ၊ သူ့မိတ်ဆွေတွေကို စောင့်နေတာလောလို့ဆိုပြီး ပြန်သွားတာပဲ၊ တိုက်ဂါးအအေးတစ်ပုလင်းသာ သောက်သွားကြောင်း ပြောသည်။

ဦးသော်တာမင်း၏ ကတ်စေးကုတ်အကြောင်းကို စိုးဒေဝါ သိသည်။ သူက ဦးသော်တာမင်း၏အိမ်ဖုန်းကို ခေါ်သည်။

ဦးသော်တာမင်း၏အိမ်ရှိ လူတစ်ယောက်က ဦးသော်တာမင်း အိမ်တွင်မရှိကြောင်း ပြောသည်။



စိုးဒေဝါ ဖုန်းကိုပြန်ချလိုက်သည်။

သူတို့ခေတ်တွင် လက်ကိုင်ဖုန်း မပေါ်သေးပါ။

အိမ်ဖုန်းကိုတောင် ရှားရှားပါးပါး ဆက်ရသောခေတ်။

စိုးဒေဝါ ပြန်လာသည်။ ကုမ္ပဏီသို့သွားလျှင် ကုမ္ပဏီမှာပိတ်နေပြီးဖြစ်မည်။ စိုက ကုမ္ပဏီအတွက် စိတ်ချရသည်။

ကုမ္ပဏီမန်နေဂျာမှာ ယခုဆိုလျှင် ဘားတစ်ဘားသို့ ရောက်နေခြိမ့်မည်။

စိုးဒေဝါ အိမ်သို့ကားဦးခေါင်းကိုလှည့်သည်။

အိမ်တွင် ဂိုက်လေဘယ်နှစ်ပတ်လောက် သောက်၍ ဦးရန့်ပြေ ပြင်ပေးသမျှကို စားသောက်ပြီး မြန်မာ့အသံရေဒီယိုကို နားထောင်သည်။

ထိုစဉ်က မြန်မာ့အသံ ရေဒီယိုအသံလွှင့်ချက်တွေ အစီအစဉ်ကောင်းသည်။

ရှစ်နာရီလေးဆယ့်ငါးတွင် မြန်မာပိုင်းအစီအစဉ်ပြီးဆုံး၍ အင်္ဂလိပ်ပိုင်းအစီအစဉ်ကိုစသည်။ ဘင်းကရောစတိတ်၏ သီချင်းတစ်ပုဒ်ကို နားထောင်၍ ရေဒီယိုကို ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ချစ်ကလေး ဖိုထံ ဖုန်းဆက်သည်။

"ဖို အိပ်ပြီလား"

"အခုစကားပြောတာ ဘယ်သူလဲ"

"စိုးဒေဝါပါ … အန်တီထင်တယ်"

"သြော် … မောင်စိုးလား၊ ဖို ဘုရားခန်းထဲမှာ ပုတီးစိပ်နေတယ်"

"ကျွန်တော် အချိန်လွဲသွားပြီ၊ ဒီအချိန် ပုတီးစိပ်နေမှန်း မသိဘူး"

"သွားခေါ်ပေးရမလား"

"နေပါစေ အန်တီ၊ ကိစ္စအထူးတော့ မရှိပါဘူး"

"အိုကေ … ကောင်းပြီ"

"ဂွဒ်နိုက် သား"

ဖုန်းကို ပြန်ချသည်။ နောက် ဦးသော်တာမင်းဆီ ဖုန်းဆက်သည်။

"ဟဲလို"

"ဟဲလို … ဘယ်သူပါလဲ"

တစ်ဖက်မှ ဦးသော်တာမင်း အသံကြားရသည်။





"ကျုပ်ပါ ဦးသော်တာမင်း၊ စိုးဒေဝါရယ်"

"ဟာ … ကိုစိုးဒေဝါ၊ ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ချိန်းတော့လည်း ခင်ဗျားပဲ၊ ချိန်းပြီးကတိကိုဖျက်တယ်"

"ကျွန်တော် ကတိပျက်တာ မဟုတ်ဘူး၊ အချိန်လွဲသွားတာ၊ ကိစ္စကလေးတစ်ခု အရေးကြီးနေတာဗျာ၊ အဲဒါလိုက်လုပ်နေတာနဲ့ ခင်ဗျားတို့နဲ့ လွဲသွားတာ၊ ငါးနာရီထိုးမှာ ကျွန်တော် ရောက်တယ်၊ ခင်ဗျားရော ဦးသိန်းလွင်ဦးရော မရှိကြတော့ဘူး"

"ခင်ဗျားကိစ္စက ဘာမို့လဲ"

"လူမှုရေးကိစ္စတစ်ခုအတွက် လိုက်ကူညီနေလို့ပါ၊ အေးဗျာ… ကံကြမ္မာက ခင်ဗျားဘက် မျက်နှာသာသွားပြီ၊ ဦးသိန်းလွင်ဦးဆီကကျောက်တွေ ခင်ဗျားရသွားတာ ဒီညတော့ ခင်ဗျားအိပ်ပျော်တော့မှာ မဟုတ်ဘူးဗျနော်"

"တော်စမ်းပါဗျာ"

ဦးသော်တာမင်း လေသံက စိတ်တိုသံ။

တစ်ဆက်တည်း ပြောလိုက်ပုံက …

"ဦးသိန်းလွင်ဦးလည်း မလာဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မဗျာနဲ့၊ ခင်ဗျားတို့နှစ်ယောက် ကျွန်တော့်ကို ပတ်တီး ရိုက်ကြတယ် ထင်တာပဲ"

"ဟာ ... မဆီမဆိုင် မနီမဝိုင်တာ မပြောနဲ့၊ ကျွန်တော်နဲ့ ဦးသိန်းလွင်ဦး တွေ့ကိုမတွေ့သေးဘူး၊ ဘာလို့ ကျွန်တော် တို့က ပတ်တီးရိုက်ရမှာလဲ၊ ခင်ဗျား အထင်မှားနေပြီဗျ၊ ကျွန်တော် လာတယ်၊ အချိန်လွဲသွားတယ်၊ ဒါပဲရှိတာပဲ၊ ဦးသိန်းလွင်ဦး မလာတာတော့ ကျွန်တော် မသိဘူး"

"ခင်ဗျား တကယ်ပြောနေတာလား"

"ရွှေတိဂုံဘုရားကြီး စူးရပါစေရဲ့ဗျာ၊ ဦးနုတည်တဲ့ကမ္ဘာအေး ဘုရားကြီး စူးရပါစေရဲ့ဗျာ"

"ဒီလိုဆို ဦးသိန်းလွင်ဦးက ဘာဖြစ်လို့မလာတာလဲ"

"ကျွန်တော် ဘယ်သိမလဲ ဦးသော်တာမင်း"

"သူ့ဆီ ကျွန်တော်ဖုန်းဆက်တယ်၊ သူတည်းခိုတဲ့ ရောဝဏ် ဟိုတယ်က သူ နေ့ခင်းကတည်းက ထွက်သွားတာ ခုထိ ပြန်မလာသေးဘူးတဲ့၊ သူ့အခန်း သော့ပိတ်ထားတယ်"





မိုးကုတ်က ကျောက်သူဌေး ဦးသိန်းလွင်ဦး ရောဝဏ် ဟိုတယ်မှာ တည်းခိုတာကို စိုးဒေဝါ သိပြီးသားပဲ။

"ကျွန်တော် ဆက်ကြည့်ပါဦးမယ်၊ ဒီလူကြီး ဘာအလုပ်များ များနေမှန်းမသိဘူး"

"သူက နှာဘူးတော်တော်သုံးတဲ့လူပဲ၊ အဲဒီနောက်များပါသွား သလား မသိဘူး"

"ခင်ဗျားကလည်း ပြောတော့မယ်"

"မဟုတ်ဘူးလေ၊ ခင်ဗျားပြောလို့ ပြောရတာ"

"ကဲ ... တော်ပြီဗျာ"

"အိုကေ"

တစ်ဖက်က ဖုန်းချသံ မကြားရမီ စိုးဒေဝါက တစ်ခွန်းသာပြောပြီး သူကအရင် ဖုန်းချလိုက်သည်။ ဦးသော်တာမင်းကို စိတ်သဘောမတွေ့။

သူ့အိပ်ခန်းသို့ လှမ်းလာသည်။

သန့်ရှင်းဖြူဖွေးသော စောင်၊ ခြင်ထောင်၊ ခေါင်းအုံးတို့ စိုးဒေဝါအိပ်ရန်အတွက်သို့ အသင့်ခင်းပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ဦးရန်ပြေကြီး ကျေးဇူးဖြစ်သည်။ ဦးရန်ပြေသည် စိုးဒေဝါအတွက် အိမ်မှုကိစ္စအတွက် အားလုံးအဆင်သင့် လုပ်ထားတတ်၏။

"မင်း မိန်းမယူပြီးမှ ငါသက်သာမယ်"

တစ်ခါတစ်ရံ သူ ပြောလေ့ရှိသည်။ စိုကို မြန်မြန်ယူ ခိုင်းသည်။

စိုးဒေဝါက အင်မလှုပ် အဲမလှုပ်နေလျှင် ဦးရန်ပြေ စိတ်တိုတတ်သည်။

စိုးဒေဝါ ညဝတ်အင်္ကျီလဲသည်။ အဘိုးကြီးအိပ်ခန်း ပေါက်ဝတွင် ပေါ်လာပြီး ...

"ဘာလိုသေးလဲ"

"အားလုံး စိုပြေမှာ အိုကေပါတယ်၊ ဒီညတော့ အိပ်မက်ကလေး ကောင်းကောင်းမက်ရမယ်"

"ကုလားမကြီးတစ်ယောက်ကို ထည့်မက်လိုက်ပေါ့ကွာ"

"ဦးလေးနဲ့ ကုလားမကြီး ဆုံကြပုံကို မက်လိုက်မယ်နော်"

"အေး ... အေး ကောင်းတယ်၊ ငါ အချောင်မိန်းမရတာပေါ့၊ ငါကတော့ ဘာရရ ယူမှာပဲ၊ အလကားရတာပဲ"



"ဟင်း ... ဦးလေးကြည့်လည်းလုပ်နော်၊ ဒါထက် ဦးလေး ရွှေဘကား ဘာဝင်လာသလဲ"

"မိုက်ဖော်မိုက်ဘက် ဝင်လာတယ်"

"မနက်ဖြန် ဦးလေး သုံးနာရီခွဲပွဲ အဲဒီကားသွားကြည့်"

"တကယ်လား"

"တကယ်ပေါ့"

ဦးရန်ပြေကြီးက ရွှေဘကားဆိုလျှင် လက်မလွှတ်။ ရွှေဘကို အင်မတန်ကြိုက်သည်။

"ကျေးဇူးပါပဲကွာ"

"ကျွန်တော် ငွေနှစ်ဆယ် ပေးလိုက်မယ်၊ ရွှေဘကားကြည့်ပြီး ရွှေပန်းလည်းစား"

"ဟာ ... မင်းဟာကလည်း"

"ရွှေပန်းစားပြောတာ ရွှေပန်းဆိုင်က ခေါက်ဆွဲကိုပြောတာပါ"

"အဲဒီလိုလုပ်ပါကွာ"

ဦးရန်ပြေကြီး သဘောခွေ့သွားသည်။ ငွေနှစ်ဆယ်ဆိုတာ သူတို့ခေတ်က အင်မတန်များသည်။ ရုပ်ရှင်ကို သုံးကျပ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ကကြည့်ပြီး ကျန်ငွေတွေကို ကြိုက်သလိုသုံးနိုင်သည်။ လက်ဖက်ရည်တစ်ခွက်မှ တစ်မတ် သို့မဟုတ် နှစ်ဆယ့်ငါးပြား။ မုန့်ဟင်းခါးအကြော်နှင့်မှ ငါးမူး သို့မဟုတ် ပြားငါးဆယ်၊ ဖေါက်ဆွဲကြော်တစ်ပွဲမှ တစ်ကျပ်ခွဲ။

စိုးဒေဝါက ဦးရန်ပြေ စိတ်ပျော်အောင် ငွေကိုပစ်ပေးတတ်သည်။

သည်ညမှာ သူ ကောင်းကောင်းအိပ်ပစ်လိုက်သည်။ မအိပ်သေးမီ သူတွေ့ရသော ရှင်နွယ်နောင်းဆိုသည့် မိန်းကလေးအကြောင်းကို တွေးသည်။

သည်ကောင်မလေးက သူမအကြောင်း ပြောပုံနှင့်ဆို သူမ အကြောင်းသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းသောအကြောင်းအရာဖြစ်သည်။

တွေးရင်းနှင့် အိပ်ပျော်သွား၏။

ဘယ်မျှကြာအောင် အိပ်ပျော်သည်မသိ ဆူညံသံကြောင့် လန့်နိုးလာသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"မောင်စိုးရေ ... မောင်စိုး"





ပထမတံခါးခေါက်သံ။

ဒုတိယ ထွက်ပေါ်လာသံက ဦးရန်ပြေ၏အသံ။

အိပ်ရေးကောင်းကောင်း အိပ်နေဆဲမှ ယင်းအသံကြောင့် စိုးဒေဝါ စိတ်ထဲ တောင်းခနဲ စိတ်တိုသွားတော့၏။

"ဦးလေး ရန်ပြေ၊ ဘာလဲဗျ၊ ဒီမှာအိပ်လို့ကောင်းနေတုန်း"

စိတ်တိုသံနှင့် ပြောလိုက်မိသော်လည်း အိပ်ရာမှ ငေါက်ခနဲ ထလိုက်မိသည်။

"မောင်စိုး ... ထပြီလား"

"ထနေပြီ"

"ရဲတွေ ရောက်လာတယ်၊ မင်းနဲ့တွေ့ချင်လို့တဲ့"

"အရေးတကြီးများ ဘာကိစ္စရှိလို့လဲ"

"မပြောတတ်ဘူး၊ မင်းပဲ ထွက်တွေ့လိုက်တော့"

ရဲဆိုလို့ မထူးဆန်းပါ၊ တစ်ခါတစ်ရံ လာတတ်ပါသည်။ သူ၏လျှို့ဝှက်ထောက်လှမ်းရေးအလုပ်သည် ရဲနှင့်ဆက်သွယ်နေရ၏။

သူက ခုတင်ပေါ်မှ လူးလဲထရင်း စားပွဲပေါ်မှ စားပွဲတင်နာရီကလေးကို လှမ်းကြည့်သည်။ နှစ်နာရီကျော်နေပါပေါ့လား၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှ ထွက်လာ၏။ အပြင်ဧည့်ခန်းတွင် ရဲသုံးလေးဦးကို တွေ့ရသည်။ ဒုရဲအုပ်တစ်ဦးက ခေါင်းဆောင်လာခြင်းပဲ။

"ဘာကိစ္စပါလဲ ရဲဘော်တို့"

မေးရင်း မျက်နှာကို လက်နှင့်ပွတ်၏။

ရဲအားလုံးသည် မတ်တတ်ရပ်နေကြသည်။

"ထိုင်ကြပါ"

အိမ်ရှင်ဖြစ်သဖြင့် ဆိုဖာတွေကို စိုးဒေဝါ ညွှန်ပြမိသည်။ ရဲအုပ်သာ ဝင်ထိုင်သည်။ ကျန်လူတွေက မတ်တတ်ရပ်နေဆဲ။

"အစ်ကိုက စိုးဒေဝါလား"

"ဟုတ်"

"ကျွန်တော် အမှုတစ်ခုအတွက် မေးစရာရှိလို့ လာတာပါ"

"ဗျာ ... အမှုအတွက်"

စိုးဒေဝါ တစ်ခဏချင်း စဉ်းစားသည်။ မိမိတွင် လိုက်စရာအမှုမရှိပါ။ ဦးရွှေမော်ကလည်း အမှုကို ချုမပေးခဲ့။ အက်(စ်)အက်(စ်)အေအမ်ခေါ် နိုင်ငံတော်လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်အဖွဲ့တွင် စိုးဒေဝါ ထောက်လှမ်းစုံစမ်းရေးလုပ်ခဲ့တာ သည့်အမှုမျိုး မလာသေးပါ။





ယခုတော့ အမှုတစ်ခုတွက် မေးချင်လို့တဲ့။

"ကျွန်တော် လာတာက ဦးသိန်းလွင်ဦး သေဆုံးမှုပဲ"

"ဗျာ"

စိုးဒေဝါ ဆက်စကားမပြောနိုင်ဘဲ ဒုရဲအုပ်ကိုကြည့်၏။

"ဦးသိန်းလွင်ဦးပါ၊ သူ အသတ်ခံရတယ်"

စိုးဒေဝါသည် ဆက်မပြောတော့ဘဲ ဒုရဲအုပ်နှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ထိုင်လိုက်သည်။

"ခင်ဗျား ဘယ်ရဲစခန်းကလဲ"

"ဗဟန်းရဲစခန်းကပါ၊ ဒုရဲအုပ်စိန်မြင့်ပါ"

"ဪ ... ပြောင်းလာတာ မကြာသေးဘူး ထင်ပါရဲ့"

"လွန်ခဲ့တဲ့လကမှ ပြောင်းလာခဲ့တာပါ"

ဒါဆို သူ့အကြောင်းကို ဒုရဲအုပ်စိန်မြင့် ဆိုသူက သိဟန်မတူသေးပါ။

"ဦးသိန်းလွင်ဦး သေတာ ဘယ်လိုသေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ရန်ကုန်မြို့ပြင်မှာ ဓားထိုးခံရလို့ သေတာပါ၊ သူ့ကို သိမ်ချောင်းရွာအနီးမှာ သတ်ထားခဲ့တာပါ၊ ကျွန်တော်တို့ မြေရာကောက် စုံစမ်းတော့ သူဟာ လူကြီးမင်းနဲ့လည်း အဆက်အသွယ်ရှိတယ်၊ ကျောက်ပွဲစား ဦးသော်တာမင်းနဲ့ လည်း အဆက်အသွယ်ရှိတယ်လို့ သိရတယ်၊ ဦးသော်တာ မင်းကို ကျွန်တော်တို့တွေ့ပြီး စစ်ဆေးပြီးပါပြီ၊ သူကမနေ့ က ဟိုက်ဖွမ်ဟိုတယ်မှာ ဦးသိန်းလွင်ဦးနဲ့ ကျောက်ကိစ္စ အရောင်းအဝယ်အတွက် ချိန်းထားတာ ခင်ဗျားလည်းပါ တယ်တဲ့၊ ခင်ဗျားရောက်မလာသလို ဦးသိန်းလွင်ဦး ချိန်း ထားရာနေရာကို ရောက်မလာလို့ သူ ပြန်လာခဲ့ရတယ်တဲ့၊ အဲဒါ ဟုတ်ပါသလား ကိုစိုးဒေဝါ"

သူ့ကြည့်ပုံ ပြောပုံက စိုးဒေဝါအပေါ် သံသယအနေ အထားနှင့်ကြည့်ပုံဟု အောက်မေ့ရသည်။ ရဲဆိုတာ သူတို့အထင် နှင့် လူတကာကို ထရားခံလိုပဲ မြင်ပေမပေါ့။ ဦးသိန်းလွင်ဦးနဲ့ ပတ် သက်တယ်ဆိုတော့ ထိုသို့မြင်ထိုက်ပါပေသည်။

"ခင်ဗျားပြောတာ မှန်တယ်၊ ဦးသိန်းလွင်ဦးနဲ့ ကျွန်တော် တို့ ကျောက်အရောင်းအဝယ်အတွက် ချိန်းထားတယ်၊





ဒါပေမဲ့ ကျွန်တော်သွားတဲ့အချိန်မှာ သူတို့နှစ်ယောက် မရှိကြတော့ဘူး"

"သူတို့ဆိုတာ ဦးသိန်းလွင်ဦးနဲ့ ဦးသော်တာမင်းကို ဆိုလို တာလား"

"ဟုတ်တယ်"

"ခင်ဗျားက ချိန်းတဲ့အချိန်မှာ မဆုံခဲ့တာ ဘယ်သွားနေ သလဲ"

"ကျွန်တော် လူမှုရေးကိစ္စရှိလို့ပါ"

သည်စဉ် ရဲတစ်ယောက်က ရဲအုပ်စိန်မြင့်အနားသို့ ကပ်၍ တခ်စုံတစ်ရာ တီးတိုးပြောလိုက်သည်။ သူပြောပုံက အနည်းငယ်ကြာမြင့်၏။

ဒုရဲအုပ်သည် ခေါင်းကိုဆတ်ခနဲ ဆန့်လိုက်၏။ မျက်နှာတွင် အံ့ဩသောအရိပ်အသွင်က ပေါ်လာသည်။

"မင်း ဘာလို့ စောစောက မပြောသလဲ"

"ဆရာက ဦးစိုးဒေဝါကို စစ်ချင်တယ်ချည်း ပြောတာကိုး၊ ကျွန်တော်လည်း ဆရာဦးစိုးဒေဝါအကြောင်း သိနေတယ် အောက်မေ့နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါ ဘယ်သိမလဲ"

ရဲသားကြီးက အတွေ့အကြုံများပုံရသည်။ သူတို့နှစ်ယောက် စကားပြောအပြီး ဒုရဲအုပ်က ထိုင်ရာမှထလိုက်သည်။

"ဆောရီး ကိုစိုးဒေဝါ၊ ကျွန်တော်က ကိုစိုးဒေဝါကို အက်(စ်)အက်(စ်)အိုအိုကမှန်း မသိခဲ့ပါဘူး၊ အခု ကိုနီတွတ် ပြောမှ သိရတာပါ၊ ဆောရီးဗျာ"

တကယ့်တောင်းပန်သံနှင့် ပြောလိုက်သည်။ စိုးဒေဝါက တည်ငြိမ်စွာကြည့်၍ ...

"ဝတ္တရားရှိလို့ မေးတာပါပဲဗျာ၊ ခင်ဗျား မလွန်ပါဘူး၊ ကဲ... နောက်ထပ် ကျွန်တော့်ကို ဘာမေးဦးမလဲ"

"မေးစရာမရှိတော့ပါဘူး၊ ကိုစိုးဒေဝါ ဦးသိန်းလွင်ဦးနဲ့ ချိန်းထားတာ မတွေ့ဘူးဆိုတာ အမှန်ပဲ မဟုတ်လား"

"အမှန်ပါပဲ"

"ဒါပါပဲ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ဝတ္တရားအရမေးရတာပါ၊ အိပ်နေတာ အနှောင့်အယှက်ပေးမိတာ စိတ်မကောင်းဘူး"





"ခင်ဗျား တိုင်းပြည်အတွက် တာဝန်ထမ်းရွက်နေတာပဲ မလိုပါဘူး"

သူတို့ထွက်သွားကြသည်။ ဦးရန်ပြေက ဝင်းတံခါးကို လိုက်ပိတ်သည်။ ပြီးတော့ အိမ်ရှေ့သံဘာဂျာတံခါးကို ပိတ်လျက် အိပ်ခန်းဘက်သို့ ခြေဦးလှည့်နေသော စိုးဒေဝါအား ...

"မောင်စိုး ... မင်းအရှိန်က မနည်းပါလား၊ အက်(စ်)အက်(စ်)အဖွဲ့ကမှန်းသိရော စိုးဒေဝါ မှန်းသိတာနဲ့ ငနဲသား ရဲအုပ် ဖင်တုန်ပြီး ပြန်သွားတယ်"

"သူလည်း သူ့ဝတ္တရားရှိလို့ မေးတာပဲဗျာ၊ ကျွန်တော့်ကို သာမန်လူမှတ်နေတာပါ။ တရစ်ပယ်အက်(စ်)(TRIPLE-S) မှန်းသိလည်း တာဝန်အရမေးတာမို့ မလွန်ပါဘူး"

စိုးဒေဝါတို့က သူတို့အဖွဲ့ကို အတိုကောက် (TRIPEL-S)ထရစ်ပယ်အက်(စ်)ဟု ခေါ်သည်။ အင်္ဂလိပ်လိုအားဖြင့် အရှည်ကောက် (STATE SECRET SERVICE AND INVESTIGATION AGENCY)နိုင်ငံတော်လျှို့ဝှက်လုပ်ငန်းနှင့် စုံစမ်းထောက်လှမ်းရေးအဖွဲ့ဟု သတ်မှတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက မကြာမီကမှ ပြည်ထဲရေးဌာန၏ ညွှန်ကြား ချက်အရ ပြင်လိုက်သောအမွဲ့ဖြစ်သည်။

စိုးဒေဝါ ဦးသိန်းလွင်ဦး အသတ်ခံရမှုအတွက် စဉ်းစားမရနိုင်ပါ။ ဦးသိန်းလွင်ဦး ဘာကြောင့် အသတ်ခံရလေ သနည်း။

သည်မေးခွန်းကို သူ့ဘာသာသူ မေးရင်းပင် ဆက် လက်အိပ်ပျော်သွားခဲ့သည်။

မနက်မိုးလည်းသည်အထိ တစ်ရေးမှ မနိုးခဲ့ပါ။

○ ❋ ○





## ဇာတ်လမ်းစဉ်(၄)

"ဆယ်တန်းအောင်လက်မှတ် ပါသလား"

"ပါပါတယ် အစ်ကို"

စိုးဒေဝါရှေ့တွင် ရောက်နေသော ရှင်နှောင်းနွယ် သည် လက်ဆွဲအိတ်ကလေးထဲမှ ဆယ်တန်းအောင်လက်မှတ်ကို ပြလိုက်သည်။ သေချာစစ်ဆေးကြည့်ရှုပြီး ...

"နှောင်းနွယ်ကို အရောင်းစားရေးမတစ်နေရာ ခန့်လိုက်ပြီ"

ပြီးတော့ သူက ရုံးခန်းတံခါးတွင် ရပ်နေသော စို အား ဆက်ပြောလိုက်၏။

"စို ... သူ့ကို ကောင်တာဘက် ခေါ်သွားပါ၊ လခကတော့ တစ်လနှစ်ရာငါးဆယ်ကစမယ်၊ ဒီနေ့ဝင်တဲ့နေ့ကစပြီး ရက်



www.burmeseclassic.com

တွက်ပြီး လကျန်ဆေးမယ်၊ နောက်လကစပြီး လတိုင်းလစာ ပေးမယ်၊ တော်ရင်တော်သလို လစာပေးမယ်၊ ဟုတ်ပြီလား နောင်းနွယ်"

"ဟုတ်ကဲ့"

လစာနှစ်ရာငါးဆယ် ဆိုတာ ထိုခေတ်က အထက်တန်းစာရေးလစာပင်ဖြစ်သည်။

စိုကို မနက်က နောင်းနွယ် လေလာမိ အကျိုးအကြောင်း ပြောထားသဖြင့် နောင်းနွယ်အကြောင်းကို စို သိပြီးသားဖြစ်သည်။

စိုးဒေဝါ အမူအရာမှာ ယမန်နေ့ကလို ဖော်ရွေကြင်နာသော အမူအရာမဟုတ်တော့။ အလုပ်ရှင်တစ်ယောက်၏ အမူအရာနှင့် လေသံ။

ရှင်နောင်းနွယ်မှာ စိုးဒေဝါ ဆက်ဆံမှုကို မလိုမလားစဉ်းစားမိသော်လည်း အလုပ်ရှင်နှင့် အလုပ်သမားဖြစ်နေသောကြောင့် အောင့်သက်သက်နှင့် စဉ်းစားရင်း ဗိုချုယ်ရီထွန်းနောက်လိုက်သွား၏။

စိုသည် ရှင်နောင်းနွယ်ကို အကဲခတ်သည်။





ရှင်နောင်းနွယ်သည် မျက်နှာကျလှပသည်။ ရိုးရိုးကလေး သူမဝတ်စားထားသဖြင့် ကိုယ်လုံးကိုယ်ထည်မဆိုးပါ။ ခေတ်မီစွာ ဝတ်စားလိုက်လျှင် အတော်ဖြောင့်မည့် ကောင်မလေးမှန်း ရိပ်မိပြီးဖြစ်သည်။

စိုးဒေဝါ ရှင်နောင်းနွယ်ကို အရောင်းသမလေးအဖြစ် ထားသည်ကို စိုအား တိုင်ပင်ပြီးဖြစ်သည်။ ရှင်နောင်းနွယ်၏ အဖြစ်ကို သိပြီးသောကြောင့် စိုမှာ ကရုဏာစိတ်ရှိသည်နှင့်အညီ စိုးဒေဝါ လုပ်သရွေ့တို့ကို သဘောတူပြီးဖြစ်သည်။

စိုးဒေဝါသည် ရှင်နောင်းနွယ်ကို အလုပ်ပေးပြီးသည်နှင့် သူ့တာဝန်ကျေပြီဟု မှတ်ယူဟန်ရှိသည်။ ရှင်နောင်းနွယ်ကို စိတ်မဝင်စားတော့ပါ။

သူ အာရုံရောက်နေသည်က ဦးသိန်းလွင်ဦး သေဆုံးမှုပဲဖြစ်သည်။ ဦးသိန်းလွင်ဦး ဘာကြောင့် သေဆုံးရသည်ကို မသိပါ။ သူ့အား သတ်သူကား ဘယ်သူဖြစ်လေသနည်း။

ဖိမိအတွက်အမှုမအပ်သည့်တိုင်အောင် ဦးသိန်းလွင်ဦး အသတ်ခံရမှုအတွက် စိတ်ဝင်စားစရာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းလွင်ဦး၏ နောက်ကြောင်းရာဇဝင်ကား ဘယ်သို့ရှိလေသနည်း။

သူက ဦးသိန်းလွင်ဦးအား ခင်မင်ခြင်းတော့မရှိ။

အလုပ်အတွက်သာမန်ကျောက်ကုန်သည်တစ်ယောက်အဖြစ်သာ သဘောထားသည်။ ဦးသိန်းလွင်ဦးနှင့် ဆက်ဆံသည်မှာ အလုပ်ကိစ္စပဲရှိသည်။ နှစ်ခါ သုံးခါ ဆက်ဆံခဲ့ဖူးသည်။ ဒါကြောင့် သူ့နောက်ကြောင်းရာဇဝင်ကို သူ မသိခြင်းဖြစ်သည်။

နီလာသုံးလေးလုံးကို နိုင်ငံခြားသားတစ်ဦး လာဝယ်သည်။ သူက အတွဲလိုက်လိုချင်သည်။ စိုးဒေဝါတွင် နီလာအတွဲလိုက်ရောင်းရန်မရှိ။ နီလာကျောက်တွေအတွက် မိုးကုတ်တွင်မှာထားတာ ယနေ့အထိမရသေး။

သူက အတွဲလိုက်ရောင်းရန်မရှိဘဲ လက်ရှိလက်ကျန်ထဲမှ သုံးလေးလုံးသာ ရောင်းဖို့ရှိကြောင်း အင်္ဂလိပ်စကားဖြင့်ပြောသည်။

သူအင်္ဂလိပ်စကား၊ ဟိန္ဒူစတန်နီနှင့် တရုတ်ဘာသာ နှစ်မျိုး သုံးမျိုးတတ်သည်။ အင်္ဂလိပ်စကားနှင့် ဟိန္ဒူစတန်နီစကားပြော ကျွမ်းကျင်သည်။





နိုင်ငံခြားသားမှာ ဒိန်းမတ်နိုင်ငံသားဖြစ်၍ မြန်မာပြည်သို့ အလည်အပတ်လာရင်း စိုးဒေဝါ၏ မိတ်ဆွေတစ်ယောက်ဆက်သွယ်ပေးမှုဖြင့် လာဝယ်ခြင်းဖြစ်သည်။

ပြသသော ကျောက်တွေထဲမှာ နှစ်လုံးကို ပေါင်သျှိုလင်ဈေးဖြင့်ဝယ်သည်။ ထိုခေတ်က အနောက်နိုင်ငံသုံး ပေါင်သျှိုလင်သာ ခေတ်စားပြီး အမေရိကန်ဒေါ်လာမှာ ခေတ်မစားသေး။

ထိုအနောက် နိုင်ငံသားကို စိုနှင့် လက်လွှဲပေးခဲ့၍ သူက ကုမ္ပဏီအပြင်သို့ သူ့ကားနှင့် ထွက်လာသည်။

သူ့အာရုံထဲတွင် ဦးသိန်းလွင်ဦး အသတ်ခံရမှုသာ အာရုံရောက်နေသည်။ သူ့အလုပ်မဟုတ်သော်လည်း ဘယ်သို့သေသည်ကို စုံစမ်းချင်သည်။

သူ ထွက်လာချိန်မှာ သူ့နောက်သို့ ဂျစ်ကားတစ်စီး လိုက်လာခြင်းကို နောက်ကြည့်မှန်တွေထဲမှာ တွေ့ရသည်။

အတွေ့အကြုံရှိပြီးသားမို့ ထိုဂျစ်ကားသည် ဘယ်လိုကားမျိုးဖြစ်သည်ကို သူက ခန့်မှန်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားအရှိန်ကို ပြင်းပြင်းမမောင်းဘဲ မှန်မှန်မောင်းလျှင် လိုလ်လာသော ဂျစ်ကားအရှိန်ကလည်း မှန်မှန်ပဲဖြစ်သည်။

ကားကို အရှိန်ပြင်းလျှင် နောက်ကကားကလည်း စက်ကိုတိုးမြှင့်ကာ ခပ်ပြင်းပြင်းလိုက်လာသည်။

ဒါဆို ဓရီးတော့ဘူးပေါ့။

စိုးဒေဝါတွင် အန္တရာယ်တွေ မကြာခဏကြုံရသည်။ ထိုအန္တရာယ်များကြားမှာပင် ဖြတ်သန်းနေရသည်။ ယခုလည်း လာပါပြီ အန္တရာယ်။

သူသည် ရန်ကုန်မြို့ လမ်းအသွယ်သွယ်ကိုဖြတ်၍ ကြည့်မြင်တိုင်ဘက်သို့ ရောက်လာ၏။ ကြည့်မြင်တိုင်မှာ ထိုခေတ်က လူနေယခုလောက် မထူထပ်သေးပါ။

အထက်ကြည့်မြင်တိုင်လမ်းမှ မြောက်ဘက်သို့မောင်းလာ၏။ လှည်းတန်းနားသို့ မရောက်ခင် ကားကိုရပ်လိုက်၏။

သည်နေရာတွင် လူရှင်းသည်။

ဟိုမှာဘက်တွင် စလင်းကွင်း။





ဂျစ်ကားသည်လည်း သူ့ကားကိုကျော်သွားပြီးမှ ကားနှင့်မနီးမဝေးတွင် ထိုးရပ်လိုက်သည်။ ဤမှာဘက်တွင် လူပြတ် ကားပြတ်သည်။

အိမ်ခြေနည်းသည်။

ဂျစ်ကားပေါ်တွင် မောင်းသူနှင့် လူတစ်ယောက်သာ ပါသည်။ ဂျစ်ကားပေါ်မှ ဆင်းလာသူမှာ ကားမောင်းသူမဟုတ်ဘဲ သူ့အဖော်သာလျှင်ဖြစ်သည်။

သည်လူက စိုးဒေဝါနီးပါး အရပ်ထောင်မောင်းသည်။ မျက်နှာတွင် မုတ်ဆိတ်မွေးများ နားသယ်မွေးများပေါက်၍ အသားညိုသည်။ မျက်နှာလေးထောင့်ဖြစ်၍ မေးရိုးကားသည်။

စိုးဒေဝါ ခဏလေးအတွင်း သတိထားမိသည်။

စိုးဒေဝါမှာ ထိုင်နေ၍မဖြစ်တော့ပေ။ သူ့အတွက် သေးဆီးရန်ကာထားသော ပွိုင့်သရီးတူးစမစ်အင်ဝက်ဆင် ခြောက်လုံးပြူးမှာ အိမ်တွင်ထားခဲ့တာမို့ ယခုအချိန်တွင် အန္တရာယ်ကျရောက်လာပါက ၎င်းသေနတ်ကို မသုံးနိုင်တော့ပါ။

သူက ကားအပြင်သို့ ထွက်ရပ်ပြီးဖြစ်သည်။

တစ်ယောက်တည်းချင်းသမားမို့ သူ မမှုပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

ဂျစ်ကားပေါ်မှ ဆင်းလာသူသည် စိုးဒေဝါနှင့်လေးငါးလှမ်းအလိုတွင် စိုးဒေဝါက ခါးထောက်ကာ ခပ်မာမာမေးလိုက်သည်။

လာသူက ရပ်သွား၏။

"ကိုစိုးဒေဝါ မှတ်တယ်"

မျက်နှာနှင့် အမွေးအမျှင်များနှင့် လူဘာ အသံခပ်တိမ်တိမ်နှင့်ဆိုသည်။

"ဟုတ်တယ်၊ ကျုပ် စိုးဒေဝါပဲ၊ မင်း ငါ့ကားနောက်ကို လိုက်လာတာ ငါသိတယ်၊ ဘာကိစ္စ လိုက်လာတာလဲ"

"ခင်ဗျားကို ပြောစရာရှိလို့ပါ"

စိုးဒေဝါက စကားမပြောဘဲ စေ့စေ့ကြည့်သည်။

ထိုလူသည် စကားဆက်မဆိုဘဲ စိုးဒေဝါကို ဆက်လက်ရင်ဆိုင်လိုဟန်မတူပါ။ အကြောင်းက အေးစက်မာကျောသော စိုးဒေဝါ၏မျက်လုံးအရှိန် အဝါကြောင့်ပဲဖြစ်၏။

စိုးဒေဝါမျက်လုံးများသည် သူ့ရင်ထဲကို ဖောက်ထွင်းသွားပုံရ၏။





စိုးဒေဝါကို စကားဆက်မပြောတော့ဘဲ ဂျစ်ကားရှိရာသို့ ပြန်သွားသည်။ စိုးဒေဝါက အကဲခတ်နေသည်။

စိုးဒေဝါ၏မျက်လုံးအရှိန်အဝါကို စိုးဒေဝါသာပဲသိသည်။

သူ့တွင် ဝေ(လ်)ပါဝါ (WILL POWER)ခေါ် စိတ်စွမ်းအားရှိသည်။

ထိုစိတ်က အရေးကြုံလျှင် တစ်ဖက်လူအပေါ် စိတ်ဓာတ်အား မြင့်မားပြီး လွှမ်းမိုးနိုင်၏။

ယခုလည်း တစ်ဖက်လူကို လွှမ်းမိုးသွားဟန်တူသည်။

ဂျစ်ကားပေါ် ထိုလူတက်ရောက်၍ ထွက်သွားသည်ကို စိုးဒေဝါ စောင့်ကြည့်နေသည်။

သည်နောက်မှ သူ့ကားကို လာလမ်းအတိုင်း ပြန်ကွေ့ကာ မောင်းထွက်လာသည်။

မိမိအား နောက်ယောင်ခံလိုက်လာသူမှာ လူကောင်းတော့ မဟုတ်နိုင်။ မိမိကိုအန္တရာယ်ပေးမည့်လူလို့သာ မှတ်ယူရချေမည်။

သူ ဗဟန်းရဲစခန်းသို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ် ကိုစိန်မြင့်နှင့် တွေ့ဆုံသည်။

ကိုစိန်မြင့်သည် တွေ့စကတည်းက သဘောကောင်းနေသည်။ လေးလေးစားစား ဆက်ဆံသည်။ သည်လူမှာ စိုးဒေဝါထက် ငယ်သည်၊ ရှိလှမှ အသက်အစိတ်။

သူတို့အခေါ် ဆယ်ကျောင်းခေါ် ရဲသင်တန်းကျောင်း ဆင်းပြီး၍ တစ်နှစ်ကျော်လောက် အမှုထမ်းရသေးသည်။ သူ စတင်အမှုထမ်းသည်မှာ လှည်းကူး၊ မြို့နယ်တန်ဆာဖြစ်၍ ယခုမှ ရန်ကုန်သို့ ရောက်ကာစရှိသေးသည်။

စတင်ကိုင်ရသော အမှုကလည်း ဦးသိန်းလွင်ဦး အသတ်ခံရမှု။

စိုးဒေဝါကို တွေ့တွေ့ချင်းပင် ...

"ဟာ ... ဆရာစိုးဒေဝါပါလား၊ တွေ့ရတာ ဝမ်းသာတယ်ဗျာ"

ဖော်ရွေသည့်လေသံနှင့် လေးလေးစားစား ပြောသည်။

"ခင်ဗျား ဝမ်းသာစရာ အကြောင်းမရှိဘူး"

"ဘာကြောင့်လဲ"

"ကျွန်တော် သိချင်တာလေးတွေရှိလို့"





"ဘာများလဲ"

"ဒီလိုဗျာ၊ ဦးသိန်းလွင်ဦး အသတ်ခံရတာ ခင်ဗျားတို့ ဘယ်အချိန်မှာ တွေ့တာလဲ၊ ပြီးတော့ သူအသတ်ခံရတာ သဲလွန်စ ဘာတွေများ ရသလဲလို့ပါ"

ကိုစိန်မြင့် ခေတ္တတော့ စဉ်းစားသည်။

သူ့မျက်နှာမှာ သာမန်လူတစ်ဦး၏ မျက်နှာမျိုးပင်ဖြစ်၍ စိတ်ဝင်စားစရာမရှိပါပေ။

စိုးဒေဝါသည် သူ့စားပွဲရှေ့တွင် ဝင်ထိုင်က ကိုစိန်မြင့်ကို အကဲခတ်သည်။

"ဦးသိန်းလွင်ဦးကို တွေ့တာက သိမ်ချောင်းရွာ လယ်ကွက်တွေထဲမှာပဲ၊ သိမ်ချောင်းရွာသူကြီးက ကျွန်တော်တို့ကိုလာမပြောခင် သဃ်န်းကျွန်းရဲဌာန(ရဲစခန်း)ကို အကြောင်းကြားတယ်၊ သဃ်န်းကျွန်းရဲဌာနက ဒီအမှုကိုမကိုင်ဘဲ ကျွန်တော်တို့ ဗဟန်းရဲဌာနကို ပြောင်းပေးတယ်၊ သေသူ ဦးသိန်းလွင်ဦးဟာ ကျွန်တော်တို့ ဗဟန်းရဲဌာနအပိုင်မှာရှိတဲ့ ရောဝတ်ပဲ့ ... ဟိုတယ်မှာတည်းတယ်၊ ဒီလိုသိတာကလည်း သူ့အိတ်ကပ်ထဲမှာ ရောဝတ်ဟိုတယ်ရဲ့ ငွေရှင်းဘောက်ချာမှာ လက်မှတ်



www.burmeseclassic.com

ဖြတ်ပိုင်းကလေး တွေ့လို့ပဲ၊ ဦးသိန်းလွင်ဦး ရောဝတ် ဟိုတယ်တည်းခိုခန်းမှာတည်းပြီး သေတဲ့နေရာက သိမ်ချောင်း ရွာအနီးမှာဆိုတော့ ဒီအမှုကို ပထမသဃ်န်းကျွန်းရဲဌာနက ကိုင်ပါတယ်၊ အဲဒီနောက် နယ်မြေပိုင်ရဲဝန်ထောက်က ဒီ အမှုကို ဗဟန်းရဲဌာနကို ပြောင်းပေးရမယ် အမိန့်ရလို့ ဦးသိန်းလွင်ဦး သေတဲ့အမှုကို ကျွန်တော်တို့ ဌာနကိုပြောင်း ပေးလိုက်တာပဲ"

တကယ်တော့ မဆီမဆိုင်ပဲ သဃ်န်းကျွန်းရဲဌာနက အမှုကိုကိုင်သင့်ပါလျက် ဗဟန်းရဲဌာနသို့ ပြောင်းပေးခြင်းမှာမသင့် လျော်ပါ။

စိုးဒေဝါ ထိုအကြောင်းကို ဆက်မမေးတော့ပါ။

"ဦးသိန်းလွင်ဦး ဘာကြောင့် သတ်ခံရတာလဲ"

"ဒီအကြောင်းကို ကျွန်တော်လည်း သိချင်တာပဲ၊ သူအသတ် ခံရတာ သိမ်ချောင်းရွာအနီးမှာ အသတ်ခံရတာ မဟုတ်ဘူး၊ အပြင်တစ်နေရာမှာ အသတ်ခံရပြီးမှ အလောင်းကိုလာပစ် ထားပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ သဃ်န်းကျွန်းဌာနက အလောင်းကိုတွေ့တဲ့အချိန်က မနက် ခုနစ်နာရီထိုးမှာတွေ့





တယ်၊ သူ အသတ်ခံရတာက ညပိုင်းပဲ၊ ရဲကတွေ့ချိန်နဲ့ အသတ်ခံရတာကြားမှာ ရှစ်နာရီလောက်ကြာတယ်ဆိုတော့ သေသူဟာ ဆယ့်နှစ်နာရီကျော်မှာ သေဆုံးပုံပဲ"

"ညသန်းခေါင်ကျော်မှာ အသတ်ခံရတယ် ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော့်လက်ထဲ အမှုရောက်တာ က ဒီလူသေပြီး ဆယ့်နှစ်နာရီကြာမှ အမှုရောက်တာပါ၊ ကျွန်တော်လည်း ဟိုစုံစမ်း ဒီစုံစမ်းနဲ့ ဆရာစိုးဒေဝါနှင့် ဦးသော်တာမင်းတို့ ချိန်းထားတာရှိတယ်လို့ သိရတာပါ၊ ဒါကြောင့် ကျွန်တော်က ဦးသော်တာမင်းကို စစ်ဆေးပြီးလို့ ဆရာစိုးဒေဝါဆီ ရောက်လာတာပါ"

"ဆရာ ... ကျွန်တော်က ဒီအမှုကိုစိတ်ဝင်စားတယ်၊ ကျွန် တော်နဲ့ပတ်သက်တယ်ဆိုတော့ ဒီအမှုကို ကျွန်တော် သိချင် တာလည်းရှိတယ်၊ ဆရာ့ကို ကျွန်တော်ကူညီရာလည်းရောက် အောင် စုံစမ်းချင်တယ်၊ ဆရာ ဘယ်လိုသဘောရသလဲ"

ကိုစိန်မြင့်က လေးလေးစားစား ဆရာခေါ်တော့ သူကလည်း ပြန်လည်၍ ဆရာခေါ်ရသည်။ စိုးဒေဝါ ဆရာခေါ် ခံရလို့ မြောက်မသွားပါ။

လူဆိုတာ အပြန်အလှန် လေးစားသမှု ရှိရမှာပဲပေါ့။

ကိုစိန်မြင့် သဘောကျသွားသည်။

"ခင်ဗျား ကိုသိန်းလွင်ဦး အကြောင်း ဘာတွေသိထားသလဲ"

"စုံစမ်းဆဲပဲ၊ သူနေတဲ့ မန္တလေးကိုလည်း အကြောင်းကြား ပြီးပြီ"

"နယူးစီဗီလိုင်းမှာ နေတယ်လို့ သိရပါတယ်"

ဒါကိုတော့ စိုးဒေဝါ သိခဲ့ပြီးပြီ။

ဦးသိန်းလွင်ဦး၏နောက်ကြောင်းကို စုံစမ်း၍ မိမိအား နောင်တွင် တတ်နိုင်သရွေ့ ပြောကြားပါရန် စိုးဒေဝါက ကိုစိန်မြင့်အား မေတ္တာရပ်ခံသည်။

"ဆရာ လုပ်ပုံကိုင်ပုံတွေကို ကျွန်တော် သိထားပြီးပြီမို့ ဆရာအလိုရှိတာ ကျွန်တော့်ကို ပြောပါ၊ တတ်နိုင်သရွေ့ ကျွန်တော် ကူညီပါ့မယ်၊ အဲဒီနည်းတူ ဆရာစုံစမ်းလို့ရ သရွေ့လည်း ကျွန်တော်တို့ သိပါရစေ"

"စိတ်ချ ကိုစိန်မြင့်၊ ကျွန်တော်နဲ့ ခင်ဗျား ပူးပေါင်းဆောင် ရွက်ကြတာပေါ့"

ရဲဌာန(ရဲစခန်း)မှ စိုးဒေဝါ ခွာလိုက်သည်။





စိုးဒေဝါသည် မနက်စာ မစားရသေး။

စိုက ထမင်းစား စောင့်နေရှာတော့မည်။

အချိန်က ဆယ့်တစ်နာရီခွဲ။

ဆယ့်နှစ်နာရီတွင် ဝန်ထမ်းတွေ နာရီဝက်အားလပ် ချိန်ရချိမ့်မည်။ သူ ကုမ္ပဏီသို့ ပြန်လာသည်။

သူ့နောက်သို့ လိုက်ခဲ့သော ဂျစ်ကားကို မတွေ့ရ တော့။

သူ့အား ရန်မူဖို့ ကြိုးစားသူသည် မည်သူဖြစ်လေ မလဲ။

စိုးဒေဝါ စဉ်းစားရင်း ကားကို ကုမ္ပဏီရှေ့တွင် ထိုးရပ်လိုက်တော့သည်။

ကားထဲမှဆင်းပြီး တိုက်ထဲသို့အဝင် လူတစ်ယောက် နှင့် စကားပြောနေသော ရှင်နှောင်းနွယ်ကို တွေ့ရသည်။

အလုပ်လုပ်ချိန်မှာ စကားပြောခွင့် မရှိပါ။

ဒါကို စိုးဒေဝါက စည်းကမ်းထုတ်ထားသည်။

ရှင်နှောင်းနွယ်က ယနေ့မှ အလုပ်ဝင်တော့ စည်း ကမ်းမသိလို့ ဖြစ်မှာပဲ။

www.burmeseclassic.com



နှောင်းနွယ်က စိုးဒေဝါကို မြင်သောအခါ သူမ စကားပြောနေသူကို တွန်းထုတ်၍ တစ်စုံတစ်ခု ပြောသည်။

စကားပြောနေသူမှာ လူလတ်ပိုင်းအရွယ်ဖြစ်သည်။ မျက်နှာက ခပ်အမ်းအမ်းနှင့် အရက်သမားရုပ် ပေါက်နေသည်။ ဗလကတော့ မဆိုးပါ။

တွန်းထုတ်ဖယ်ထားခံရသူသည် ရှင်နှောင်းနွယ်ကို စိတ်ဆိုးမာန်ဆိုးကြည့်သည်။

စိုးဒေဝါကိုလည်း စိတ်လိုက်မာန်ပါ တစ်ခုခုလုပ်လိုသော မျက်လုံးများနှင့်ကြည့်သည်။

အဲသည်နောက် ဆိုင်ထဲမှ ထွက်သွားတော့သည်။

သည်အဖြစ်ကို မည်သူမှ ရိပ်မိကြဟန်မတူပါ။

စိုးဒေဝါက အထက်ထပ်သို့ အတွင်းပေါက်ထဲမှ တက်လာသည်။ လှေကားသည် အထက်သို့တက်လိုလျှင် ကုန္ဒာ အခန်းအတွင်းပေါက်မှ ဝင်ရသည်။

အထက်တွင် ရီဒါးဒိုင်ဂျက်စာအုပ်ကို ဖတ်နေသော စိုကို တွေ့ရသည်။

"ပြန်မှလာပါဦးမလားလို့"





စိုက စာအုပ်ကိုပိတ်သည်။ စိုပြောသော စကားက အင်္ဂလိပ်လိုပဲ ဖြစ်၏။

"ဒါ ထမင်းစားချိန်ပဲ၊ ကိုယ့်ချစ်ချစ်နဲ့ လက်တွဲစားဖို့ဘယ်မှမလဲ"

စိုအား ပန်းရောင်ထနေသော ပါးဖောင်းဖောင်းကလေးကို လိမ်ဆွဲလိုက်သည်။

"ဒီနေ့ ဘာဟင်းတွေ ချက်သလဲ"

"ကြက်သားဆီပြန်၊ ငါးသလောက်ပေါင်း၊ ငါးပိကြော်၊ ဂေါ်ရခါးကြော်နဲ့ ချဉ်ရည်ဟင်း"

"ဝှဒ် ... ကောင်းတယ်၊ စားမယ်"

အင်္ဂလိပ်လို ပြန်ပြောရာမှ မြန်မာလို ...

"ဘယ်သူတွေ လာသေးလဲ"

"ဘယ်သူမှ မလာပါဘူး"

သူတို့ ရုံးခန်းထဲ ဝင်လာသည်။ စိုသည် ဗီရိုတစ်လုံးကိုဖွင့်သည်။ အတွင်းမှ ခက်ရင်းနှစ်စုံနှင့် ပန်းကန်နှစ်ချပ်ကိုထုတ်သည်။

"ဒါ ဝန်ထမ်းတွေ အနားယူတဲ့အချိန်ပဲ စို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်သလဲ"

"ဝန်ထမ်းတိုင်းတော့ ထမင်းချိုင့်ပါတယ်၊ ဒါပေမဲ့ ကာစ်ယောက်ကတော့ မပါဘူး"

"အမယ်လေး ... အထူးအဆန်းလုပ်လို့"

စိုကာ စားပွဲကို ရှင်းလင်းပြီး ပန်းကန်နှစ်ချပ်နှင့် ဇွန်းခက်ရင်းတွေကို ပန်းကန်ထဲတွင်ချသည်။

"ဘယ်သူလို့ ထင်သလဲ"

"ဘယ်သိမလဲ"

စိုးဒေဝါသည် ဖုန်းကိုကိုင်လိုက်သည်။ အောက်ထပ်တွင် ဖုန်းရှိနေသောကြောင့် လွယ်လင့်တကူ ဆက်လို့ရသည်။

"အခု ဖုန်းကိုင်တာ ဘယ်သူလဲ"

"ချိုချိုပါ ... ဘော့(စ်)လား"

"အေး ... ဟုတ်တယ်၊ ဒီကနေ့ အသစ်ဝင်လာတဲ့ ကောင်မလေး ဘာလုပ်နေသလဲ"

"ကုလားထိုင်တစ်လုံးပေါ်မှာ ငုတ်တုတ်ထိုင်နေတယ်"

"ခင်းတို့ စားနေကြပြီလား"

"ဟုတ်"





"သူ့နှာခေါင်း ရှင်နှောင်းနွယ်တဲ့၊ ငါ ခေါ်နေတယ်လို့ပြောလိုက်၊ အခုချက်ချင်း လာခဲ့လို့"

"ဟုတ် ... ဘော့(စ်)"

ချိုချိုမှာ ငွေသိမ်းနေရာတွင်ရှိသော ငွေကိုင်စာရေးမလေးဖြစ်သည်။

စိုက ဂရုမစိုက်အားပေ။ ထမင်းဟင်းချိုင့်တွေထဲမှ ဟင်းတွေကို ပန်းကန်တွေထဲ ထည့်နေသည်။

"အား ... မွှေးလိုက်တာကွာ"

"မဆလာနံ့ရလို့ ဖြစ်ပါလိမ့်မယ်"

"ကြက်သားကို ဆလာနဲ့ချက်တာကို ဟင်းက မွှေးတာပေါ့၊ ဒါပေမဲ့ တစ်ယောက်သောသူရဲ့ပါးပြင်က ပိုမွှေးတယ်"

"ဒီလိုပြောကြတာပဲ"

စိုးဒေဝါက အငြိမ်မနေ။ စိုကို နောက်မှသိုင်းဖက်၍ ပါးပြင်လေးကို သူ့နှာခေါင်းနှင့် ကလူကျီစယ်လိုက်သည်။

"ဟင်းနော်"

"ကြက်သားဟင်းမှန်း သိပါတယ်"

စိုးဒေဝါ၏မျက်နှာက စပ်ဖြီးဖြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်သားဟင်းက မမွှေးတော့ဘူး၊ စိုပါးပြင်ကလေးက ကိုယ့်နှာခေါင်းမှာနေရာယူထားတော့ ချစ်သူရဲ့အနံ့ကလေးပဲ မွှေးတယ်"

တကယ်လည်း စိုးဒေဝါက စိုကို ကလူကျီစယ်လိုက်ရသဖြင့် လန်းသွားသည်။

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ။ တံခါးရွက်မှာ စေ့ထားသည်။

"ဝင်ခဲ့လေ"

'စိုးဒေဝါ အသံပြုလိုက်သဖြင့် တံခါးရွက်မှာ ပွင့်သွား၏။

အပြင်တွင် ရပ်နေတာက ရှင်နှောင်းနွယ်။

"ခေါ်တယ်ဆိုလို့"

ပြောရင်း သူမ ဝင်လာသည်။ စိုကို တွေ့သည်။ သူမကိုယ်ကလေးက တုံ့ခနဲရပ်သွားသည်။ စိုးဒေဝါက စားပွဲမှ ကုလားထိုင်တစ်လုံးကိုယူ၍ ထိုင်ရင်း ...

"နှောင်းနွယ် ... မင်း ထမင်းချိုင့်ပါသလား"

"ဟင့်အင်း"





"ဒီနေ့ မင်း အလုပ်ဆင်းရမယ် မထင်လို့ ထမင်းချိုင့်ပါမလာဘူး မဟုတ်လား"

နှောင်းနွယ် ဘယ်သို့မှမပြော။

"မင်း ဆာနေတယ် မဟုတ်လား၊ မင်းတို့ ဝန်ထမ်းတွေက ထမင်းချိုင့်ကိုယ်စီပါလာပြီး မင်းက ပါမလာတော့ မင်း ကြောင်တက်တက် ဖြစ်နေတယ်"

နှောင်းနွယ် ဘာပြောရမှန်းမသိ။

တကယ်တော့ ထမင်းချိုင့် ယူမလာသဖြင့် ထမင်းစားချိန်မှာ ထမင်းဆာနေတာတော့ ကေန်အမှန်။

"မင်းကို ဒီနေ့တစ်နေ့ ငါ ထမင်းကျွေးမယ်၊ မနက်ဖြန် ထမင်းချိုင့်ယူလာခဲ့"

"ကျွန် ... ကျွန်မ မဆာပါဘူး"

"မပြောနဲ့လေ၊ ဒီအချိန် ထမင်းဆာမှာပဲ၊ မင်းမျက်လုံးတွေက ထမင်းဟင်းတွေဆီပဲ ရောက်နေတယ်"

"အို"

"မင်းကို ထမင်းကျွေးမယ်၊ မင်းကို ငါ ကယ်လာတာ၊ ငါ့စကားကို နားထောင်၊ ရော ... ဒီမှာ ဝင်ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက စားပွဲရှေ့မှ ကုလားထိုင်တစ်လုံးကို ထ၍ ထိုးပေးသည်။

"ကျွန်မ မစားပါရစေနဲ့"

"မင်း ငြင်းတာ ငါသိတယ်၊ မင်း ဆာနေရက်နဲ့ ငြင်းတာပဲ၊ စို သူ့အတွက် ထမင်းပန်းကန် ထုတ်ကွာ"

"ညီမလေး ... အားမနာနဲ့ စားနော်"

ထမင်းပန်းကန်နှင့် ဇွန်းခက်ရင်းကိုထုတ်လျက် စိုက ပြောသည်။

စိုးဒေဝါ ခေတ္တနားလို သူမမှာလည်းရှိသည်။ ကောင်မလေးက ခေါင်းယမ်းလျက် ...

"ကျွန်မ မစားပါရစေနဲ့"

"ဘာလို့လဲ"

"အစ်ကိုရယ် ... အစ်ကိုက အလုပ်ရှင်၊ ကျွန်မက ဝန်ထမ်း၊ တစ်စားပွဲတည်း စားရတယ်လို့ လူမြင်မတော်ပါဘူး"

"အိုကွယ် ... ညီမလေးက အခုံးစွန် တွေးလိုက်တာကိုး၊ တို့မှာ လူလူချင်း မြင်တတ်ပါတယ်၊ ဒီအချိန်မှာ ညီမလေး ဆာနေတာပဲ၊ အလုပ်ရှင် အလုပ်သမားရယ်လို့ တို့မခွဲခြားပါဘူး၊ လာပါ ... စားပါ"





ထိုစကားကို စိုက ပြော၍ ထမင်းချိုင့်ထဲမှ ထမင်းတွေကို ပန်းကန်တစ်ချပ်ထဲ ထည့်ပေးသည်။ စိုးဒေဝါက တည်ကြည်စွာပင် ထမင်းကိုစားစပြုနေသည်။

ငြင်းမရသည်ကို သိ၍တစ်ကြောင်း။ ဗိုက်ထဲဆာနေတာကို မမျိုသိပ်နိုင်၍တစ်ကြောင်းတို့ကြောင့် ထမင်းဝိုင်းတွင် ထမင်းဝင်စားမိသည်။

အေးဆေးစွာပင် စားကြသည်။

စားစဉ် စိုးဒေဝါရော စိုကပါ ခေါင်းကလေးငုံ့၍ ထမင်းစားနေသူ နှောင်းနွယ်ကို အကဲခတ်သည်။ နှောင်းနွယ် စားသည်မှာ သိမ်သိမ်မွေ့မွေ့ပင်ဖြစ်သည်။

နှောင်းနွယ် ဇွန်းခက်ရင်းကို စနစ်တကျ ကိုင်တွယ်ပြီး ထမင်းလုတ်ကို ပါးစပ်ထဲခွံ့၍ ဝါးနေပုံက ညင်သာသည်။ တဖြည်းဖြည်းချင်း မျိုချသည်။

"နှောင်းနွယ် ဒီမှာ အလုပ်လုပ်ရင်း ပျော်သွားမှာပါ၊ ဒါထက် စောစောက ငါ ဝင်လာတော့ မင်း လူတစ်ယောက်နဲ့ စကားပြောနေတယ်၊ အဲဒါဟာ ဘယ်သူလဲ"

ထမင်းစားစဉ် စိုးဒေဝါက မေးမိသည်။

"နှောင်းနွယ်ရဲ့ယောကျ်ားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ခင်းယောက်ျားကို၊ သူ ဒီကိုဘာလာလုပ်တာလဲ"

"နောင်းနွယ် ဒီမှာ အလုပ်လာလုပ်တာကို သဘောမတူဘူး၊ အခြေအနေကို လာကြည့်တာပဲ"

"နောင်းနွယ် … ဒီမှာ စည်းကမ်းတစ်ခုရှိတယ်"

"ဟုတ်ကဲ့"

"အလုပ်,လုပ်စဉ်မှာ ဧည့်သည်ကို စကားပြောခွင့် မရှိဘူး၊ ဒါဟာ စည်းကမ်းတစ်ရပ်ပဲ၊ အခုတော့ ထားလိုက်တော့၊ နောင်းနွယ်က လူသစ်ဖြစ်တော့ ဘာမှသိသေးတာမဟုတ်ဘူး၊ အခု သိရအောင် ငါ မင်းကို ပြောပြထားတာ"

"ဟုတ်ကဲ့ အစ်ကို"

စိုက ထမင်းစောစောစားပြီးသွားသည်၊ သူ့မ၏ပန်းကန်ကိုယူ၍ လက်ဆေးရာ ဘေစင်အင်ဒုံဆီသို့ သွားသည်။ အဲဒီမှာ ရေလာရာဘုံပိုင်ခေါင်းနှင့် (SINK)ခေါ် အင်တုံရှိသည်။

"ဒါပေမဲ့ မသိနားမလည်တဲ့ ဈေးဝယ်သူလာရင်တော့ မင်း ရှင်းပြနိုင်တယ်၊ ကျောက်မျက်တွေရဲ့ အထားအသိုနဲ့ သူတို့ရဲ့တန်ဖိုးကို နားလည်အောင် သေးနားမှာရှိတဲ့ ဝန်ထမ်းတွေကိုမေး၊ ဟုတ်ပြီလား"





"ဟုတ်ကဲ့ အစ်ကို"

သူတို့ ထမင်းဆက်စားသည်။ ထမင်းစားပြီးတော့ ကျေးဇူးတင်စကားပြော၍ အောက်ထပ်သို့ နောင်းနွယ် ဆင်းလာသည်။

ဝန်ထမ်းသမလေးတွေက နောင်းနွယ်ကို ဘာဘာညာညာ မမေးကြပါ။ စိုက သိမ်းဆည်းပြီးလျှင် သူမရှိရာအခန်းသို့ ပြန်သွားသည်။

တယ်လီဖုန်း လာသည်။

စိုးဒေဝါ စကားပြောဖြစ်သည်။ သူပြောသည်မှာ ကျောက်မျက်ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်သည်။

ပြီးလျှင် စိုးဒေဝါက ဒုရဲအုပ်ကိုစိန်မြင့်အား ဖုန်းနှင့် စကားပြောသည်။ သူ တစ်ခုမေ့နေသည်။

"ကိုစိန်မြင့် … ကျွန်တော် သိချင်တာတစ်ခုရှိတယ်"

"ဆိုပါ ကိုစိုးဒေဝါ"

"ဦးသိန်းလွင်ဦး သေပြီးတဲ့နောက်ပိုင်း သူ့ကိုယ်ပေါ်မှာ ဒါမှမဟုတ် သူတည်းခိုရာနေရာမှာ ဘာတွေများတွေ့ခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးဒေဝါ ဘာကိုဆိုလိုတာလဲ"

"သေတဲ့လူဆီမှာ အိုးကန်ပစ္စည်းတွေ ဘာကျန်ရစ်ခဲ့သလဲ သိချင်တာပါ"

"ဦးသိန်းလွင်ဦး သေသွားတော့ လက်ကိုင်ပဝါတစ်ထည် ရယ်၊ ငွေနည်းနည်းရယ် ဒါပဲတွေ့တယ်၊ တခြားဘာမှမ တွေ့ဘူး"

"သူတည်းတဲ့ အခန်းမှာကော"

"ငွေနှစ်သောင်းကျော်ကို အိတ်ထဲမှာတွေ့တယ်၊ အကျႌ အဝတ်အစားရယ် ဒါပဲတွေ့တယ်၊ ဘာဖြစ်လို့လဲ ကိုစိုး ဒေဝါ"

"ကျောက်တွေ ဘာတွေ မတွေ့ဘူးလား"

"ဘာကျောက်လဲ"

"ပတ္တမြားတွေဗျာ"

"လုံးဝမတွေ့ဘူး"

"အဲဒါ ထူးဆန်းတာပဲဗျာ။ ဦးသိန်းလွင်ဦးဟာ သူ့အသက် မခံရမီက သူ့ဆီမှာရှိတဲ့ကျောက်တွေကို ပြဖူးတယ်၊ သူ့မှာ ပတ္တမြားငါးလုံးရှိတယ်၊ အရည်ကောင်းတွေပဲ၊ ဒီပတ္တမြား





ငါးလုံးကို ကျွန်တော့်ကိုရောင်းဖို့ သူ ဈေးဆိုင်ထားတယ်၊ အဲဒီပတ္တမြားတွေကို ခင်ဗျားတို့ မတွေ့ဘူးလား"

"နိုး ... နိုး ... လုံးဝမတွေ့ဘူးဗျာ"

"ဒါဟာ ထူးခြားတာပဲဗျ၊ ဒီပတ္တမြားတွေဟာ ဘယ်ရောက် သွားလဲ"

"ခင်ဗျားပြောမှပဲ သိရတယ်၊ ကျွန်တော့်ကို ဦးသော်တာမင်း က ဒီအကြောင်းတွေ ပြောမပြခဲ့ဘူး"

"ဦးသော်တာမင်းက ဒီကိစ္စမှာ မသက်ာစရာ ကောင်းနေ ပြီ"

"ဖမ်းဆွဲလိုက်မယ်ဗျာ"

"နေပါဦး၊ ခင်ဗျားစိတ်ထင်လည်း လျှောက်မလုပ်နဲ့ဦး၊ ဦးသော်တာမင်းမှာလည်း အပေါင်းအသင်းတွေရှိတယ်"

"ဦးသိန်းလွင်ဦး သေဆုံးမှုဟာ စိတ်ဝင်စားစရာတော့ ကောင်းနေပါပြီ၊ ကျွန်တော် ဆက်စုံစမ်းဦးမယ်"

"သဘောဗျာ"

ပြောပြီးတော့ စိုးဒေဝါ ဖုန်းကိုချလိုက်သည်။

"ဘုန်းကြီးအမှု ရွာပတ်နေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စကားပုံအတိုင်း ဖြစ်လာရင်တော့ စိုးဒေဝါ ဘယ်ငြိမ်နေမလဲ၊ ရှာမပတ်အောင် လုပ်ရမှာပေါ့"

စိုကပြောသည်ကို စိုးဒေဝါက ပြန်လည်တုံ့ပြန်ရင်း တစ်ချက် တွေစဉ်းစားနေသည်။

သည်ညနေကုမ္ပဏီပိတ်ချိန်တွင် ဝန်ထမ်းတွေအားလုံး ပြန်ကြ၏။

စိုးဒေဝါက နှောင်းနွယ်ကို တွေ့ဆုံ၍ ...

"နှောင်းနွယ် ဘာနဲ့ပြန်မလဲ"

"ကျွန်မ ဘတ်(စ်)ကားနဲ့ ပြန်မယ်"

"ဘယ်လိုစီးရမှာလဲ"

"ဒီကပုစွန်တံဆိပ် ဘတ်(စ်)ကားကိုစီးပြီး ဟိုကမှ ဆင်စီးပြီး မြေနီကုန်းမှာဆင်းမယ်၊ မြေနီကုန်းကနေ လမ်းလျှောက်သွားရုံပဲ"

ဘေးနားတွင် ကပ်ပါလာသော စိုကိုကြည့်ဖြေသည်။

"ကိုယ့်ကားနဲ့လိုက်ခဲ့"

"ကျွန်မ ပြန်လို့ရပါတယ်"

သူမဘာသာ ပြန်ချင်သောဆန္ဒ ရှိပုံရသည်။





"မြေနီကုန်းက ကိုယ်ပြန်မယ့်လမ်းပဲ၊ တစ်ခါတည်းလိုက်ခဲ့ရင် ကိစ္စပြတ်ရော"

"ဟုတ်သားပဲ ညီမရဲ့၊ ကိုယ်တို့ကားနဲ့ လိုက်ခဲ့ပါ၊ အားနာစရာမလိုပါဘူး"

သူမက ငြိမ်နေသည်။ စိုက ကြားမှဝင်ပြောခဲ့ခြင်းဖြစ်သည်။

မနက်စာ ထမင်းကျွေးသည်။

ယခုလည်း ကားနှင့်လိုက်ပို့ပြန်သည်၊

စိုးဒေဝါ သဘောကောင်းနေမှန်း ယခုမှ သိတော့သည်။

○ ❊ ○



www.burmeseclassic.com

www.burmeseclassic.com



## တတ်လမ်းစဉ်(၅)

ကားသည် လမ်းမကြီးတွေမှတစ်ဆင့် ကျိုက္ကဆံလမ်း ဘက်ချိုးသည်။

ကျိုက္ကဆံလမ်းသည် တာမွေနှင့်နီးတာမို့ လူသွား လူလာ မပြတ်ပေ။

ဒါပေမင့် ရှုခင်းကတော့ မကောင်း။

တဲအိမ်နှင့် ပျဉ်ထောင်အိမ်ဟောင်းနွမ်းမှုကိုသာတွေ့ နေရသည်။

ကျောက်မြောင်းထဲဝင်တော့မှ အိမ်ကလေးတွေသပ် သပ်ယပ်ယပ်ရှိနေသည်။ စိုတို့နေသော ရပ်ကွက်သည် သန့်စင် ကောင်းမွန်သော ရပ်ကွက်ဖြစ်သည်။





စို၏အိမ်က လုံးချင်းတိုက်ကလေး။

မာမီသည် တိုက်အိမ်ရှေ့ရှိ ခြံဝင်းကလေးထဲတွင် စိုက်ထားသော ပန်းပင်တို့ကို ရေလောင်းနေခိုက်နှင့်ကြုံရသည်။

မာမီက မြန်မာလိုဝတ်ထားပေမင့် သူမ၏ မျက်နှာက အနောက်တိုင်းမျက်နှာ။ မာမီကချောပါသည်။ အရပ်ထောင်ထောင် မောင်းမောင်းနှင့် ကြည့်ကောင်းသည်။

စိုသည် မာမီ့ဘက်မှလည်းကောင်း၊ ဖခင်ဘက်မှ လည်းကောင်း ဥပမိရုပ်နှင့် အသားအရေ၊ ကိုယ်နေသဘာဝတောင့် တင်းခိုင်မာမှုကို အမွေရထားသည်။

"ဂွဒ်(ဒ်)အီးဗင်းနင်း မာမီ"

"ဂွဒ်(ဒ်)အီးဗီးနင်း မိုင်ဒီးယား"

စိုက စိုးဒေဝါဘေး ကားရှေ့ခန်းမှာ စိုးဒေဝါနှင့်တွဲ ထိုင်လျက်ရှိခဲ့ရာ သူမမာမီကိုမြင်တော့ ကားတံခါးဖွင့်ဆင်းရင်း နှုတ်ဆက်သည်။

ကားနောက်ခန်းတွင် ထိုင်နေသူ နှောင်းနွယ်သည် မိသားစုတစ်စု ဝမ်းပမ်းတသာ ပျော်ရွှင်သည်ကို အပြုံးမျက်နှာလေး နှင့် ကြည့်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းလား အန်တီ"

လူမှုရေးအရ အသုံးမတည့်သော စကားတစ်ခွန်းနှစ်ခွန်းနှင့် နှုတ်ဆက်မိသည်။ နေကောင်းနေတာကို မြင်ရက်နှင့် နေကောင်းလားဟု မေးရသည်မှာ သဘာဝမကျလှပါ။ သို့သော် လူမှုရေးမှာ အကြိုးဝင်သောစကားပဲ။

စိုးဒေဝါ စကားကြောင့် မာမီက ရေလောင်းရပ်လိုက်ပြီး မြန်မာသံနှင့် ...

"အိမ်ထဲဝင်ပါဦးလား မောင်စိုး"

"နောက်တစ်ခါမှ ဝင်တော့မယ်၊ ဟိုမှာ အန်တီနဲ့အန်ကယ် စားဖို့ ဂရင်းဟိုတယ်က ဒံပေါက်ပါတယ်"

စိုးလက်ထဲတွင် ဆွဲထားသော ဒံပေါက်ထုပ်တွေကို မေးငေါ့ပြရင်း စိုးဒေဝါကပြောတော့ မာမီက ခေါင်းညိတ်ရင်း ...

"မင်းက စေတနာနဲ့ ဝယ်လာမှတော့ မာမီတို့ စားရဦးမှာပေါ့ကွယ်၊ ကျေးဇူးပဲ မောင်စိုး ... မိုင်ဆန်း"

တစ်ယောက်ကို တစ်ယောက် အားနာဖို့မလိုပါ။ မကြာမီ သားယောက္ခမဖြစ်တော့မှာကို ဟိုဘက်သည်ဘက် သိကြသည်။





"သွားမယ် မာမီ"

မာမီသည် နောက်ခုံတွင်ထိုင်နေသော ရှင်နှောင်းနွယ်ကို မျက်လုံးပြူးကြီးနှင့် စေ့ကြည့်လိုက်သည်။ မာမီ့အသက်က လေးဆယ့်ငါးနှစ်ပဲ ရှိသေးသည်။ အရွယ်ကောင်းလို့ ဆိုရမှာပေါ့။

မာမီသည် သူ့သမီးစိုအား ရှင်နွဲ့နှောင်းနှင့် စပ်စုကောင်း စပ်စုလိမ့်မည်။

ကားကို ညင်သာစွာမောင်းရင်း ထွက်လာသည်။

"အစ်မစိုချယ်ရီထွန်းတို့ မိသားစုကြည့်ရတာ စိတ်ချမ်းသာတယ် အစ်ကို"

"စိုချယ်ရီက မွေးချင်းတစ်ယောက်တည်းဆိုတော့ အိမ်မှာ ဗိုလ်ပဲပေါ့"

"မိဘကလည်းကြည့်ရတာ ချမ်းသာတာပဲ၊ အစ်မ အစ်ကို့ဆီမှာ အလုပ်လုပ်တာ ကြာပြီလား"

"ကြာပြီပေါ့"

"အစ်ကိုနဲ့ ဘယ်လိုတွေ့ကြတာလဲ"

စပ်စုသည်ဟု ထင်ကြပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



မမေးပဲ မနေနိုင်ပါ။

"တက္ကသိုလ်မှာကတည်းက ခုံကြတာပဲ၊ ကိုယ် ကင်းဘရစ်(ချ်)ယူနီဗာစီတီမှာ အမ်(မ်)အက်ဝီယူတော့ သူ မြန်မာပြည်မှာ ကျန်ရစ်ခဲ့တယ်၊ နောက် ကင်းဘရစ်(ချ်)မှာ ကိုယ်ပညာသင်ပြီး မြန်မာပြည်ပြန်လာတယ်၊ ပထမဆုံး မြန်မာ့တပ်မတော်မှာ ကိုယ် အမှုထမ်းတယ်၊ ကိုယ်က တိုက်ရေခိုက်ရကောင်းတော့ ဒုဗိုလ်မှူးကြီးရာထူးကို အချိန်တိုတိုနဲ့ရတယ်၊ နောက် ပေါင်မှာ တိုက်ပွဲတစ်ခုမှာ ဂန်းရှော့ဖြစ်တယ်၊ ဖိုက အဲဒီအချိန်အထိ ကိုယ့်ကိုပြုစုဆဲပဲ၊ နောက် ဖိုရဲ့တိုက်တွန်းမှုကြောင့် ကိုယ် တပ်ထဲက ထွက်လိုက်တယ်၊ ပြီးတော့ ကျောက်မျက်ဝါသနာပါတဲ့ ကိုယ်က ကျောက်အရောင်းအဝယ်ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်၊ ကိုယ့်ရဲ့ကြိုးစားမှုကြောင့်လား၊ ဖိုရဲ့ပေးမကူညီကြောင့်လား၊ ကံတရားကြောင့်လား မသိဘူး၊ ကိုယ်အောင်မြင်လာတယ်"

"ဖိုနဲ့ အစ်ကိုနဲ့"

"ကိုယ်က ဖိုကို တစ်နေ့မှာ လက်ထပ်မှာပါ နှောင်းနွယ်"





ဖိုးအေဝါသည် သူက ထောက်လှမ်းရေးလုပ်နေသည်ကိုတော့ ထပ်မပြောပါ။ ကားကဆူးလေ၊ သိမ်ကြီးဈေးတို့ဖြတ်ကျော်၍ ဗိုလ်ချုပ်လမ်းဘက် ရောက်လာသည်။ ရန်ကုန်ထောင်ကြီးကို မြင်တွေ့ရ၏။

"ရန်ကုန်ထဲမှာ ရန်ကုန်ထောင်ကြီးထားတာတော့ မြင်မကောင်းပါဘူး အစ်ကိုရာ"

"ကြံတောနဲ့ ဘာမှေ့သချိုင်းတောင် ရန်ကုန်ထဲထားသေးတာပဲ၊ ထောင်က ဘာအကြောင်းမှတ်လို့၊ အင်္ဂလိပ်တွေက တို့မြန်မာတွေကို အမှတ်ရ ကြောက်စေဖို့ ကြံတောသချိုင်းနဲ့ ရန်ကုန်ထောင်ကြီးကို ရန်ကုန်ထဲ ထားတာပဲ"

"ကျက်သရေမရှိဘူး အစ်ကိုရာ၊ ဖဆပလအစိုးရက ဒါတွေကို ပယ်ရှားဖို့ ကောင်းနေပြီ"

"နောက်အစိုးရတက်ရင်တော့ ပယ်ရှားကောင်း ပယ်ရှားမလား မသိဘူး"

"အစ်ကိုက အံ့ဩဖို့ကောင်းတယ်၊ ဒီအစိုးရလက်ထဲမှာ ကောင်းကောင်းနေရသားနဲ့ နောက်အစိုးရကို မျှော်သလား၊ အစ်ကိုလည်း ဖေဖေ့လို ထောင်နှုတ်ခမ်းနား နီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အစိုးရဆိုတာ တည်မြဲတာမှ မဟုတ်ဘဲ၊ ခေတ်အလိုက် ပြောင်းလွဲနေတာပဲ၊ ဒီမိုကရေစီအစရဆိုရင် ပြည်သူရဲ့ဆန္ဒ အရပေါ့"

"ပြောသာပြောတယ်၊ ဖဆပလလည်း အုပ်ချုပ်ရေးမှာ အကြံသံပါနေပြီ အစ်ကို"

"အလဲ့ ... ရှင်နောင်းနွယ် ဆိုတဲ့ ကောင်မလေးကလည်း ဘယ်ဆိုးလို့လဲ၊ ဖအေ့ဆွေးပါတယ်နော်"

စိုးအေဝါ၏ပြောစကားက ရှင်နောင်းနွယ်ကို စကား ပြတ်သွားစေသည်။ ရှင်နောင်းနွယ် စကားမဆက်တော့ပါ။

စိုးအေဝါက ကားကို အရှိန်ပြင်းပြင်းလေး မောင်း လာသည်။ ထိုခေတ်ကာလက မီးပွိုင့်တွေကို လမ်းတိုင်းတွင်မထား ပါ။

ယာဉ်များအသွားအလာ နည်းသည်တစ်ကြောင်း၊ မီးပွိုင့်၏စည်းကမ်းကို လူအများသိရှိနားလည်မှု စိတ်မဝင်စားသော ကြောင့်ဖြစ်သည်။

ယာဉ်တိုက်ခိုက်ခြင်းတွင် လူကိုတိုက်မှုနည်းပါးသေး သည်။ လူတွေကလည်း သွားလာရာတွင် စည်းကမ်းမရှိ။ ယာဉ် ကို ကြည့်ရှောင်သလို ယာဉ်မောင်းကလည်း လူကိုရှောင်သည်။





ပြည့်လမ်း မြေနီ ၇ွန်းတွင် မီးပွိုင့်ထားသည်။ မီးပွိုင့် တွင် အစိမ်းနှင့်အနီသာဖြစ်၏။

ဒါတွေကိုကျော်ဖြတ်ပြီး မြေနီကုန်းကို ကွေ့ဝင်သည်။ အဲဒီမှာ ဝိဇယရုပ်ရှင်ရုံ ဆောက်လုပ်ကာစရှိသည်။

ရှမ်းလမ်းသို့ရောက်အောင် ကွေ့ဝင်ခဲ့သည်။

"နောင်းနွယ် ဘယ်မှာနေသလဲ"

"ဗျာပုံလမ်းထဲမှာ"

မြေနီကုန်းမှ ရှမ်းလမ်း၊ ရှမ်းလမ်းမှ ဗျာပုံလမ်းထဲ သို့ သူ ကွေ့ကာ ကားကို ဗျာပုံလမ်းထဲ မောင်းဝင်လာသည်။ ပျဉ်ထောင်အိမ်တွေ ရှိနေသည်။ ထိုအိမ်များအနက် နောင်းနွယ်၏ ညွှန်ပြချက်အရ ပျဉ်ထောင်အိမ်အိုတစ်လုံးရှေ့တွင် ထိုးရပ်လိုက် သည်။

"အစ်ကို အိမ်ထဲဝင်ပါဦး"

ဝတ္တရားအရ မဟုတ်ဘဲ နောင်းနွယ်က ဖိတ်ခေါ် သည်။

"နောင်မျှားမှပဲ လာလည်တော့မယ် နောင်းနွယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောစဉ် စိုးဒေဝါ မျက်လုံးတွေက အိမ်ဘက်သို့ ကားစတီယာဘိုင်ကိုကိုင်ရင်းမှ ကြည့်မိသည်။

အိမ်ထဲမှ လူတစ်ယောက် ထွက်လာနေသည်။

မှတ်မိသည်။ နေ့လယ်က ကုမ္ပဏီသို့လာပြီး နောင်းနွယ်နှင့် စကားပြောသူဖြစ်သည်၊ သူက အေးဆေးစွာ ထွက်လာသည်။ မျက်နှာကတော့ တည်တည်နှင့် ခပ်မှုန်မှုန်ပင်။

"နောင်းနွယ် ပြန်လာပြီလား"

နောင်းနွယ်က နောက်ခန်းတံခါးကို ဖွင့်ဆင်းချိန်တွင် ထိုလူအနီးသို့ ရောက်လာသည်။ နောင်းနွယ်က အရေးမလုပ်ဘဲ စိုးဒေဝါကိုကြည့်ကာ ...

"အစ်ကို လိုက်ပို့တာ ကျေးဇူးပဲ၊ အစ်ကို့ကို တစ်နေ့မှ ကျေးဇူးပြန်ဆပ်ရမယ်"

"မလိုပါဘူး နောင်းနွယ်ရာ"

"သွားတော့မယ်နော်"

ပြောပြောဆိုဆို အိမ်ဘက်သို့ နောင်းနွယ်ထွက်သွားသည်။





အိမ်ထဲမှ ထွက်လာသူသည် နောင်းနွယ်သွားရာကို ကြည့်ပြီးမှ ...

"ကိုစိုးဒေဝါ မဟုတ်လား"

ကားစက်သော့ကို ပြန်ဖွင့်နေသော စိုးဒေဝါက လှည့်ကြည့်ကာ ...

"ဟုတ်တယ်"

သူ့အသံက သံပြတ်။

"ခင်ဗျားကို ကျွန်တော် စကားပြောစရာရှိတယ် ကိုစိုးဒေဝါ"

"ပြော"

"ဒီမှာပြောလို့ မဖြစ်ဘူး၊ တစ်နေရာရာမှာ စကားပြောမယ်၊ မြမာလာဘားမှာပြောမယ်"

"မြမာလာ ... မြမာလာက ဘယ်မလဲ"

"ကျွန်တော်ညွှန်ပြတဲ့အတိုင်း မောင်းပါ"

မြမာလာဘားသည် မြေနီကုန်းလမ်းကြီး အဝင်ဝမှာ ပဲရှိ၏၊ စိုးဒေဝါ သတိမမူမိခဲ့သဖြင့် မတွေ့ခဲ့ခြင်းဖြစ်သည်။

ဘားပေါင်းစုံသို့ အလုပ်နှင့်သော်လည်းကောင်း၊ အပေါင်းအသင်းများကြောင့်သော်လည်းကောင်း စိုးဒေဝါ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပူးနဲ့ပေမင့် ဤမြမာလာဘားသို့ စိုးဒေဝါ တစ်ခါမှမရောက်ဘူးခဲ့ပေ။

မြမာလာသည် တဲတန်းအိမ်ကြီးတစ်လုံး ဖြစ်သော်လည်း သပ်ရပ်သည်။

အတွင်းက စားပွဲနှင့် ကုလားထိုင်များ သပ်သပ်ရပ်ရပ်ရှိ၏။

အော်လံနှင့် ခါတ်ပြားထည့်ထားသော စက်သီချင်းတစ်ပုဒ်ကို ညင်သာတိုးတိုးဖွင့်ထား၏။

ထူးခြားတာက ကောင်မလေးတွေ။

ထဘီအဝါနှင့် အင်္ကျီအဖြူ လက်မောင်းပြတ်ဝတ်ထားသော ကောင်မလေးသုံးယောက်က စားသုံးသူများ စားသောက်ကြစေရန် လာသမျှ မှာသမျှ အစားအသောက်နှင့် အဖျော်ယမကာကို ချပေးသည်။

ဒါပေမဲ့ ဒီမှာက အရက်မရ။

ပုလင်းဘီယာပဲရသည်။

စိုးဒေဝါ ဆိုင်တွင်းကို အကဲခတ်ကာ လူလွတ်သောစားပွဲတစ်ခုတွင် ဝင်ထိုင်သည်။





သူနှင့် မျက်နှာချင်းဆိုင်တွင် နောင်းနွယ်တို့အိမ်ထဲမှ ထွက်လာသူက ဝင်ထိုင်၏။ ဆိုင်ထဲမှာ လူကျဲနေသည်။ ထိုခေတ်က အရက်ဘီယာသောက်သုံးသူနည်းသည်။

သူ့ရှေ့မှလူမှာ ကိုအောင်သန်းဦးမှန်း စိုးဒေဝါကသိသည်။ သိသော်လည်း မသိဟန်ဆောင်နေသည်။

မျက်နှာက အောသွပ်သွပ်ရှိလျက် မျက်လုံးတွေက နီကြောင်ကြောင်ရှိ၏။ ဒိုးသမားမှန်း မပြောဘဲနှင့်သိ၏။

"ခင်ဗျား ဘယ်သူလဲ၊ ဘာပြောမလဲ"

သိသော်လည်း မသိဟန်ဆောင်တာက ပိုအရာရောက်မည်ဟု ထင်၏။

အောင်သန်းဦးသည် စိုးဒေဝါကို စားပွဲပေါ်မှ ကျော်ကြည့်သည်။

"ကျုပ်နာမည် အောင်သန်းဦး၊ နွယ်ရဲ့ယောက်ျား"

သူက သံပြတ်နှင့်ပြောသည်။

"ဟုတ်လား"

စိုးဒေဝါက အောင်သန်းဦးကို အေးစက်စက်မျက်လုံးများနှင့် ကြည့်ဘိသည်။ အောင်သန်းဦးက ထိုမျက်လုံးတွေကို မရင်ဆိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသုံးဆောင်ကြမလဲရှင်"

အနားသို့ ကောင်မလေးတစ်ယောက် ရောက်လာသည်။ ရုပ်ကလေးက မဆိုးပါ။ အသားက ညိုစိမ့်စိမ့်။ အသက်နှစ်ဆယ်လောက်ရှိမည်။

"ဘာတွေရလဲ"

"ဘီယာ၊ လက်ဖက်ရည်၊ ကော်ဖီ၊ ပလာတာ၊ ဘီယာနဲ့ မြည်းဖို့ အမြည်းအစုံရတယ်"

"မင်းတို့ဆိုင်က တယ်ဆန်းပါလား၊ လက်ဖက်ရည်၊ ကော်ဖီရတယ်"

ကောင်မလေးကို ပြောသည်။ စိုးဒေဝါသည် ကောင်မလေးကို မနှစ်သက်ပါ။ အင်္ကျီလက်ပြတ်ဝတ်ထားသော သူမကိုယ်မှ ချိုင်းနံ့နှင့် ချဉ်စုတ်စုတ်အနံ့ကို ရနေသောကြောင့်ဖြစ်သည်။

"ငါ့အတွက် ကော်ဖီ၊ ဒီကာမိတ်ဆွေက"

"ကျွန်တော့်အကြောင်း သူတို့သိတယ်၊ ဟေး ... ငါ့အတွက် ဘီယာတစ်ပုလင်း"

ပြီးတော့ စိုးဒေဝါအား မချိုမချဉ်မျက်နှာနှင့် ...





"ကော်ဖီ ဘာလို့သောက်မလဲ၊ ဘီယာသောက်ပါလား၊ ကျုပ်တိုက်မှာပါ"

"ကော်ဖီပဲသောက်မယ်"

ပြောပြီး စိုးဒေဝါက မိန်းကလေးကိုကြည့်ကာ ...

"မှာတဲ့အတိုင်းလုပ်"

ဟုပြောသည်။ မိန်းကလေး ထွက်သွားသည်။

"ဆိုင်က မဆိုးဘူး၊ ဒါပေမဲ့ အလုပ်သမားတွေက ညစ်ပတ်တယ်"

"ဒါက သူတို့အလုပ်လုပ်နေတာကိုး ကိုစိုးဒေဝါ"

"ခင်ဗျား ဘာပြောမလဲ"

"ခင်ဗျားကျုပ်ကိုက နွယ် ဘယ်လိုရောက်လာသလဲ"

စူးစမ်းသောအကြည့်နှင့် အောင်သန်းဦး၏အကြည့်ကို စိုးဒေဝါ ခံရသည်။ စိုးဒေဝါသည် အောင်သန်းဦးကို ပြန်ကြည့်သည်။

သူတို့ မျက်လုံးချင်းဆိုင်မိ၏။

အောင်သန်းဦးက အရင်မျက်နှာလွှဲသည်။

"နောင်းနွယ်က ဘာကြောင့် ကျုပ်ဆီ အလုပ်ဝင်ရတယ်ဆိုတာ ပြောမပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူး၊ ဒီကောင်မက သူ့ကိုယ်သူ ထင်တစ်လုံးရှိနေတာပဲ"

သည်အတိုင်းဆိုလျှင် သူတို့လင်မယား အစေးကပ်ပုံမရဟု ထင်သည်။

"ကျုပ်ပြောမယ်၊ နှောင်းနွယ်နဲ့ ကျုပ် စ,တွေ့တာက မနေ့ကနေ့လယ်လောက်ကပဲ၊ သူ့ကိုယ်သူ သေကြောင်းကြံမလို့"

ဟု စကားစချီသည်။ သူနှင့် နှောင်းနွယ် အဖြစ်ကို ပြောပြလိုက်သည်။ နောက်ဆုံးစကားတွင် ...

"သူပြောတာ ဟုတ်သလား၊ မဟုတ်သလားဆိုတာ ခင်ဗျားအသိဆုံးပဲ"

"ဟုတ်တယ်၊ နွယ်ပြောတာ အမှန်ပဲ၊ ဒါပေမဲ့ ကျုပ် နွယ့်ကို အသက်သေချင်လောက်အောင် ဆန္ဒမရှိဘူး"

"အေး ... ခင်ဗျားက ဆန္ဒမရှိပေမယ့် သူ့ခမျာ အနိုင်စက်ခံရတာကိုး၊ ဒါကြောင့် ကျုပ်က ပုံမိုးကျညီတဲ့အနေနဲ့ အလုပ်ပေးခဲ့မိတာပဲ"

"ခင်ဗျားအကြံ ကျုပ်သိပါတယ် ကိုစိုးဒေဝါ"





ပြောစဉ် မိန်းကလေးစားပွဲထိုးက မှာထားသောကော်ဖီ၊ ဘီယာနှင့် အမြည်းအချို့ လာချသည်။ နှုတ်မှလည်း ...

"ဆယ်နှစ်ကျပ်တိတိ"

"အေးပါဟာ"

အောင်သန်းဦးကပြော၍ သူ့အိတ်ကပ်ထဲမှ ငွေဆယ့်နှစ်ကျပ်ကို ရေတွက် ထုတ်ပေးလိုက်သည်။ ကောင်မလေးထွက်သွားမှ ...

"ခင်ဗျားအကြံ ကျုပ်သိပါတယ်"

"ဘာလဲ"

"နွယ့်ကို ဇာတ်လမ်းလုပ်မလို့ မဟုတ်လား၊ ခင်ဗျားက ကျေးစူးရှင်အဖြစ်ခံပြီး နွယ်နဲ့ ဇာတ်လမ်းဖန်တီးမယ်ဆိုတာ ကျုပ် သိပြီးသား"

ထိုစကားသည် စိုးဒေဝါ၏ဂုဏ်သိက္ခာကို ထိခိုက်သောစကား ဖြစ်သောကြောင့် စိုးဒေဝါ ရင်ထဲ ထောင်းခနဲဖြစ်သွား၏။ သူသည် အပြောခံရပေါင်း များနေပြီမို့ ဉာဏ်ဖြေကို ချုပ်တီးနိုင်သည်။

"တော်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ထိသွားလား"

"ဒီမှာ ကိုအောင်သန်းဦး၊ ခင်ဗျားကို ကျုပ်မသိဘူး၊ ခင်ဗျားက ကျုပ်ကိုအသိဖွဲ့ပြီး ဒီနေရာခေါ်လာပြီး စော်ကားတာပဲ၊ ကျုပ်မှာ ဒီလိုအကျင့်မျိုးမရှိဘူး၊ ပြီးတော့ နှောင်းနွယ်ကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ ခင်ဗျားဗျာ အပြောအဆို အတော်အောက်တန်းကျတဲ့လူ"

စိုးဒေဝါ စကားသံက ကျယ်လောင်သွားသည်။

သူတို့နှင့် အနီးဆုံးမှာ လူသုံးယောက် ဘီယာသောက်နေကြသည်။

စိုးဒေဝါကို လှည့်ကြည့်ကြသည်။

မိမိအနည်းငယ်မှုပျက်မှုကို စိုးဒေဝါက ပြန်လည်ထိန်းသိမ်း၍ ...

"ကျုပ်မှာ နွယ့်ကို ကယ်ဆယ်ခဲ့တာ သနားတာကလွဲလို့ ဘာရယ်ရွယ်ချက်မှ မရှိဘူး"

"ဇာတ်လမ်းဖန်တီးမှုဟာ သနားတာက စလာတာပဲ မဟုတ်လား"





"တော်ဗျာ၊ ပြောရင်း ခင်ဗျား လွန်လာပြီ၊ ခင်ဗျားမကျေနပ်ရင် ခင်ဗျားမိန်းမ ခင်ဗျားပိုင်တာပဲ၊ အလုပ်မဆင်းခိုင်းနဲ့ပေါ့"

စိုးဒေဝါက ကော်ဖီကိုတောင် မသောက်တော့ဘဲ ရှုသိုးသိုးမျက်နှာနှင့် ထွက်လာသည်။ မိမိအား ဘီယာဆိုင်ခေါ်၍ သက်သက်မဲ့ ရန်စခြင်းဟု ယူဆသည်။

သူ ကားနားရောက်ခါနီး၌ ...

"ဟေး ... ဘော်ဒါ"

နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်၏။

သူတို့စားပွဲနှင့် အနီးဆုံးစားပွဲတွင် ဘီယာထိုင်သောက်နေခဲ့ကြသူ လူသုံးဦးဖြစ်နေ၏။

သုံးယောက်စလုံး ပေပေရေရေနှင့် မိုက်တိမိုက်ကန်းရုပ်တွေ ပိုင်ဆိုင်ထားသည်။

သူတို့ဟန်ပန်သည် အလုပ်ကြမ်းသမားတွေ ဟန်ပန်ဖြစ်သည်။

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှုသိုးသိုးနှင့် စိုးဒေဝါက မေးသည်။ လူသုံးယောက်က သူ့ကိုဝိုင်းရဲလိုက်ကြသည်။

"မင်း ငါတို့အပေါင်းအသင်းကို ဘာစကား ပြောသွားတာလဲ"

"မင်းတို့ ဘာကောင်တွေလဲ၊ ဘယ်ကလဲ"

စိုးဒေဝါ၏ ခါးထောက်ကာ ခပ်တည်တည်မေးမှုက လူသုံးယောက်စလုံးကို ထိခိုက်သွားကြပုံပေါ်သည်။

တစ်ယောက်က ကိုယ်ကြီးယိမ်းပိုင်နေရာက လေးတေးတေးအသံကြီးနှင့် ...

"အောင်သန်းဦးဟာ တို့အပေါင်းအသင်းပဲ၊ မင်းက သူ့ကို အောက်တန်းကျသလေး ဘာလေးနဲ့ ပြောစရာလား၊ ဒီမှာ ကိုယ့်လူ"

လျှာလေး အာလေးနှင့် ပြောရင်း စိုးဒေဝါ၏ပခုံးကို ပုတ်လိုက်သည်။

"မင်း ငယ်ပါသေးတယ်ကွာ"

"ဘာကွ"





ပြောပြောဆိုဆို ထိုလူ၏လက်ကို စိုးဒေဝါက ခပ်ကြမ်းကြမ်း ပုတ်ဖယ်လိုက်သည်။ တစ်ယောက်က စိုးဒေဝါကို စူးစိုက်ကြည့်ရင်းမှ ညာလက်သီးနှင့် စိုးဒေဝါကို ထိုးလိုက်သည်။

သတိရှိနေသော စိုးဒေဝါ။

တည့်မတ်စွာ ဝင်လာသော လက်သီးကို စိုးဒေဝါ ခေါင်းငုံ့ရှောင်သည်၊ လက်သီးက မျက်နှာရှေ့မှ ဝဲပျံထွက်သွားသည်။

"အင့်"

လက်သီးသမား၏ဝမ်းဗိုက်ကို စိုးဒေဝါက လက်ဝါးစောင်းနှင့် ခုတ်ပစ်လိုက်၏။

လက်သီးသမားမှာ ဝမ်းဗိုက်ကို လက်နှင့်ဖိ၍ ပါးစပ်မှ အသံထွက်ကာ ဖင်ထိုင်ကျသွားတော့သည်။

သူ့ရှေ့မှလူ၏ ပေါင်ခွကြားကို စိုးဒေဝါ ညာခြေခုံနှင့် ခတ်ပစ်လိုက်၏။ ရှေ့မှာရပ်နေသူက သူ့လက်သီးမသုံးနိုင်မီ ဖင်ထိုင်ကျသွားပြန်၏။

စိုးဒေဝါကို ပခုံးပုတ်သူမှာ ကြောင်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ သည်မှုမြန်လိမ့်မည်ဟု မထင်မိပေ။ စက္ကန့်ပိုင်းကလေးမှာ ရှောင်တိမ်း၍ အတိုက်အခိုက် ကျွမ်းတာကိုတော့ သူ သိသွား၏။

အသတ်အပုတ်တွင် ကျွမ်းကျင်ပြီးသော စိုးဒေဝါက ကြောင်နေသူ ဘာမှမလုပ်နိုင်မီ ထိုသူ၏အရိုက်ထဲသို့ ဘယ်ညာလက်သီးနှစ်လုံးကို ရှေ့ဆင့်နောက်ဆင့် ပစ်သွင်းပေးလိုက်သည်။

"အား ... အင့်"

ညည်းသံလှလှကလေးက စိုးဒေဝါနားဝယ် ချိုမြဘိ၏။ ထိုလူတွေ လဲရာမှ မထနိုင်မီ သူ့ကားသို့ တစ်ရှိန်ထိုး လျှောက်သွားသည်။ နောက်ထပ် ရန်ဖြစ်ချင်စိတ် မရှိပါ။

ကားထဲဝင်ထိုင်ပြီး ကားကို တစ်ရှိန်ထိုး ထွက်သွားသည်။

အဖြစ်အပျက်မှာ မြန်သည်။ သောကလူတွေတောင် ဤမျှ သပ်ရပ်ပြီး ထိုးချက်တိုက်ချက် ကောင်းလှသူ၏ လျင်မြန်မှုကို တအံ့တသြ ဖြစ်ကြရသည်။ ကားထွက်သွားမှ ဝမ်းဗိုက်ကို နှိပ်သူနှိပ်၊ လည်ပင်းကိုကိုင်၍ ထလာသူသုံးဦးကိုကြည့်၍ ပြုံးသူ၊ ရယ်သူများ ရှိကြသည်။





အဲဒီလူတွေက လမ်းသွားလမ်းလာတွေ။

လူသုံးဦးကို သူတို့ သိကြပါသည်။

ဤလူတွေက ဤရပ်ကွက်တွင် မိုက်သွေးပြနေကြသူဖြစ်သည်။ လူကောင်းတွေက သူတို့ကိုချဉ်သည်။

သူတို့က စိတ်မထင်လျှင် လူကောင်းသူကောင်းတွေကို ရန်လိုတတ်ကြသည်။ ဘီယာဆိုင်တွင် အလကားသောက်သုံးရသဖြင့် ဘီယာဆိုင်၏ အစောင့်အရှောက်များဆိုလျှင် မမှားပေ။ သည်ကောင်တွေက သူတို့၏မိုက်ဂုဏ်ကို ပြတတ်ကြသည်။

ယခုတော့ ခံရသဖြင့် ကောင်းလေစွ။

○ ❋ ○



www.burmeseclassic.com

www.burmeseclassic.com



## တံတော်လမ်းစဉ်(၆)

"ဖယ်ခမ်းပါ ဒီလက်က၊ အိုး ... သိပ်မညှာစ်နဲ့ နာတယ်"

"နွယ်လေးကို သိပ်ချစ်လို့ပါ"

"ချစ်ရင် ခိုင်းပါ့မလား"

"ကွာ... ဒါပဲပြောနေတယ်၊ နွယ့်ကိုခိုင်းလို့ ဒီလူ ပြသနာ ပြေလည်သွားမယ်"

"ချစ်တဲ့လူအန္တရာယ်ရှိမှာတော့ မပြောဘူး၊ တစ်နေ့ သူ ရိပ်မိသွားရင် ဘယ်လိုလုပ်မလဲ"

"မိန်းမတစ်ယောက်ရဲ့ကြောကွင်းမှာ ခါယာဉ်ရှိယာယ်နဲ့ချုပ် ခံရရင် ယောကျ်ားတစ်ယောက်ဟာ ဘယ်လိုမှ မလှုပ်နိုင် ပါဘူး၊ သူ ဆန့်သွားရုံပဲရှိတယ်၊ မရိပ်မိခင် နွယ်လေးက အမြန်ဆုံး လုပ်ဆောင်ပေးပေါ့"





"ကြည့်ပါလား၊ လာပြန်ပြီ ဒီလက်၊ နွယ့်ကို ကသိကအောင့် ဖြစ်အောင်တော့ မလုပ်နဲ့၊ စိတ်တိုတယ်"

"ကွာ ... ချစ်လို့ပါ"

အချိန်က ညဏ်မဟုတ်ရာရောင်။

ရှစ်နာရီထိုးပြီးခ။

အိမ်ရှေ့ခန်းရှိ ရေဒီယိုကမြန်မာ့ အသံမပြီးသေး။ ရေဒီယိုကကြေညာသည်။

တိုက်ပွဲသတင်းတွေ။

ညောင်လေးပင်ကို ရောင်စုံသူပုန်တို့ ဝင်တိုက် သည်။

ရောင်စုံဆိုတာ ထိုခေတ်က ကေအင်ဒီအို၊ ကွန်မြူ နစ်၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ စသည်တို့ စုစည်းထားသော သူပုန် တွေ။

ခုခေတ်အခေါ်တော့ အကြမ်းဖက်သမား။

တပ်မတော်နှင့် ရဲ၏ တွန်းလှန်ဖြိုဖျက်မှုကြောင့် ညောင်လေးပင်ကို မရသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော … နားထောင်၊ ကိုအောင်ရဲ့လူတန်းစားပါတီပါ လျက်နဲ့ ရှုံးနိမ့်သွားတာပဲ"

"ဒါက တစ်ပွဲပါ၊ ကောအင်ဒီအိုတွေနဲ့ပေါင်းလိုက်လို့ပါ၊ တို့လူတန်းစားပါတီက မညံ့ပါဘူး"

စုတင်ဆေါ်တွင် ရေဒီယိုနားထောင်လျက်က နွယ်က ပြောသော အောင်သန်းဦးက ပြန်လည်ချေပရင်း လက်ကတစ်နေရာ ကို ဘယ်လိုလုပ်လိုက်သည်မသိ။

ဈေးရောယှက်တင် ကိုယ်နှစ်ကိုယ် ပူးကပ်နေရာမှ နွယ်က အောင်သန်းဦးကို တွန်းထုတ်ဖယ်လိုက်သည်။

အောင်သန်းဦးက အသံထွက်အောင်ရယ်၍ …

"ဟား ဟား ဟား … နွယ် အရှုံးပေးသွားပြီပေါ့"

"လူကို ကျွဲသတ် နွားသတ် သတ်နေတာပဲ၊ လူတန်းစား ပါတီဝင်ခေါ်လောက်ပါပေရဲ့"

"ဒီလိုတော့ မပြောပါနဲ့ နွယ်ရာ၊ ကိုယ်တို့ပါတီမှာ မိန်းမ ယောကျ်ား ရောယှက်မှုကို အမှုမထားပါဘူး၊ တစ်ဦးနဲ့ တစ်ဦး ဘဝတူချင်း အတူတူပဲ ထားတာပါ၊ တကယ်တော့





ကိုယ့်ရဲ့စိတ်ထဲမှာ သဘာဝဖျော်ဖြေမှုလို့ပဲ သဘောထား တယ် နွယ်ရဲ့၊ ကျွဲသတ် နွားသတ် မလုပ်ပါဘူး"

"တော်ပြီကွာ၊ အိမ်ရှေ့သွားတော့မယ်"

နွယ်က ကပိုကရိုဖြစ်နေသော အဝတ်အစားတို့ကို ပြန်လည်ပြင်ဝတ်ပြီး အိမ်ရှေ့သို့ထွက်လာသည်။

ဖပ်ဖြိုဖြိုမျက်နှာနှင့် နောက်မှ ကပ်လိုက်လာလေ သည်။

နွယ်က ကုလားထိုင်တစ်လုံးတွင် ထိုင်ရင်း …

"ညနေကကိစ္စကို ပြောပါဦး"

"ဘီယာဆိုင်ကို ခေါ်သွားတယ်၊ ဒီလူက သိပ်ကြီးကျယ်တဲ့ လူပဲ၊ ဘီယာမသောက်ဘူး၊ ကော်ဖီကိုမှာတယ်"

"နောက် … ကိုယ်က သူ့ကိုရိတယ်၊ ကိုယ် ရိတာကို သူ မခံနိုင်ဘူး၊ စိတ်ဆိုးပြီး ကော်ဖီတောင်မသောက်တော့ ဘူး၊ အဲဒီမှာ ကိုယ် လူသုံးယောက်က သူ့နောက်လိုက် သွားတယ်၊ မှုကြီးရယ်၊ စိန်ကြီးရယ်၊ သက်နှင်းရယ် သည်လူကို ဝိုင်းတွယ်မယ်ပေါ့၊ တကယ်တော့ တွယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရပါဘူး၊ ဟိုက သူတို့ကို ဖြိုပစ်တာ သုံးယောက်လုံး ဖလက်ပဲ၊ အဲနောက် ဒီလူကားမောင်းထွက်သွားတယ်"

"ကိုစိန်ကြီးတို့က အတွေ့အကြုံ ရှိပြီးသားပဲ"

"မလွယ်ဘူး၊ ကိုယ်ခိုင်ထဲကထပြီးကြည့်တော့ စတ္တုန့်ပိုင်းအတွင်း သုံးယောက်လုံး လဲကျသွားတယ်"

"စိုးဒေဝါ မြန်လွန်းလို့ ဒီနေ့အထိ အသက်ရှင်နေတာပေါ့"

"အေး ... အဲဒီလို မြန်လွန်းတဲ့ စိုးဒေဝါဟာ မိန်းမတစ်ယောက်ရဲ့ညွှတ်ကွင်းထဲမှာ မြန်နိုင်မှာမဟုတ်ဘူး၊ ချွေသွားမှာပဲ"

"ကိုအောင်က ထင်နေသလား"

"ထင်တာပေါ့ ... အခုပဲကြည့်လေ၊ အိမ်တိုင်ရာရောက်ကားနဲ့တောင် ပို့တာ၊ ဒါဟာ သူ့စိတ်ထဲငြိလို့ ဖြစ်မှာပေါ့"

"ကိုအောင်တို့ ပါတီက သူ့ကို လုပ်ကြံဖို့ ဘယ်လောက်အချိန်ပေးသလဲ"





"ကိုအောင် တာဝန်ယူထားတာ နှစ်ပတ်ပဲ"

"ဟင် ... ဒီလိုဆို နွယ်က နှစ်ပတ်အတွင်း ကိုအောင့်ဆန္ဒကို ဖြည့်ရမှာပေါ့"

"ဒါပေါ့"

နွယ် စဉ်းစားတွေဝေနေသည်။ ကိုအောင်က နွယ့်နားသို့ တိုးကပ်သွား၍ နွယ်၏ချောမွတ်သော မေးလုံးကလေးကို လက်နှင့်ဖျစ်ရင်း ...

"နွယ်လေးကို ကိုအောင်က အားကိုးတာပဲ၊ စိုးဒေဝါကို ဒီနည်းနဲ့ ကြံဖန်သတ်မှသေမှာ နွယ်ရဲ့"

"သူ့ကို ဘယ်လိုသတ်ရမလဲလို့ စဉ်းစားနေတာ"

"နေဦး ... နွယ်၊ ကိုယ် နွယ်လေးကို ပြစရာရှိတယ်"

ကိုအောင် အိပ်ခန်းဘက်သို့ ပြန်သွား၏။ မကြာမီ ပြန်ထွက်လာ၍ လက်ထဲက ပုလင်းကလေးတစ်လုံးကို ထုတ်ပြသည်။ ပုလင်းမှာ လက်ညှိုးတစ်လုံးသာသာရှိသည်။

"အဲဒီက အဆိပ်မှုန့်ကို သူ သောက်မယ့် ရေထဲဖြစ်ဖြစ်၊ ကော်ဖီ၊ လက်ဖက်ရည်ထဲဖြစ်ဖြစ်၊ အရက်ဘီယာထဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်ရုံပဲ၊ ဒီလူဟာ ဒီဆေးသောက်ပြီး နှစ်ဆယ့်လေးနာရီပဲခံမယ်၊ ကိုယ်တို့ တောတွင်းပါတီမှာ သတ်မှတ်ထားတဲ့ဆေး။ ကိုယ်က မြေပေါ်အဖွဲ့ အစည်းမှာပါတော့ တောတွင်းပါတီက သတ်မှတ်ပေးအပ်လိုက်တဲ့ အခစိပ်မှုနဲ့ တွေပဲ၊ ရော ... ယူထား၊ အလျှင်းသင့်သလို စိုးဒေဝါကို စီရင်လိုက်"

ပုလင်းလေးကို နှောင်းနွယ် လက်သို့ ကမ်းပေးလိုက်၏။ နှောင်းနွယ်က လှမ်းယူသည်။

"နှောင်းနွယ် ... ကိုအောင်ပေးတဲ့ တာဝန်ကို အတိအကျ ထမ်းမှာပါ၊ ကိုအောင် စိတ်မပူပါနဲ့"

"ကိုအောင် ... နွယ်လေးကို စိတ်ချပါတယ်"

ကိုအောင်က နွယ်ထိုင်နေရာတွင် အပေါ်မှမိုး၍ နွယ်လေးကို ဖက်လိုက်၏။

နွယ်က ငြိမ်နေသည်။

ပြီးတော့ ဆင့်ကဲလာတာ ကိုအောင်၏အနမ်းမိုး။

ဟင့် ... ကိုအောင်ရယ်။





နွယ်၏ ရင်တွင်းမှ မြည်တမ်းသံလေး။

စိုးဒေဝါရင်ထဲမှာ ဖြစ်ခဲ့ရသောအဖြစ်ကို မတွေးဘဲ မနေနိုင်။

သူ့အပေါ် ကိုအောင်သန်းဦး ဆိုသူ၏ မလိုတမာဖြစ်နေမှုကိုတွေး၍ မခံချင်သလို ဖြစ်မိ၏။ မိမိအား ဓာတ်လမ်းဖန်တီးချင်သူဟု မြင်နေမှတော့ အောင်သန်းဦးသည် သူ့မိန်းမနှင့်ပတ်သက်၍ သံသယဝင်နေပြီဟု ထင်မိ၏။

ဒါကတော့ ယောက်ျားရာခိုင်နှုန်း အတော်များများ ရှိတတ်၏။

သူက ညနေကဖြစ်ပျက်ခဲ့သော ဝရုန်းသုန်းကားဖြစ်မှုလေးကို အရေးမထားပေ။ ဒါပေမဲ့ သတိထားရန်တော့ လိုအပ်ကြောင်း သူ့ကိုယ်ကို သတိပေးမိသည်။

နောသုံးကောင်က သူ့ကို ကျေနပ်ကြမည်မဟုတ်။

ရန်ပိုအောင် မိမိက ပြုခဲ့မိပြီလား။

တကယ်တော့ ဒါမျိုးရန်ကို ရှောင်လွှဲရမည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညက ကောင်းကောင်းအိပ်သည်။ အိပ်ရာမှထတုန်းဖုန်းလာသည်။ နားထောင်လိုက်တော့ သူ၏ဒါရိုက်တာ ဦးရွှေမော်ဖြစ်သည်။

"ကိစ္စရှိသလား ဦးရွှေမော်"

"ကိစ္စဆိုလည်း ဟုတ်တယ်၊ ကိစ္စမဟုတ်ဘူး ဆိုလည်း ဟုတ်တယ်"

"အာ ... အစ်ကိုကြီး၊ ကျွန်တော် နားမရှင်းဘူး"

"မန္တလေးက ကျောက်ကုန်သည် ဦးသိန်းလွင်ဦး သေတာ ခင်ဗျား သိပြီးရောပေါ့"

"သိပါတယ်"

"ခင်ဗျားနဲ့ အဆက်အစပ်တော့ ရှိတယ် မဟုတ်လား"

"ဟုတ်"

"ကျုပ် စိတ်ဝင်စားတယ်၊ အမှုက ကျုပ်တို့ဆီမလာပေမယ့် ဒီလူ ဘာကြောင့်သေရတယ်ဆိုတာ ခင်ဗျားစုံစမ်းကြည့်ပါလား"

"ကျွန်တော် အနားရတုန်း အေးအေးနေပါရစေ"





"ကိုစိုးဒေဝါ ... ခင်ဗျား အေးအေးနေတာ အရေးမကြီးဘူး၊ ကျုပ်စိတ်ထင် ဦးသိန်းလွင်ဦး သေတာ ရိုးရိုးတန်းတန်း အသတ်ခံရပဟန်တော့ မတူဘူး"

"ဘာလို့လဲ"

"ဒီလူရဲ့နောက်ကြောင်းရာဇဝင်ကို ခင်ဗျားသိလား"

"ဟင့်အင်း ... သူက ဘုရင်ဖြစ်ခဲ့တဲ့လူလား"

"ခင်ဗျား မငေါ့စမ်းပါနဲ့ဗျာ၊ ဒီလူက နောက်ကြောင်းမရှင်းဘူး"

"မိန်းမရှုပ်တာတော့ ပြောမနေပါနဲ့တော့"

"မဟုတ်ဘူးဗျာ၊ မိန်းမရှုပ်တာကို ကျုပ်ထည့်မပြောဘူး၊ သူက တောတွင်းအဖွဲ့အစည်းနဲ့ ရှုပ်ထားတယ်လို့ သိရတယ်"

"ဗျာ"

"မဗျာနဲ့ ... ခင်ဗျား သူနဲ့ဆက်သွယ်တာ သူ့အကြောင်းမသိခဲ့တာ အံ့ဩပါရဲ့၊ ဒီလူက ခပ်ရှုပ်ရှုပ်ရယ်၊ တောတွင်းကအဖွဲ့အစည်းနဲ့ ဆက်သွယ်ပြီး တောတွင်းပါတီလိုသမျှထောက်ပံ့တယ်တဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါကြောင့် ရိုးရိုးတန်းတန်း လူသတ်မှုမဟုတ်ဘူးလို့ ပြောချင်တာပေါ့"

စိုးဓေဝါက သည်တော့လည်း စိတ်ဝင်စားမိသည်။

"ကျွန်တော် ဘာလုပ်ရမလဲ"

"ပြည်ထဲရေးဝန်ကြီးက ဒီအမှုကို တို့လက်ထဲ လွှဲချင်လွှဲပေးမှာ၊ တကယ်လို့ လွှဲပေးရင် ခင်ဗျား အသင့်ရှိနေအောင်ပါ"

"တကယ်လို့ ဒီအမှုက ကျွန်တော်တို့ဌာနဆီ ရောက်လာပါပြီတဲ့၊ အမှတ်စဉ်(၃)ကို၊ (၁၀)တို့ ကိုင်ခိုင်းရင်မရဘူးလား"

"ကျုပ်က အမှတ်စဉ်(၀၀၅)ပဲ အားကိုးတယ်ဗျာ"

အမှတ်စဉ်(၀၀၅)မှာ စိုးဓေဝါ၏နံပါတ်ဖြစ်သည်။ စိုးဓေဝါ ထပ်မပြောမိ ဦးရွှေမော်က ဖုန်းကိုချပစ်လိုက်သည်။

မိမိငြင်းမှာကို မလိုလားဟု ထင်သည်။

ချက်နှာတောင် မသစ်ရသေးဘူး အလုပ်ကစနေခြင်ပြီဟုထင်သည်။ ခုတလော စိုးဓေဝါသည် ထောက်လှမ်းမှုတို့ကို စိတ်မဝင်စားချေ။ နိုက်ခေါ၌ အခြားတစ်နေရာသို့ အလည်အပတ်ထွက်ချင်သည်။





မျက်နှာသစ်၊ ခံတွင်းသန့်စင်၊ ရေမိုးချိုးလိုက်တော့ လူလန်းဆန်းသွားသည်။ ပြီးတော့ ရေအဝသောက်လိုက်သည်။

စိုးဓေဝါသည် အမြဲ သူ့ကိုယ်သူ သန့်ရှင်းအောင်နေသူဖြစ်သည်။ မနက်စာအဖြစ် ကြက်ဥကြော်၊ ပေါင်မုန့်ထောပတ်သုတ်၊ ရှားမီးကိတ်နှင့် လက်ဖက်ရည်ကို ဦးရန်ပြေကြီးက အဆင်သင့် ပြင်ပေးထားသည်။

နှစ်ရက်ခြားတစ်ခါ ထမင်းကြော်၊ မုန့်ဟင်းခါးစသည်တို့ စားရသည်။ သည်နေ့တော့ ဘိုစာပဲ။

သူစားသောက်ပြီးလျှင် ဟံသာဝတီသတင်းစာကို ဖတ်သည်။

ခေါင်းကြီးပိုင်းကို ဖတ်သည်။ ခေါင်းကြီးပိုင်းတွင် ပါတီအထွေထွေရွေးကောက်ပွဲအကြောင်း ရေးထားသည်။ ပါတီတွင်း မညီညွတ်မှုကို ညီညွတ်စေရန် မီးမောင်းထိုးထားသည်။ ထိုထက်ပိုပြီး မရေးပါ။ တော်ကြာ ရွှေကိုယ်တော်အချို့က "တင်း" မှာစိုးသောကြောင့်ဖြစ်သည်။

ရေဒီယိုကို ဖွင့်နားထောင်တော့ သတင်းလာနေသည်။ သောင်းကျန်းသူများကို မြန်မာ့တပ်မတော်က ရှပ်ရှပ်ခွဲခွဲတိုက်ခိုက်သည့်အကြောင်း သတင်းပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူအားမှ ကင်းဝေးအောင် မြန်မာ့တပ်မတော်ပဲ အားကိုးစရာရှိသည်။ ကေအင်ဒီအိုနှင့် ကွန်မြူနစ်တို့သည် လူမျိုးရေးလမ်းစဉ်မှားခြင်း၊ ပါတီဂိုဏ်းဂဏဝါဒဖွဲ့ မှားနေခြင်းဖြစ်သည်။

နယ်ချဲ့ဆိုသည့် ကောင်တွေကလည်း မြန်မာပြည်လွတ်လပ်ရေးပေးရခြင်းကို ကျေနပ်ကြသည်မဟုတ်။ သည်တော့ သွေးကွဲအောင် လူမျိုးရေးလမ်းစဉ် အမြင်မှားအောင် သွေးခွဲနေကြသည်။

ကွန်မြူနစ်ဆိုသည့် ကောင်တွေကလည်း သူတို့ကျင့်သုံးသောဝါဒကို မှန်သည်ဆိုပြီး တစ်ယူသန်ဖြစ်နေကြသည်။

သူတို့ဝါဒသည် စိတ်ကူးယဉ်ဝါဒဖြစ်၍ တစ်နေ့ကျဆုံးမှာ မလွဲဟု စိုးဒေဝါ တွက်ဆသည်။

ကိုးနာရီထိုးပြီ။ ကိုးနာရီထိုးတွင် သူက ကားကိုမောင်း၍ စိုကို သွားခေါ်သည်။

စိုတွင် မန္တလေးမှ သူမ၏အဘွား ဝယ်ပေးထားသော မော်(လ်)ဗင်အမျိုးအစား ကားစိမ်းလေးရှိသည်။ သို့သော် ထိုကားကို ဝပ်ရှော့တွင် ဘရိတ်ခြေခံမကောင်းသဖြင့် ပြင်ထားရန် ပို့ထားခဲ့သည်။





ထို့ကြောင့် စိုးဒေဝါက စိုကို နှစ်ရက် သုံးရက်လောက်သွားခေါ်ခဲ့သည်။

စိုကိုခေါ်ပြီး ပန်းဆိုးတန်းရှိ ကျောက်မျက်ရတနာကုမ္ပဏီသို့ ရောက်သည်။

သူ့ကားဆိုက်ဆိုက်ခြင်း ပထမဆုံးတွေ့ရသည်မှာ ရှင်နှောင်းနွယ်ပင်ဖြစ်၏။

ကုမ္ပဏီမှာ ဖွင့်စပြုနေသည်။ မန်နေဂျာနှင့် အလုပ်ဝန်ထမ်းများပင် ရောက်နေကြ၏။

"ပေး အစ်ကို"

ရှင်နှောင်းနွယ်သည် သွက်လက်စွာ ကားနားတိုးကပ်၍ ကားပေါ်မှဆင်းစပြုနေသော စိုးဒေဝါ၏လက်ကိုင်အိတ်ကို ကမ်းလင့်သည်။

"နှောင်းနွယ် အထဲမဝင်သေးဘူးလား"

"အစ်ကို့ကို ကြိုနေတာ၊ ပြီးရင်ဝင်မှာပေါ့"

သူမ ကမ်းလင့်သော လက်ထဲသို့ သူ၏ဘရိကေ့(စ်)လက်ဆွဲအိတ်ကို စိုးဒေဝါက ထိုးထည့်ပေးလိုက်သည်။

နှောင်းနွယ်သည် ယနေ့ပြင်ဆင်ထားတာ တော်တော်လေးလှပနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွန့်ဆံနွယ်များကို ပခုံးထဲဝဲကျအောင် ဖြန့်ထားသည်။ မျက်နှာတွင် မိတ်ကပ်မထူမပါးရှိပြီး စင်ရော်တောင်ဖြန့်ကျက်သလို မည်းနက်သော မျက်ခုံးအောက်တွင် လိုင်နာများမသိသာ ဆိုးထားသည်။

သူမ၏အသားမှာ အသားလတ် ဖြစ်သဖြင့် မိတ်ကပ်ခြယ်လှယ်မှုနှင့် လိုက်ဖက်ပါပေ၏။

ထဘီနှင့်အင်္ကျီမှာ အင်္ကျီကဘလောက်(စ်)အင်္ကျီဖြစ်၍ ထဘီမှာ အညိုရောင်။

အင်္ကျီနှင့် ထဘီမှာ ဝမ်းဆက်။

ထိုနေ့ ထိုခေတ်တွင် ခေတ်ဆန်သောမိန်းကလေးတွေထဲမှ အချို့မှာ ဝမ်းဆက်ဝတ်သည်။ ဝမ်းဆက်ဆိုတာကအင်္ကျီနှင့်ထဘီ တစ်သားတည်းဖြစ်သဖြင့် တချို့ဝတ်စေကာမူမလိုက်။

နှောင်းနွယ်ကတော့ လိုက်ပါပေရဲ့။

"တယ်လှနေပါလား"

"အို ... အစ်ကိုကလည်း"

နှောင်းနွယ်မှာ စိုးဒေဝါ၏ အချီးမွမ်းခံလိုက်ရသဖြင့် ရှက်စနိုးမျက်နှာကလေးနှင့် နီသွားသည်။





စိုကိုတောင် လှည့်မကြည့်တော့ဘဲ ကုမ္ပဏီအဆောက်အအုံထဲ ခပ်သုတ်သုတ် ဝင်သွားသည်။ မျက်စောင်းထိုးတွင်ဂေတီကုလားရုပ်ရှင်ရုံရှိသည်။ ကုလားရုပ်ရှင်ရုံမှ ဖွင့်လိုက်သောသီချင်းသံက သူတို့ရှိရာသို့ ပျံ့ဝဲလာသည်။ (ထိုရုပ်ရှင်ရုံမှာနှောင်တော့ မူလတန်းကျောင်း ဖြစ်သွား၍ ယခုမရှိတော့ပါ။)

"ကုလားမင်းသားနဲ့ ကုလားမင်းသမီး သီချင်းဆိုနေတယ်၊ ကိုယ်နဲ့စိုလည်း ဆိုကြရအောင်၊ အလာလာ ... အလာလာ ... ဟာရေး ... ဟာရေး"

စိုက နှောင်းနွယ်ကို စိုက်ကြည့်နေစဉ် စိုးဒေဝါကစိုကိုကြည့်ပြီး ကုလားသံနှင့်နောက်သည်။ စိုက မျက်စောင်းထိုး၍...

"ကောင်မလေး လာကြိုနေတာနဲ့ပဲ အူမြူးနေတယ် ... ဟုတ်လား"

"ဟာကွာ ... စိုကလည်းကွာ၊ ကိုယ် နားငြီးလွန်းလို့ပြောတာပါ"

ပြောပြီး ကုမ္ပဏီထဲသို့ ဝင်သွားသည်။

"ဂွဒ်မောနင်းအဲဗရီးဗော်ဒီ"

"ဂွတ်မောနင်းဆာ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မောနင်း ဘော့(စ်)"

ဝင်ဝင်ချင်း ဝန်ထမ်းအချို့ကို တွေ့ရသည်။ ဖိုးဒေဝါ၏ပျော်ရွှင်စွာ နှုတ်ဆက်မှုကြောင့် အချို့သောဝန်ထမ်းယောက်ျားလေးမိန်းကလေးတချို့က ဦးညွှတ်ကာ ပြန်နှုတ်ဆက်သည်။

သူတို့ကိုဖြတ်သန်း၍ နောက်ခန်းသို့ ဖြတ်လာ၏။ ရှေ့မှသွားနေသော နောင်းနွယ်သည် သားရေအိတ်ကိုဆွဲ၍ လှေကားအထက်ထိပ်တွင် စောင့်နေသည်။

ဓိုသည် အပေါ်သို့ ခပ်သွက်သွက် တက်လာ၍ နောင်းနွယ်ကို ဖြတ်ပြီး ရုံးခန်းသို့သွားသည်။

နောင်းနွယ်သည် သားရေအိတ်ဘရီကေ့(စ်)(BRIEF CASE)ကို ဖိုးဒေဝါအား လှမ်းပေးရင်း ...

"GOOD DAY အစ်ကို"

"အား ... NOT ONLY GOOD DAY BUT ALSO EXCELLENT DAY TO YOU "

"THANK YOU"

သူမ ဖိုးဒေဝါကို ပွတ်သပ်ဆင်းသွားသည်။

အား ... မွှေးလိုက်တာ။





သူမကိုယ်မှ ရှန်းကန့်ထွက်လာသော မိတ်ကပ်နံ့မွှေးမွှေး၊ အော်ဒီကလုံးရေမွှေးနံ့တို့ကို ဖိုးဒေဝါ ရှူရှိုက်မိသည်။ ရုံးခန်းထဲ ဝင်လာခိုက် ဓို၏ကိုယ်မှ အမွှေးနံ့တို့ကိုလည်း ဂရုပြုမိ၏။

"အို ... ဘာလုပ်တာလဲ"

"မောနင်းကစ်(စ်)လေကွယ်"

"ဟွန့်"

သူက ဓို၏နှုတ်ခမ်းလေးကို အနမ်းနှင့်နှုတ်ဆက်တော့ ဓိုက နှုတ်ခမ်းကလေး စူလိုက်သည်။ ဒါပေမဲ့ ဓိုသဘောကျသည်။

ဓိုသည် ဖိုးဒေဝါအတွက် လုပ်ပေးစရာရှိသည်ကို လုပ်ပေးသည်။ ထို့နောက် ဖိုးဒေဝါ၏ပါးပြင်ကိုနမ်းပြီး သွားတော့မည်ဟုဆိုကာ ထွက်သွားသည်။

ဖိုးဒေဝါသည် ရောင်းရငွေစာရင်းနှင့် တစ်ပတ်အတွင်းရောင်းရသော ကျောက်အမျိုးအစားတွေကို ချိန်ကိုက်ကြည့်သည်။

ထိုစာရင်းသည် ငွေကိုင်စာရေးထံမှ မန်နေဂျာဆီရောက်ကာ မန်နေဂျာက ထပ်မံစစ်ဆေးပြီးမှ ဓို့ဆီကတစ်ဆင့် သူ့ထံသို့ တင်ခြင်းဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာတွေကို မန်နေဂျာကို စိုးဒေဝါက ဖုန်းနှင့် မေးမြန်းသည်။

ပြီးတော့ စာရင်းကို လက်မှတ်ထိုးသည်။

စိုကို ခေါင်းလောင်းတီး၍ ခေါ်လိုက်၏။

"စို ... အဲဒီစာရင်းအရ ငွေတွေကို ဆေ့(ပ်)(SAFE)ထဲက ထုပ်ရေလိုက်ဦး၊ အားလုံး နှစ်သိန်းငါးသောင်းသုံးထောင့် တစ်ရာရှစ်ဆယ်ကျပ် (၂၅၃၁၈ဝိ/–) စာရင်းနဲ့ကိုက်ပေစေ၊ ပြီးရင် နေ့လယ်မှာ ဘဏ်ထဲသွားသွင်းလိုက်"

ငွေနှစ်သိန်းကျော်ဆိုသည်မှာ သူတို့ခေတ်တွင်တန်ဖိုး အင်မတန်ကြီးမားသည်။ ထိုထိုးတာတောင် အစွမ်းကုန်ပေါက်လျှင် တစ်သိန်းပဲ။

ထိုတစ်သိန်းသည် တိုက်ဝယ်နိုင်သည်။ ကားအလတ်စားကို စီးနိုင်သည်။ ကျန်ငွေကို စီးပွားရေးလုပ်နိုင်သည်။

စိုက ငွေတွေကို မီးခံသေတ္တာထဲမှထုတ်ကာ ရေတွက်နေစဉ် စိုးဒေဝါက အောက်ထပ်ရှိ နှောင်းနွယ်အား ဖုန်းနှင့်အကြောင်းကြားသည်။

မကြာခင် နှောင်းနွယ် ရောက်ရှိလာသည်။





"ဘာအလိုရှိသလဲ အစ်ကို"

ပေါ့ပါးသွက်လက်စွာနှင့် နှောင်းနွယ်ကမေးသည်။

"ထိုင် ... နှောင်းနွယ်"

စိုသည် ငွေစက္ကူတွေကို ထပ်နေရင်းမှ နှောင်းနွယ်ကို တစ်ချက်စောင်းငဲ့ကြည့်သည်။ နှောင်းနွယ်ကလည်း ငွေစက္ကူနှင့်အတူ စိုကို တစ်ချက်ဝေ့ကြည့်ပြီးမှ စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

စိုးဒေဝါက သူ့ဝန်ထမ်းတွေဆိုလျှင် အခန်းတစ်ဖက်တွင် ခင်းကျင်းထားသော ဧည့်သည်များထိုင်သည့် ဆိုဖာတွင် ထိုင်ခွင့်မပေးချေ။ သူ့စားပွဲရှေ့မှာပဲ ထိုင်ကြရသည်။

"နှောင်းနွယ် ... မနေ့က ဘာဖြစ်သလဲ၊ သိလား"

တစ်ဖက်မှ ရုတ်တရက် မေးလာသောမေးခွန်းကို နှောင်းနွယ် ရုတ်တရက် မဖြေနိုင်ချေ။ ငွေတွေရေတွက်နေသော စို၏လက်ကလေးတွေက ခေတ္တရပ်တန့်သွားပြီးမှ ငွေတွေကိုပြန်ရေတွက်နေသည်။ စို၏အကြည့်က ငွေစက္ကူထက် သူတို့အပေါ်တွင် ဝဲသွားသည်။

"ဘာဖြစ်သလဲ အစ်ကို၊ နှောင်းနွယ် ဘာမှမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နောင်းနွယ်ယောက်ျား ကိုအောင်သန်းဦးလေ၊ ကိုယ့်ကို မြမာလာဘီယာဆိုင်ကို ခေါ်သွားတယ်၊ ပြီးတော့ ဘီယာ တိုက်တယ်၊ ကိုယ်မသောက်ပါဘူး၊ သူက အဲဒီမှာ ကိုယ့်ကို ရန်စကားပြောတယ်၊ သူ့အပြောက နောင်းနွယ်ကို ကိုယ့် ဆီမှာ အလုပ်ပေးတာ ကိုယ်က နောင်းနွယ်ကို ဇာတ်လမ်း ဆင်ခြင်လို့ပေးတာဆိုပြီး ကိုယ့်ကို စော်ကားစကားပြောလာ တယ်၊ ကလေးစကားနဲ့ဆိုရင် ဒါ သက်သက်ရန်စတာပဲ၊ ကိုယ်က နောင်းနွယ်ကို သနားလို့ အလုပ်ပေးခဲ့တာပါ"

"ဒါတွေ နောင်းနွယ် မသိပါလား အစ်ကိုရယ်"

တကယ်တော့ နောင်းနွယ်သည် ရန်စကားကိုမသိ ရပါ။ ညက အောင်သန်းဦး ပြောစဉ်က သည်စကားလုံးဝမပါခဲ့ ပါ။

"အေး ... နောင်းနွယ် မသိလို့ ကိုယ်ဒီစကားပြောတာပါ၊ နောက် လူသုံးယောက်က ကိုယ့်ကိုရန်ပြုဖို့လာတယ်၊ ကိုယ် လည်းမခံချင်တာနဲ့ ရန်လိုသူတွေကို ပြန်ရန်ပြုခဲ့တယ်၊ အဲဒီလူတွေဟာ ကိုအောင်သန်းဦးရဲ့လူတွေ ဖြစ်မှာပဲ"

နောင်းနွယ်က ဒါတွေသိပြီးပါပြီ။ ဒါပေမဲ့ ...





"နောင်းနွယ် မသိဘူး အစ်ကို၊ ကိုအောင်သန်းဦးဟာ တော်တော်ဆိုးတာပဲ"

"သူက နောင်းနွယ် ကိုယ့်ဆီမှာ အလုပ်,လုပ်တာကို မလို လားဘူး"

"မယားတစ်ယောက်ကို ထမင်းဝအောင်လည်း မကျွေးနိုင်၊ အလုပ်လုပ်ပြန်တော့လည်း အလုပ်ပေးသူကိုရန်လို၊ ဒီလူဟာ အတော်ယုတ်မာတာပဲ၊ ဒီတော့ အကောင်းဆုံးက နောင်းနွယ် ဒီအလုပ်က ထွက်လိုက်မယ်"

"မလုပ်နဲ့လေ၊ ကိုယ်က သူတင်းရင် ကိုယ်ပြန်တင်းပဲ၊ သူ ရွဲ့ရင် ကိုယ်ပြန်ရွဲ့ပဲ၊ သူက နောင်းနွယ်ကို အလုပ်မလုပ် စေချင်ဘူး၊ နောင်းနွယ် ထွက်လိုက်ရင် နောင်းနွယ်အရှုံး ပေးရာ ကျသွားမှာပေါ့၊ နောင်းနွယ်ကို ကိုယ်ကမထွက်စေ ချင်ဘူး"

"နောင်းနွယ် ဒီအလုပ် ..."

"မထွက်နဲ့"

ခပ်ဆတ်ဆတ်ပြောလိုက်မှုကြောင့် နောင်းနွယ် မဝံ့ သလိုဖြစ်သွားသည်။ စိုကပါ ကြားဝင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ... ဒီအလုပ်ကို ကြိုက်သလား"

"အေးဆေးတယ်၊ ကြိုက်ပါတယ်"

"ဒီလိုဆို မထွက်နဲ့ပေါ့"

"မမပြောသလို မထွက်ဘဲနေရင် အစ်ကိုကို သူတာရန်ရှာမှာ စိုးရတယ်၊ ဒါကြောင့်"

"စိုးဒေဝါက သူ့ကိုသာ ကြောက်နေရင် လောကမှာ လူမလုပ်တော့ဘူး၊ ကိုယ်ပြောတာ နားထောင်၊ မထွက်နဲ့ လုပ်မြဲတိုင်းလုပ်"

"ဒါဆို မထွက်ဘူး"

"အေး ... အဲဒီလိုမှပေါ့၊ နို့မို့ သူ့ကို ကိုယ်ကကြောက်နေသလိုနေမှာ၊ နှောင်းနွယ် အဲဒီလိုသတ္တိရှိတာ ကြိုက်တယ်"

နှောင်းနွယ်က ပြုံးသည်။

စိုးဒေဝါ အခန်းထဲမှ သူမ ထွက်သွားသည်။

"ကိုစိုးက မြှောက်ပေးလိုက်တာပဲ"

နှောင်းနွယ် မရှိမှ စိုကပြောကာ ငွေစက္ကူတွေကို ဆက်လက်ရေတွက်သည်။

"စိုကရော မထွက်နဲ့ ဘာလို့ပြောရသလဲ"





"ဒီ အောင်သန်းဦး ဆိုတဲ့လူကို ခံပြင်းလွန်းလို့ပါ၊ မိန်းကလေးကို မတရားအနိုင်ကျင့်တာတော့ မကောင်းဘူး၊ သူ့စကားနားထောင်ရင် သည်ထက်ပိုကဲမယ်၊ ကောင်မလေး သတ္တိရှိအောင်ပြောတာ"

"အေး ... ကိုယ်လည်း ဒီလိုပဲ၊ ကောင်မလေးကို သနားလို့ ဖွတ်လုပ်ခိုင်းတာ၊ သတ္တိမွေးပေးတာ"

"လူမမွေး ပြီးတာပါပဲ"

"စိုကလည်းကွာ၊ ကိုယ်က စိုမှစိုပါ၊ ဒီလောကကြီးမှာ ကိုယ် အသက်ရှင်နေတာ စိုရှိလို့မှတ်ပါ"

"ယောကျ်ားတွေဟာ ဒီလိုပြောကြတာပါပဲ"

စို၏နှုတ်ခမ်းစိုစိုနီနီကလေးတွင် ပြုံးယောင်သမ်းနေသည်။ ထိုနှုတ်ခမ်းကလေးကို စိုးဒေဝါကငုံ့ပြီး သူ့နှုတ်ခမ်းနှင့် ဂဟေဆက်မည်အလုပ် စိုက ခေါင်းကလေးငုံ့၍ ...

"ဒီမှာ ငွေတွေရေနေတာ မှားကုန်တော့မယ်၊ ဒီလူကြီး အတော်ကဲ၊ YOU ARE BAD"

အင်္ဂလိပ်လို တစ်ခွန်းပြောသည်။ စိုးဒေဝါက ပြုံးယောင်သမ်းသော မျက်နှာပေးနှင့် ချစ်သူကိုကြည့်လိုက်သည်။ ချစ်လို့မဝ၊ ချစ်လို့အားမရတဲ့ ဒီကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီအကြာတွင် တယ်လီဖုန်းလာသည်။

စို မရှိတော့ပါ။

ဘဏ်တွင်ငွေများသွင်းရန် ထွက်သွားချေပြီ။

"ကိုစိုးဒေဝါလား"

ရောင်းချမည့် ကျောက်တွေကို စစ်ဆေးနေသည့် စိုးဒေဝါက မှန်ဘီလူးကိုချလိုက်သည်။ ဖုန်းကိုကောက်ကိုင်အပြီး တွင် တစ်ဖက်က အထက်ပါအတိုင်း မေးသည်။

"ဟုတ်ပါတယ်"

"ကျွန်တော် ကိုစိုးဒေဝါနဲ့ စကားပြောချင်တယ်"

"ဘယ်သူပါလဲ"

"နာမည်တော့ တွေ့တော့မှပဲ ပြောတော့မယ်၊ ကိုစိုးဒေဝါ လူတစ်ယောက်အကြောင်း သိချင်နေတယ် မဟုတ်လား"

"ဘာ ... ဘယ်လို"

"ကျွန်တော် ပြောပြမယ်ဗျာ၊ ကျွန်တော်နဲ့တွေ့တဲ့အခါ ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျား သိရမယ်"

"ခင်ဗျား ဘယ်သူလဲ၊ အတိအကျမသိဘဲ ကျွန်တော်မလာ နိုင်ဘူး"





"ခင်ဗျားကို စောင်းပါးရိပ်ခြေတော့ ပြောလိုက်မယ်၊ ကျွန် တော် ဘယ်သူဆိုတာ ခင်ဗျား သိမှာပဲ၊ ဟိုတစ်နေ့က ကြည့်မြင်တိုင်ဘက်မှာ ဆုံခဲ့တဲ့လူပါ"

စိုးဒေဝါက သူ့အပြောကြောင့် ချက်ချင်းစဉ်းစား လိုက်သည်။ မေးရိုးကားကား၊ အရပ်အမောင်း ထွားကျိုင်း၍ မျက်နှာတွင် နားသည်မွေးများ ပေါက်နေသူ။

"ခင်ဗျားကို၊ ကောင်းပြီလေ၊ ဘယ်မှာတွေ့မလဲ"

"ကြံတောသချိုင်း တောင်ဘက်၊ အပြင်မှာရှိမယ်"

"ဘာ ... သချိုင်း၊ နေပါဦး ... ဘာလို့ ဒီနေရာကို ရွေး တာလဲ"

"လူပြတ်လို့ပေါ့၊ တောင်ဘက်အပေါက်နားဗျာ၊ ညကိုးနာရီ လာခဲ့ပါ၊ အခုညပဲ၊ ကျွန်တော်လာရင် လက်နှိပ်ဓာတ်မီး သုံးချက်ဖွင့်ပြမယ်၊ ဟုတ်ပြီလား"

"ခုညကိုးနာရီ"

"ဟုတ်တယ်"

"ကောင်းပြီ၊ လာခဲ့မယ်"

ကတိပေးစကား ပြောလိုက်ပြီးသည်နှင့် တစ်ဖက်မှ စကားသံ မကြားရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ညနေအလုပ်သိမ်းချိန်တွင် အရာရာကိုဖစ်ခေးပြီးသော စိုးဒေဝါနှင့် စိုက ကုမ္ပဏီတွင် နောက်ဆုံးကျန်ခဲ့သော မန်နေဂျာ ဦးသော်တာကို နှုတ်ဆက်၍ အပြင်တွင် စိုးဒေဝါ၏ကား အရ စောင့်နေသူ နှောင်းနွယ်ကိုခေါ်ကာ ကားပေါ်တက်ကြသည်။

နှောင်းနွယ်က စိုးဒေဝါ အပြန်တွင် လမ်းကြုံသဖြင့် စိုးဒေဝါက ခေါ်ခြင်းဖြစ်၏။ နောက်ဘက်တွင် နှောင်းနွယ် တစ်ဦးတည်းထိုင်သည်။ ရှေ့ဘက်မှာက စိုးဒေဝါနှင့် စိုချယ်ရီ ထွန်းပဲ။

"ကိုစိုး ... ဒီညကိုးနာရီခွဲပွဲ ရုပ်ရှင်ကြည့်ရအောင် ရှိုင်းရယ်ရုံမှာ မေ့တွက်တာ ပြနေတယ်၊ မြင့်အောင်ပဲ"

ရုပ်ရှင်မင်းသား မြင့်အောင်ကို စိုကကြိုက်သည်။ အဲသည်ခေတ်က မြင့်အောင်တို့၊ ကျော်ဆွေတို့၊ ရွှေဘတို့ဆိုတာ စတား။

စိုက စိုးဒေဝါကို လှေသံပစ်သည်။ စိုးဒေဝါ ကားကိုမှန်မှန်မောင်းနေရင်းမှ စိုကို ငဲ့စောင်းကြည့်သည်။

"ဆောရီးပဲ၊ ညကိုးနာရီမှာ အလုပ်ရှိတယ်"

"ဘာအလုပ်လဲ"





"ညကိုးနာရီမှာ လူတစ်ယောက်နဲ့ ချိန်းထားတယ်"

"ဘာလဲ ... ပါတီတို့ ကလပ်တို့မှာလား"

"ကြံတောသချိုင်းမှာ"

"ရှင် ... ကိုစိုး၊ ကြည့်လည်းလုပ်ဦးနော်"

"သူ့ဆီက အင်ဖော်မေးရှင်း(INFORMATION)ရစရာရှိတယ်"

"ကိုစိုးရယ် ... အန္တရာယ်ကြီးလိုက်တာ"

စိုက ညည်းညူသည်။ သူမကဆက်၍ ...

"စိုလည်း လိုက်မယ်လေ"

"မလိုက်နဲ့ စိုးရိမ်စရာမရှိပါဘူး၊ သူ့ကြည့်ရတာ လူကောင်းနဲ့ တူပါတယ်"

စိုးဒေဝါ အသံမှာ အရေးမထားသလိုဖြစ်သည်။ နှောင်းနွယ်ကတော့ သူတို့ပြောစကားကို မကြားဘိသည့်အလား ပြင်ပကို ကားထဲမှ ငေးကြည့်နေသည်။

ကားက ယာဉ်တွေ လူတွေကို ဖြတ်သည်။ ထို့အတူ နှောင်းနွယ် စိတ်ထဲမှာလည်း ပြင်ပကယာဉ်တွေ လူတွေ အဆောက်အအုံတွေကို အတွေးနှင့် ဖြတ်နေသည်။

○ ❉ ○



www.burmeseclassic.com

www.burmeseclassic.com



## တတ်လစ်းခဉ်(၇)

"ဘယ်လိုလဲ နွယ်လေး၊ ပြန်လာပြီလား"

"အချိန်မှန် ကလိမ်ဉာဏ် ဘယ်မှာပါလိမ့်"

"အလို ... စကားက ထူးလှချည့်"

အိမ်ထဲသို့ နောင်းနွယ် ရောက်ရောက်ချင်း အိမ်ရှေ့ခန်းမှ အောင်သန်းဦးက ကြိုနှင့်သည်။ နွယ်နှင့် စကားသုံးလေးခွန်းပြောပြီး နွယ့်ကိုဖက်၍ ကြုံကြုံမွှေးသည်။ ဒါက သူပြုလုပ်နေကြ။

နွယ်သည် ပက်လက်ကုလားထိုင်ပေါ် ကိုယ်ကလေးပစ်ထိုင်ချ၍ ...

"သူနဲ့ ရင်းနှီးမှုတော့ ရှိသွားပါပြီ၊ ဒီနေ့အပြန်ကားပေါ်မှာ ကြားလိုက်ရတာတော့ ရှိတယ်"





"စိုးအေဝါ လှုပ်ရှားသမျှ သတင်းပို့ဖို့က နွယ်လေးတာဝန်၊ ဒီလူရဲ့ လှုပ်ရှားမှုမှန်သမျှ သတင်းပြန်ပို့ဖို့က ကိုယ့်ရဲ့တာဝန်"

"သူ ဒီညကိုးနာရီမှာ လူတစ်ယောက်နဲ့ ချိန်းထားတယ် ကိုအောင်"

နွယ် ပြောနေတာကို ကိုအောင်သန်းဦးက မတ်တတ်ရပ် နားထောင်နေသည်။

"ဘာကိစ္စ ချိန်းထားလဲလို့ မသိဘူး၊ အဲဒါ ကိုအောင်သိအောင် ပြောပြရတာပဲ"

"ဘယ်မှာချိန်းထားလဲ"

"ကြံတောသချိုင်း အပေါက်ဝမှာပဲ ကိုအောင်"

ကိုအောင်က စိတ်မပါသလိုနေပြီးမှ နွယ်လေးအား တစ်ခုခု သတိပေးသလို ပြောလိုက်၏။

"နွယ်လေး ... သူ့ကိုသုတ်သင်ဖို့ အစရှာမရသေးဘူးလား"

"သူနဲ့နွယ် ခုမှရင်းနှီးစပြုသေးတော့ ဘယ်လိုလုပ်ပြီး အခွင့်အရေးရမလဲ ကိုအောင်၊ လူတစ်ယောက်အသက်ကို တိတ်တိတ်ပုန်းရန်ရှာဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး ကိုအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးက မေးလာရင် ဖြေနိုင်အောင်လို့ပါ"

"နွယ် ဒီကိစ္စမှာ ကိုအောင့်ကို ချစ်လွန်းလို့သာလုပ်ရမှာ၊ အလုပ်က အန္တရာယ်များပြီး စိတ်ပါလှတာ မဟုတ်ဘူး"

"အေးပါ … ဒီကောင် ကိစ္စချောရင် ဆရာကြီးက ကိုယ်တို့ကို ငွေငါးသောင်းပေးမယ်လို့ ပြောထားတာပဲ၊ ဒီကောင် ချောသွားရင် နွယ်ရော ကိုယ်ပါ ဒီ ရန်ကုန်မှာရှိကြတော့မှာ မဟုတ်ဘူး နွယ်၊ ပြောတာ ကြားသလား"

"ကြားတယ်"

အောင်သန်းဦးသည် ဘလက်ကြောင်နက်စီးကရက်ဘူးကိုဖွင့်၍ စီးကရက်တစ်လိပ် ထုတ်ယူသည်။ နွယ့်လက်သို့ စီးကရက်ကို ကမ်းပေးလိုက်သည်။ နွယ်ကယူပြီး …

"စီးကရက်သောက်ချင်လိုက်တာ၊ ကုမ္ပဏီမှာမို့ မသောက်ရဲဘူး"

ကိုအောင်သန်းဦးက သူ့အတွက် စီးကရက်တစ်လိပ် ထပ်ထုတ်သည်။

သူရော နွယ်ပါ စီးကရက်ကိုယ်စီနှင့်။

"နွယ့်ကို ငွေထပ်ပေးဦး"





"တစ်နေ့ကပေးတာ ကုန်ပြီလား"

"လေးငါးဆယ်ပဲကျန်တယ်၊ ဟိုလူ့ကို နွယ်က လိုအပ်လို့ ညှို့ခံတဲ့အခါ ငွေလိုတယ်၊ ဥပမာ ဆိုင်တစ်ဆိုင်မှာပဲဖြစ်ဖြစ်၊ ဟိုတယ်မှာပဲဖြစ်ဖြစ် စားကြသောက်ကြတဲ့အခါ သူ ကချည်းထုတ်ရင် မကောင်းဘူး၊ ကိုအောင်လည်း သိသားပဲ"

"နွယ့်အခြေအနေကို ပြောပြထားတယ် မဟုတ်လား၊ နွယ်က ငွေများများမသုံးနဲ့ပေါ့"

"ခြေဆောင့်လက်ဆောင့်လောက်တော့ ရှိမှပေါ့ ကိုအောင်"

"ဆရာကြီးဆီက ငွေမရသေးဘူး နွယ်လေး၊ ရှိတာပဲသုံးဦးပေါ့"

နွယ့်မျက်နှာ ရှုပ်သွားသည်။

ကိုအောင်က စီးကရက်ငွေ့တွေနှင့် နွယ့်မျက်နှာကို မှုတ်လိုက်သည်။

နွယ်က မရယ်မပြုံးပါ။

○ ❋ ○



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားတာ ညကိုးနာရီ။

သူ့ကိုချိန်းထားသောလူက ဘယ်လိုလူစားလဲ။

စိုးဒေဝါ ကိုးနာရီမထိုးမချင်း သည်အတွေးကရှိနေသည်။

လိုလိုမယ်မယ် သူ၏ရန်ကုန်တွင်လိုင်စင်နှင့်ကိုင်နေကျဖြစ်သော ပွိုင့်သရီးတူးစမစ်အင်ဝက်ဆင် ခြောက်လုံးပြူးသေနတ်ကို ယူလာသည်။ ၎င်းသေနတ်ကို ဒက်(ရှ်)ဘုတ်တဲတွင် ထည့်ထားသည်။ စမစ်အင်ဝက်ဆင်ခြောက်လုံးပြူးမှာ အင်္ဂလန်လုပ်ဖြစ်သည်။ သေနတ်ကိုယ်ထည်မှာ ဆုံကြီး၍ ပြောင်းက လေးလက်မလောက်ရှိပြီး ပြောင်းတိုသည်။

အဝေးနှင့်အနီးကပ် ပစ်နိုင်ပြီး ယမ်းအားပြင်းသည်။ ထိုသေနတ်သည် လူဆိုးလူမိုက်တို့၏သွေးကို သောက်ဖူး၍ ၎င်းတို့အထဲမှ အချို့အသက်ကို ခြွေခဲ့ဖူးသည်။





ရန်ကုန်မြို့တွင် ထိန်လင်းသော အလင်းရောင်မပေးနိုင်ဘဲ လမ်းမီးတိုင်တွေက အလင်းရောင်အားနည်းသည်။

ပြည်လမ်းအတိုင်း မောင်းလာပြီး ကြံတောဘက်သို့သွားသောလမ်းအတိုင်း ချိုးကွေ့သည်။

ဤသည်နေရာတွင် အစိုးရ က ရည်မှန်းထားသော ဆောက်လုပ်စ အဆောက်အဦက ရှိနေသည်။

ထိုအဆောက်အဦမှာ မြန်မာ့အသံအဆောက်အဦပင် ဖြစ်သည်။

ဟံသာဝတီအဝိုင်းလမ်းအတွင်းဘက်သို့ ကားကိုကွေ့ဝင်လာရာ ဤနေရာဘက်တွင် လူနေအိမ်ခြေနည်းသည်။

ရှေးမြန်မာတို့၏အယူသည်းမှုကို မတွန်းလှန်နိုင်သော လူတွေက ထိုနေရာတွင် အဆောက်အအုံများ မဆောက်ကြပါ။

ရှေ့ဘက်တွင် ကြံတောသချိုင်း ရှိနေသောကြောင့် ဖြစ်သည်။

ညာဘက်သို့ကွေ့လိုက်လျှင် မည်းမှောင်သောအုတ်တံတိုင်းများအတွင်းမှ ကြံတောသချိုင်းက ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက ထိုလမ်းအတိုင်းမောင်း၍ ဘယ်ကိုကွေ့ချိုးလိုက်လျှင် ကြံတောသချိုင်း၏ လူသေတွေပို့ဆောင်နေကျအဝင်ပေါက်ဝနှင့်နီးနေ၏။

အယူသည်းသော မြန်မာတို့၏ ထိုခေတ်က တစ္ဆေသရဲယုံကြည်မှုနှင့် ကော်ရုံသတ္တိနှင့် ထိုကြံတောသချိုင်းဘက်သို့ မလာရဲကြ။

ယခုမူ ထိုအယူသည်းမှုသည် ပပျောက်သလောက်ဖြစ်သွား၍ ကြံတောသချိုင်းလည်း မရှိတော့ပါပေ။ ထိုနေရာ၌ ကားပွဲစားတန်းရှိချေ၏။

စိုးဒေဝါက အယူသည်းသော သရဲတစ္ဆေကိုလည်း မယုံကြည်၊ ကြံတောသချိုင်းဆိုတာက သူ ပို့ဖူးသွားဖူးလာဖူးသော နေရာဖြစ်သောကြောင့် သချိုင်းသို့လာရန် နောက်မတွန့်ပါ။

သူ့ကိုချိန်းခဲ့သောလူနှင့်သာ တွေ့ဖို့စိတ်အားတက်သန်၏။

ကားကို ဆလိုးဒေါင်းလုပ်၍ အရှိန်သတ်သည်။ ဗောက်ဆောဖစ်တာက စက်သံညင်သာစွာနှင့် သချိုင်းအပေါက်ဝ အနီးတွင် ရပ်သွား၏။





ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မည်းမှောင်နေသည်။

ကားမှထိုးလိုက်သော ရှေ့မီးနှစ်လုံး အလင်းတန်းနှစ်ခုကသာ ကြံတောသချိုင်း၏ ကာရံထားသော အုတ်တံတိုင်းညိုညိုတွေနှင့် ဝန်းကျင်က ကုက္ကိုပင်ကြီးတွေကိုသာ အလင်းရောင်ဟပ်စေသည်။

သစ်ပင်အချို့သည် လေတိုးသံကြောင့် ရှဲခနဲ ဟဲခနဲ မြည်သွားသည်။ အချို့နေရာများတွင် သစ်ကိုင်းချင်းပွတ်သံကြီးတွေကြောင့် တကျွီကျွီ မြည်သွား၏။

ခွေးလေခွေးလွင့် တစ်ကောင် နှစ်ကောင်က သချိုင်းအတွင်းမှဟောင်သံ အူသံ ပေါ်ထွက်လာသည်။

စိုးဒေဝါသည် ကားပေါ်မှမဆင်းသေးဘဲ ပတ်ဝန်းကျင်ကို လှေလာကြည့်ရှုနေ၏။ သူ့အားချိန်းထားသူ၏အရိပ်အယောင်ကိုတောင် မမြင်ရသေးပါ။

တစ်ခုကို သတိရ၏။

ကားမီးထိုးထားသဖြင့် သူလာတာကို ပတ္တရောင်ကင်းလှည့်ရဲတွေက မြင်နိုင်သည်။ တွေ့လျှင် စစ်ကြ ဆေးကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သူ့အားချိန်းသူက ထင်ထင်ပေါ်ပေါ် မလာချင်သောကြောင့် ကားမီးရောင်ကို နှစ်သက်ချင်မှ နှစ်သက်မည်။

ကားမီးတွေကို ဂုဏ်ပျာကသီ ငြိမ်းလိုက်၏။

သူ့ကားရော ပတ်ဝန်းကျင်ပါ မည်းမှောင်သွားသည်။

"တောက် ... တောက် ... အောက်အဲ့ ... အောက်အဲ့"

ဆိုးဆိုးဝါးဝါး အော်သံတစ်ခုသည် ညာဘက်ရှိ သစ်ပင်တစ်ပင်ပေါ်မှ မှောင်ကြီးထဲတွင် ပေါ်လာသည်။

တောက်တဲ့အော်သံပင်ဖြစ်သည်။

သည်အကောင်တွေက စိုးဒေဝါ၏အိမ်ခြံထဲတွင်ပင် ရှိတတ်ပေသည်။

စိုးဒေဝါသည် ကားတွင်းပင်ထိုင်၍ ပတ်ဝန်းကျင်ကို အကဲခတ်နေ၏။ အန္တရာယ်တစ်စုံတစ်ခု ကျရောက်လာပါက အရေးရှိ ကာကွယ်နိုင်ရန် ခြောက်လုံးပြူးသေနတ်ကို ဒက်(ရှ်)ဘုတ် ဖွင့်၍ အဆင်သင့်ထားသည်။

သချိုင်းအတွင်းမှ သီချင်းဆိုသံသဲ့သဲ့ ကြားရသည်။

အဆိုတော် ကိုမြကြီး၏ မခင်နှင်းဆီ သီချင်းကို တစ်ဦးဦးက အော်ဟစ်သီဆိုနေသည်။ သချိုင်းတွင်းတွင်ရှိသော စဏ္ဍာလတစ်ဦး၏ သီချင်းဆိုသံပင်ဖြစ်မည်။





သချိုင်းတွင်းတွင် သူတောင်းစားအချို့နှင့် စဏ္ဍာလ အချို့ နေထိုင်ကြသည်။

/မြူနီစပယ်(စည်ပင်သာယာ)ကလည်း မည်သို့မျှ မပြောပါ။

ထိုခေတ်တွင် ယင်းသချိုင်းကို အမှီပြု၍ လူဆိုးလူ ယုတ်များ အတော်ပေါများသည်။ လုယက်မှု၊ လူသတ်မှု၊ မုဒိန်းမှု တွေ ယင်းသချိုင်းကို အမှီပြု၍ ပေါ်ပေါက်တတ်ပေ၏။

စိုးဒေဝါသည် သူ့ကိုချိန်းသူ၏ အရိပ်အယောင် တောင်မတွေ့။ ငါးမိနစ်မျှ စောင့်နေပြီးမှ သချိုင်းတွင်းမှ သီချင်းသံ ပျောက်သွား၏။

ကျောစိမ့်စဖွယ်ကောင်းသော ခွေးတစ်ကောင်အူသံ က သချိုင်းတစ်နေရာမှ ထွက်ပေါ်လာပြန်၏။

စိုးဒေဝါ စိတ်ရှည်စွာ ကားထဲတွင် ငြိမ်သက်နေ၏။

နောက်ငါးမိနစ်မျှ အကြာတွင် သူ့ကားရှေ့မှ နှိခနဲ လေချွန်သံတစ်ချက် ကြားလိုက်ရသည်။

ငြိမ်နေသော စိုးဒေဝါ၏ကိုယ်လုံးကြီးက မှောင်ထဲ တွင်ပင် လှုပ်လှုပ်ရွရွ ဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေချွန်သံသည် သိပ်မကျယ်လောင်လှပါ။ တစ်စုံတစ်ဦးက ညမှောင်ထဲတွင် သူ့အားသိစေရန် လေချွန်အချက်ပေးသည်ဟု ယူဆရသည်။

မရေးမနှောင်းပင် ရှေ့တူရူဆီမှ လက်နှိပ်ဓာတ်မီးရောင်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။

လက်နှိပ်ဓာတ်မီးရောင်က တန်းတန်းမတ်မတ် သူ့ဆီသို့မလာ။

ဖွင့်ချည်ပိတ်ချည် သုံးခါပြခြင်းဖြစ်သည်။

လာပြီ။

သူ့ကိုချိန်းသောသူက လာချေပြီ။ မိုးဒေဝါသည် သူ့ကားမီးကို သုံးကြိမ်ပြန်လည်ဖွင့်ပြသည်။ တစ်ဖက်လူ သိပါစေတော့။

ဖွင့်ပြီး သူက ခေတ္တငြိမ်နေလိုက်သည်။ လက်နှိပ်ဓာတ်မီးဖွင့်ပြသူ၏ ချဉ်းကပ်လာမည့်ခြေသံကို နားထောင်သည်။

သို့သော် ခြေသံကို မကြားရပါ။

သူက လက်နှိပ်ဓာတ်မီး မီးလင်းပြသောနေရာသို့ သွားရန် ဆုံးဖြတ်လိုက်သည်။ ဒက်(ရှ်)ဘုတ်ထဲမှ ပွိုင့်သရီးတူးစမစ်အင်ဝက်ဆင် ခြောက်လုံးပြူးကို ဆွဲယူလိုက်၏။





ဒုံး ... ဘုတ်။

အရာတစ်ခုသည် သူထွက်မည့်တံခါးပေါက်ကို လာမှန်၏။ ဒုံးခနဲမြည်သွားပြီး မြေပြင်သို့ ဘုတ်ခနဲကျသံကြားရ၏။

ဟ ... ဘာလဲ။

သူ့ကိုယ်သူ မေးခွန်းမေးမိပြီး သူ၏ဖောင်တိန်လက်နှိပ်ဓာတ်မီးကလေးကို ဒက်(ရှ်)ဘုတ်ထဲ ထပ်ထုတ်၍ တံခါးကို ဖွင့်လိုက်၏။

ဒိုင်း ...

သေနတ်သံတစ်ချက်။

ကျည်ဆန်သည် တံခါးကို လာရောက်ထိမှန်သည်။

သူ သိလိုက်ပါပြီ။

သူ့အား သူစိမ်းလူက ချိန်းပြီးတော့ လုပ်ကြံခြင်းသာ ဖြစ်ပေသည်။

သူ မည့်ပါ။

ကျည်ဆန်ထွက်လာရာကိုသိသည်။ ထိုနေရာမှ မီးဖွင့်ခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်း ... ဒိုင်း ...

မီးပွင့်ရာဘက်သို့ နစ်ချက်မောင်းဆွဲလိုက်သည်။

ပတ်ဝန်းကျင်တွင် သေနတ်သံတွေ ဟိန်းသွားသည်။ အမှတ်တမဲ့တော့ ဖျောက်အိုးဖောက်သလိုပဲ ထင်ရ၏။ နောက်ထပ် သေနတ်သံမပေါ်လာပါ။

စိုးဒေဝါက ပစ်ပြီးသည်နှင့် ကားကိုယ်ထည်ကို အကာအကွယ်ယူခြင်းမှ ထလိုက်သည်။

ချွတ်ချွတ်သံ မကြားအောင် ငြိမ်သက်လှသည်။

ရန်သူက ဆုတ်ခွာသွားပြီးပြီ။

စိုးဒေဝါသည် ရှီခနဲ နာမှုတ်သံ ကြားလိုက်ရသည်။ ယဉ်နေသောနားက ထိုအသံကို နားလည်သည်။ သူထွက်ရာ အပေါက်ဘက်သို့ ဘယ်လက်ကို ဘေးသို့ဆန့်ထုတ်၍ ဖောင်တိန်လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

ရှီ ...

ဒုတိယအကြိမ် အော်မြည်သံ။

အား ... မြွေကြီး။





အတော်အသင့်ကြီးမားသော မြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းထောင်နေသည်။ ထောင်လိုက်သောပါးပျဉ်းနှင့် နှုတ်သီးက သူ့ဒူးဆစ်လောက် မြင့်မားပေမည်။ မီးရောင်ကို ရင်ဆိုင်ရသောအခါ မြွေဟောက်ကြီးက ပိုဒေါပွသွားသည်။

ပါးပျဉ်းထောင်လျက်မှ ဆတ်ခနဲ စိုးဒေဝါပေါင်ကို ပေါက်ချလိုက်၏။

အယ် ...

စိုးဒေဝါက အလန့်တကြား နောက်သို့ခုန်ဆုတ်လိုက်၏။

မြွေပေါက်တာနှင့် အလျှင်တူသော သူ၏မြန်ဆန်မှုက သူ့အသက်ကို ကယ်လိုက်၏။

တကယ်လို့သာ ရန်သူက ရှိနေပါက စိုးဒေဝါကို ဒုတိယအကြိမ် သေနတ်နှင့်ပစ်ရန် လွယ်ကူသည်။

ထိလည်း ထိမှန်ပေမည်။

ဒါပေမဲ့ ရန်သူ မရှိတော့ပါ။

သူ့မှာ မြွေနှင့်လုံးထွေးကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မြွေကို သေနတ်နှင့် ပစ်ခတ်လျှင်ရ၏။ သို့သော် ကျည်ဆန်အကုန်မခံချင်ပါ။ ပြီးတော့ အသိဉာဏ်မဲ့ သတ္တဝါတစ်ကောင်ကို သတ်ဖြတ်လိုသောစိတ် မရှိပါ။

"ဟေ့ကောင် ... ငါက မင်းကို ရန်မမူဘူး။ မင်းလမ်း မင်းသွား၊ ငါ့လမ်း ငါသွားမယ်"

မြွေကို လူစကားနှင့်ပြောသည်။

သည်မြွေကြီးက သူ့ကိုထပ်ရန်မူလျှင် မသတ်ချင်ဘဲနှင့် သတ်ရဦးတော့မည်။ ထိုစဉ်က ဘီပီအိုင်မပေါ်သေးပါ။ မြွေဆိပ်ဖြေဆေးလည်း မထုတ်ရသေး။

မြွေပေါက်ခံရရင်တော့ ဆန့်ပေရော့။

သူက လက်နှိပ်ဓာတ်မီးကို မပိတ်ဘဲ မြွေကိုဆက်ထိုးထားသည်။ မြွေ၏ပြောင်လက်သော အရေခွံဖုံးနေသည့်ပါးပျဉ်းကြီးက ရှေ့သို့ပျော့ခွေခိုက်ကျသွားသည်။ စိုးဒေဝါ၏မျက်လုံးများအားနှင့် စိတ်ကိုဖတ်မိဟန်တူပေ၏။

မြေပြင်တွင် တွန့်လိမ်တွန့်လိမ်နှင့် အခြားတစ်ဖက်သို့ ထွက်သွားတော့၏။ မြွေသွားရာကို မီးထိုးပြီး လိုက်ကြည့်ကာ ဆတ်ခနဲ လက်နှိပ်ဓာတ်မီးကို ပိတ်လိုက်၏။





သူ့နဖူးတွင် ချွေးတွေစို့နေ၏။

စိတ်ဓာတ်ကြောင့်လား၊ ပူအိုက်မှုကြောင့်လား။

ရန်သူသည် သေနတ်နှင့် မပစ်ခင် သူ့အား မြွေပေါက်သေစေရန် မြွေနှင့် မှောင်ထဲမှ ပစ်ပေါက်မည်။ ရန်သူ၏စိတ်လောမှုကြောင့် မိမိအပြင်မထွက်မီ မြွေကအလျင်ဦးစွာ လေထဲဖြတ်သန်းလာပြီး ကားတံခါးကို လာမှန်ပေမည်။

ပြီးတော့ မြေပြင်သို့ကျမည်။

ရန်သူက သူလုပ်ကြံချက် မမိသဖြင့် ဒုတိယအကြိမ် သေနတ်နှင့်ပစ်မည်။ စိုးဒေဝါက သေတွင်းထွက်လာသူပီပီ ပခုံးတွန့်ပြီး ကားတံခါးကို မီးနှင့်ထိုးကြည့်သည်။

ကားတံခါးတွင် မလိုလားသော အပေါက်တစ်ပေါက်ရှိနေ၏။

ရန်သူ၏ပစ်ခတ်လိုက်သော ကျည်ဆန်ရာပင်ဖြစ်သည်။ ကျည်ဆန်က ကားတံခါးကိုဖောက်က တစ်ဖက်သို့ထွက်ရာ မထွက်နိုင်ဘဲ တစ်လစ်ဖြစ်နေသည်။

ကျည်ဆန်ကို တွေ့သည်။

သံတံခါးကို ကျည်ဆန်ဖင်က ဆို့နေခြင်းသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ကျမှ ဝယ်ရှောသွားပြီး ကျည်ဆန်ကိုထုတ်ယူကာ စစ်ဆေးရပေဦးတော့မည်။

သက်ပြင်းချလိုက်သည်။

မိမိကို ချိန်းဆိုထားသူ၏ ကလိန်ကလက်များမှုကို မိမိကြိုတင်သိဖို့ ကောင်းပါရဲ့။

စိုးဒေဝါ သက်ပြင်းကို ကျိတ်ချကာ ကားပေါ်တက်သည်။

"ဟော့ ... မပြေးနဲ့"

ထန်ပြင်းသော အသံတစ်ခုက သူ့ကားနောက်မှ ပေါ်လာသည်။ လက်နှိပ်ဓာတ်မီးရောင်များသည် ကားပေါ်သို့လည်းကောင်း၊ သူ့ကိုယ်ပေါ်သို့လည်းကောင်း တဝင်းဝင်းကျလာသည်။ စိုးဒေဝါ၏ကိုယ်ကြီးက တောင့်သွားသည်။

ပြီးမှ ပြန်ပျော့ကျသွားသည်။

ညဉ့်လှည့်ရဲပတ္တရောင်တွေပါကလား။

ရဲသားအားလုံး လေးယောက်ဖြစ်သည်။

သူတို့သည် စက်သီးကိုယ်စီရှိကြသည်။ တစ်ယောက်လက်ထဲမှာ ဗလက်ချိုင့်ရှိုင်ဖယ်သေနတ်တစ်လက်ပါသည်။





"မပြေးပါဘူးဗျာ၊ ကျုပ် လူကောင်းပါ"

အေးဆေးစွာပြောပြီး စိုးဒေဝါ ဆိုဖာပေါ်တွင်ငြိမ်သက်စွာ ထိုင်နေသည်။

ရဲများက စက်သီးတွေထား သူ့အား သေနတ်တချိန်ချိန်နှင့် ချဉ်းကပ်လာကြသည်။

စိုးဒေဝါက မလှုပ်ဘဲ ငြိမ်သက်စွာ ထိုင်နေပြီးမှ ဆတ်ခနဲ ကားအတွင်းမီးကိုဖွင့်လိုက်၏။ ရှေ့မီးကိုလည်း ဖွင့်လိုက်သည်။

"မင်း ဘာလာလုပ်တာလဲ"

သူတို့အထဲတွင် တစ်ရစ်ရ ရဲတပ်ကြပ်ပါလာသည်။ သူ့အမေးကို စိုးဒေဝါက အေးအေးသက်သာပင်ဖြေသည်။

"လူတစ်ယောက်နဲ့ ကျုပ် ချိန်းထားလို့ လာတွေ့တာ၊ အခု ဒီလူက ကျုပ်ကို သေကြောင်းကြံတယ်"

"မင်း ချိန်းထားတာ ဘယ်သူလဲ"

"အဲဒါတော့ မသိဘူး"

"မင်းစကားက မဟုတ်သေးပါဘူး၊ ကိုယ့်လူ လက်နှစ်ဖက်ခေါင်းပေါ်ယှက်ပြီး ကားအောက်ဆင်းစမ်း၊ မင်းကိုမသက်ာဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေကို စိုးဒေဝါကကြည့်၍ ခပ်တည်တည်နှင့် ခေါင်းပေါ်လက်တင်ယှက်၍ ကားအောက်သို့ဆင်းလိုက်သည်။

"မင်း ကောင်းကောင်းနေ"

ရဲတစ်ဦးကကြိမ်းပြီး ကားပေါ် သူတို့ ရှာသည်။ သေနတ်ကို တွေ့သွားသည်။

"ဆရာ ဒီမှာ သေနတ်"

ရဲတစ်ဦးက ရှာတွေ့သောသေနတ်ကို မြှောက်ပြသည်။

"ဟုတ်ပြီ၊ တို့ ကြားရတာ ဒီကောင်ပစ်တဲ့ သေနတ်သံဖြစ်မှာပဲ"

ရဲတပ်ကြပ်ကပြောပြီး စိုးဒေဝါဘက်လှည့်ကာ ...

"ကိုယ့်လူ မင်းက သေနတ်တွေ ဘာတွေနဲ့ပါလား၊ မင်း ဘယ်သူလဲ၊ ငါတို့ကိုပြောစမ်း"

သူ့အသံကမာသည်။ မျက်နှာကလည်း ခပ်တင်းတင်း။

"ဒီသေနတ်က ကျုပ်သေနတ်မှန်တယ်၊ ကျုပ်လိုင်စင်နဲ့ကိုင်တာ၊ ကျုပ်နာမည် စိုးဒေဝါ၊ ကျုပ်က စိုးကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင်"





စိုးဒေဝါကပြော၍ သူ့လက်တစ်ဖက်ကို လှုပ်မည်ပြုရာ သေနတ်နှင့်ချိန်ထားသူက ...

"ဟေ့ကောင် ... မလှုပ်နဲ့"

ပြောပြောဆိုဆို ရိုင်ဖယ်သေနတ်ဒင်နှင့် ကျောကို ခပ်ဆတ်ဆတ် ရိုက်လိုက်၏။

ထိုခေတ်က ရဲအချို့မှာ ယခုခေတ် ပြည်သူ့ရဲတွေလို ယဉ်ကျေးကြသည်မဟုတ်။

စိုးဒေဝါမှာ ခါးကော့သွားသည်။

နာလည်း နာသွားသည်။

"ဟေ့ကောင် ... မင်းတို့ ငါ့ကို တရားခံလိုမဆက်ဆံနဲ့၊ ငါက ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင်တင် မဟုတ်ဘူး၊ အက်(စ်)အက်(စ်)အက်(စ်)အိုင် အဖွဲ့ဝင်တစ်ယောက်ပါ၊ ခင်ဗျားတို့ ကြည့်လုပ်ကြနော်"

ရဲတွေမှာ ထိုအဖွဲ့ ဘာအဖွဲ့ဖြစ်သည်ကို သိသည်။

"အောင်မယ် ... လူပါးဝလို့၊ အဲဒီအဖွဲ့ဟာ ဝင်ချင်တိုင်း ဝင်လို့ရတဲ့အဖွဲ့ မဟုတ်ဘူး၊ အဲဒီအဖွဲ့ကလူတော်တွေကွ"

ရဲတစ်ယောက်က ဝင်ပြော၍ ရဲတပ်ကြပ်က ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မသက်သဘူး၊ ဟော့ ... မောင်သော်၊ ဒီကောင့် သေနတ်ကို စစ်ကြည့်စမ်း"

ရဲတစ်ယောက်က သေနတ်ဆုံလည်ကို ချိုးသည်။

"ကျည်ဆန်နှစ်တောင့် လျော့နေတယ် ဆရာ၊ ပြီးတော့ သေနတ်ပြောင်းကလည်း ယမ်းစော်နံနေတယ်"

သေနတ်ပြောင်းကိုနမ်းကြည့်၍ သူ့အမြင်ကို ထိုရဲက ထုတ်ပြသည်။

"ကဲ ... ဒါသက်သေတွေပဲ၊ ဒါကို ထောက်ကြည့်ရင် မင်း လူဆိုးဖြစ်တာ သေချာပြီ၊ မင်းကို ရှုပ်ရတော့မယ်"

"ကျုပ် တရားခံမဟုတ်ဘူး၊ တရားခံကပြေးပြီ၊ ကျုပ် သေနတ်နဲ့ နှစ်ချက်ပစ်မိပါတယ်လို့ ပြောခဲ့သားပဲ၊ ခင်ဗျား တို့ဗျာ"

စိုးဒေဝါ စိတ်ဆိုးစပြုလာပြီး

"အံမယ် ... မင်းကပဲ စိတ်ဆိုးရတယ်ရှိသေး၊ မင်း လူဆိုး မဟုတ်ရင် သက်သေပြ"

ခက်တာက သေနတ်လိုင်စင်ရော၊ ဗစ်စစ်တင်းကတ်ရော၊ သူ့ထောက်လှမ်းရေးလိုင်စင်ပါ အိမ်တွင်ကျန်ရစ်ခဲ့သည်။





ဒါကို စိုးဒေဝါက ဖွင့်အန်သည်။ ရဲတပ်ကြပ်က စဉ်းစားပြီး ...

"ဒါဆို မနက်ကျမှ ဟုတ်မဟုတ် တို့လိုက်ကြည့်မယ်၊ ခုတော့ မင်းကို မသင်္ကာမှုနဲ့ ဖမ်းရမှာပဲ"

သူတို့ စိုးဒေဝါပြောတာကို ယုံကြည်ပုံမရ။ ထို့ပြင် တစ်ယောက်က ...

"မင်းက အဖိုးတန်ကားကြီးကို စီးလာတာပြောဦးမလို့လား၊ ဒီကားက ခိုးလာရင်ရတယ်၊ ဒါဟာ ကျုပ်ကားပါ၊ ဒီကား ကို စီးလာတဲ့ကျုပ်ဟာ လူဆိုးဖြစ်နိုင်ပါ့မလားလို့ ပြောဦး မယ်၊ ဒါတွေဟာ ရိုးနေပါပြီကွာ၊ ရဲဌာနကိုသာလိုက်ခဲ့"

"မနက်ကျမှ စုံစမ်းတာပေါ့နော်၊ ထောက်လှမ်းစုံစမ်းရေး ဆရာကြီး"

တပ်ကြပ်ကလှောင်သည်။

စိုးဒေဝါက သက်ပြင်းချ၍ ...

"ခင်ဗျားတို့ဟာ သမက်ကိုသူခိုးထင်၊ သူခိုးကို တာရိုးကမ်း တဲ့ကိန်း ဆိုက်နေပြီ၊ ခင်ဗျားတို့လုပ်ပုံနဲ့ တကယ့်သူခိုးက ပြေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မှာသာ လိုက်ခဲ့"

"ကောင်းပါပြီ ဖုံထောက်ကြီးဦးစံရှားနဲ့ ဦးထွန်းပေါ်တို့ရယ်၊ ကျွန်တော် ဒီည ရဲဌာနမှာပဲ လိုက်အိပ်ပါမယ်"

သည်လိုနှင့် နီးရာရဲစခန်းသို့ စိုးဒေဝါ ပါသွားတော့သည်။

ရဲတစ်ယောက်က ကားကိုမောင်းသည်၊ စိုးဒေဝါကို လက်ထိပ်နှင့် နောက်ခန်းတွင် ထိုင်ခိုင်း၍ သေနတ်ကိုင်ရဲက အစောင့်အဖြစ် ဘေးမှာကပ်ပါလာသည်။

သူ့အဖြစ်က လူကောင်းက တရားခံဖြစ်ရတဲ့ဘဝ။

ရဲစခန်းတွင် တာဝန်ကျစခန်းမှူးဖြစ်သော ဌာနာအုပ်ကို ရဲတပ်ကြပ်က အစီရင်ခံသည်။

ဌာနာအုပ်က မှုးနေသည်။

ရဲကြပ်ပြောတာကို အသေအချာ နားမထောင်ဘဲ —

"ရန်ကုန်မြို့ကြီးကို ချောက်ချားအောင်လုပ်တဲ့ကောင် အချုပ်ခန်းထဲ သွင်းထားလိုက်"

သည်လိုနှင့် စိုးဒေဝါ အချုပ်ခန်းထဲရောက်ရသည်။





စိုးဒေဝါက ဦးရွှေမော်ကို သတိရသည်။ ဦးရွှေမော်အား ဖုန်းဆက်ပါရစေဟုပြောသည်။ ၎င်းတို့က လက်မခံ။

စိုးဒေဝါကို တရားခံအဖြစ် စွပ်စွဲ၍ အချုပ်ခန်းမှာ သိမ်းလိုက်သည်၊ အချုပ်ခန်းထဲတွင် လူသုံးလေးယောက်ရှိနေသည်။

သားသားနားနား ဝတ်ထားသော စိုးဒေဝါကို စိတ်ဝင်တစား ကြည့်ကြသည်။

အချုပ်ခန်းကလည်း ခြင်တွေပေါမှ ပေါခြင်းသောခြင်း။ ခြင်အကိုက်ခံရသည်။ တဖျပ်ဖျပ်ရိုက်သံသာ အမှောင်ထဲတွင်ပေါ်နေသည်။ စန္ဒရီရဲ့သား၏ တဒေါက်ဒေါက်ဖိနပ်သံကိုပဲ ကြားနေသည်။

နှစ်နာရီထိုးလောက်မှာ သူ့ခြေသံ ငြိမ်သွား၏။ ငနဲသား၏ တခူးခူးဟောက်သံကို ကြားရ၏။

တော်တော်တာဝန်ကျေတဲ့ ရဲသားပဲ။

ဖဆပလခေတ်တွင် ရဲသည် လက်နက်ကိုင်အဖြစ် ကြီးစိုးပြီး တချို့ရဲတွေမှာ တာဝန်ကျေပွန်၍ တချို့ရဲတွေမှာ တာဝန်ကျေပွန်သည်သာမက ယဉ်ကျေးမှုရှိကြသည်။ တချို့ရဲတွေမှာ သေနတ်ကိုင်ရလို့ ငါ ရဲပဲဆိုပြီး အာဏာရူးကြသည်။ တာဝန်မကျေပွန်သည့်ပြင် ရိုင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ပြည်သူသည် ရဲကို အထင်မှားကြသည်။

ရဲကို အကူအညီမပေးကြ။

ယခုခေတ်မှာတော့ ရဲတို့က တာဝန်ကျေပွန်ရုံမက ပြည်သူကို အကူအညီပေးကြသဖြင့် ပြည်သူနှင့်ရဲ တစ်သားတည်းဖြစ်ကုန်သည်၊ ကူညီပါရစေဟူသော ဆောင်ပုဒ်သည် ရဲတို့၏ ဆောင်ပုဒ်ဖြစ်ရုံမက ပြည်သူကလည်း ရာဇဝတ်မှုပပျောက်ရေးအတွက် သူတို့ကို ကူညီသည်။

ဒါက နိုင်ငံကို အုပ်ချုပ်သောသူများ၏ လိမ္မာပါးနပ်မှုပင်ဖြစ်၏။

ဖဆပလက ဒါတွေကို နားမလည်။

သူတို့ အာဏာရဖို့အတွက်သာ လုံးပမ်းနေတော့ အောက်ရှိလက်နက်ကိုင်ရဲအချို့ကလည်း အာဏာကိုအစွမ်းကုန်ထုတ်သုံးကြသည်။

ယခု စိုးဒေဝါ အချုပ်ခန်းထဲရောက်နေသည်မှာ သည်လိုရဲမျိုးကြောင့်ဖြစ်၏။

○❊○





တတ်လမ်းစဉ်(၈)

တစ်ညလုံး မအိပ်ရ။

ခြင်တွေ ရန်ပြုသောကြောင့်ဖြစ်သည်။

အိပ်မလိုလုပ်လိုက်ရင်း တဝီဝီအော်သံ၊ ကိုယ်ကိုလာကိုက်သဖြင့် ၎င်းတို့ကို မောင်းထုတ်ရတာနှင့် အချိန်ကုန်သည်။

သူ သဘောပေါက်လာသည်။

သူ့အား ဤအချုပ်ခန်းထဲသို့ သွင်းထားခြင်းကြောင့် ခြင်တွေ၏နှိပ်စက်မှုကို ခံရအောင်လုပ်ခြင်းဖြစ်သည်။

ကျန်အချုပ်သမားတွေကို သူကြည့်၏။

ငတိတွေက သိုးနေအောင် အိပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟောက်သံတွေတောင် ထွက်နေသည်။ သည်လို ဟောက်လျှင် စိုးဒေဝါ အိပ်လို့မရချေ။

သူ၏ E.S.P ဆဋ္ဌမအာရုံနှင့် ဓိုချယ်ရီဆီသို့ ပို့လွှတ်လိုသော်လည်း စိုမှာ အိပ်ပျော်နေပြီဖြစ်ခြင်း၊ မိမိမှာ ခြင်တွေ ဟောက်သံတွေကြောင့် အာရုံမရဖြစ်ခြင်း၊ E.S.P စိတ်ချင်းဆက်သွယ်မှုက တစ်ဖက်မှလည်း စိတ်အာရုံစူးလွှတ်မှ ဖြစ်နိုင်ပေမည်။

စိတ်ချင်းသွားထိပေမည်။

သည်လိုနှင့် မိုးဒေဝါ မိုးလင်းသွားသည်။

မနက်မိုးလင်းလို့ မေးစရာကြိုကာရှိသေး၊ အကျဉ်းသားနှစ်ယောက် ရန်ထဖြစ်သဖြင့် မအိပ်ရတော့ပါ။

မိုက်ထဲက ဆာလာသည်။

အခြားအချုပ်သားများမှာ သူတို့၏အိမ်က မုန့်ပဲသွားရေစာများ လာရောက်ကျွေးမွေးသဖြင့် စားသောက်ကြသည်။

စိုးဒေဝါကွင် ငွေပါသည်။

သူက စန္ဒရီအစောင့်ကို ခေါ်ယူကာ အကျိုးအကြောင်းပြောပြ၏။ သည်တော့မှ မုန့်ဟင်းခါးတစ်ပန်းကန်၊ ပေါင်မုန့်ယိုသုပ်နှစ်ချပ်နှင့် ကော်ဖီတစ်ခွက် မှာပေးသည်။





သူက အရသာမရှိသော အစားအသောက်များကို စား၍ ငင်းစန္ဒရီစောင့်ရဲသားကို လူမှုရေးပြုလိုက်ရသည်။

စားသောက်နေစဉ် ရဲတစ်ယောက်က "ကိုစိုးဒေဝါ" ဟုခေါ်သည်။

စားသောက်နေစဉ် လာခေါ်သည်ကို စိုးဒေဝါ မနှစ်သက်ပါ။

သို့သော် အောင့်အည်းသည်းခံ၍ ရဲခေါ်ဆောင်ရာသို့ လိုက်ပါလာသည်၊

"ဂွဒ်မော်နင်း ဆရာ စိုးဒေဝါ"

နှုတ်ဆက်သံကြောင့် ကြည့်လိုက်တော့ ဒုရဲအုပ်စိန်မြင့်ကို ရုံးခန်းအလယ်၌ မတ်တတ်ရပ်လျက်သား တွေ့ရပေသည်။

"ဟာ ... ဆရာကိုစိန်မြင့်"

စိုးဒေဝါကလည်း ဝမ်းသာအားရ အထိုက်အလျောက် နှုတ်ဆက်သည်။ ကိုစိန်မြင့်မှာ ယူနီဖောင်းနှင့် မဟုတ်ဘဲ အရပ်ဝတ်အရပ်စားနှင့်ဖြစ်သည်။

"ဆရာက ဘယ်လိုလုပ် သည်ကိုရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခပြောချင်တော့ပါဘူးဗျာ၊ ညက လူတစ်ယောက်ချိန်းထားတာ သွားတွေ့လို့ အဲဒီလူက လုပ်ကြံတယ်၊ ကျွန်တော့်ကို ဒီစခန်းကရဲဆွေတွေ့ပြီး ဖမ်းတာပဲ"

ဟု အစချီကာ အဖြစ်အပျက် အလုံးစုံကို ပြောပြ၏။ ကိုစိန်မြင့်က စိတ်ရှည်လက်ရှည် နားထောင်သည်။

"ကျွန်တော်က စိုးဒေဝါပါ၊ ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင်ဖြစ်ကြောင်း အက်(စ်)အက်(စ်)အက်(စ်) အဖွဲ့ဝင်ဖြစ်ကြောင်း ရှင်းပြသော်ငြား သူတို့နားမလည်ဘူး၊ နားမထောင်ဘူး၊ ခွတ်အတင်းဖမ်းလာခဲ့တာဗျ၊ ဒီမှာ တစ်ညလုံး ခြင်တွေကို သဒ္ဓါရေစာသွေးလှူလိုက်ရသဗျ၊ တော်တော်ဆိုးတဲ့ လူတွေပါဗျာ"

သူ့စကားအဆုံးမှာ ကိုစိန်မြင့်က ရယ်သည်။

"ဟား ဟား ဟား ... ဖြစ်ရတယ် ဆရာစိုးဒေဝါရယ်"

ပြောလည်းပြော ရယ်လည်းရယ်သည်၊ သူတို့ကြားတွင် မျက်နှာပျက်နေသူမှာ ဌာနာအုပ်ပင်ဖြစ်သည်။ သူ့မျက်နှာဖောအစ်အစ်ကြီးက ညဘက်တွင် ဂျူတီဝင်သော်လည်း ကောင်းကောင်းအိပ်ရကြောင်းတော့ ထင်ရှားသည်။





"ခင်ဗျားကတော့ ရယ်နိုင်တာပေါ့ဗျာ၊ ညက ကျွန်တော် တစ်ညလုံး မအိပ်ရဘူးဗျ"

"ဆရာ့အဖြစ်က ရယ်စရာကောင်းတာမို့ ကျွန်တော်ရယ်တာပါ၊ အမှုတွဲတစ်ခုအတွက် ကျွန်တော်သာ လာမစုံစမ်းရင် ဆရာ ဒီမှာ ဘယ်နှညနေရဦးမလဲ မသိဘူး"

"ဒီလူတွေက လူညံ့တွေပါဗျာ၊ ကျွန်တော် စိုးဒေဝါမှန်းအတိအလင်း ပြောတာတောင် မယုံကြဘူး၊ သူတို့ကို အထက်တိုင်မယ်၊ ရဲမင်းကြီးက ကျွန်တော်နဲ့ ခင်ပါတယ်၊ ဒီလိုတစ်ခွတ်ထိုးလုပ်လို့ ဘယ်ရမလဲ"

သည်သောအခါ မျက်နှာပျက်နေသော ဌာနာအုပ်က စိုးဒေဝါကို တောင်းပန်တော့သည်။

"ဆရာရယ် ... ကျွန်တော်တို့က ဝတ္တရားအရ ဆောင်ရွက်လို့ ဖြစ်ရတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်၊ တကယ့်ကို လှိုက်လှိုက်လှဲလှဲ တောင်းပန်ပါတယ်"

"ခင်ဗျား ညက အရက်မူးနေတာပဲ၊ ရဲကြပ်က အစီရင်ခံတာကို အသေအချာ နားမထောင်ဘဲ ကျုပ်ကို အချုပ်ထဲဆွဲသွင်းတာ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ စိတ်မဆိုးပေမင့် စိတ်ဆိုးဟန်ဆောင်သည်။ ဒေါသနှင့်ပြောရင်း တောက်ခေါက်သည်။

ပြီးတော့ စားပွဲကို လက်သီးနှင့်ထုသည်။

ဝုန်းခနဲအသံကြောင့် အားလုံးလန့်ဖျပ်သွားသည်။

"ခင်ဗျားတို့ စိုးဒေဝါကို ဘာမှတ်သလဲ၊ အားလုံးအလုပ်ပြုတ်စေရမယ်၊ ခင်ဗျား ဌာနအုပ်ကြီး၊ ဂျူတီချိန်မှာ ခင်ဗျားအရက်သောက်ထားတယ်၊ ဒါဟာ အပြစ်အကြီးဆုံးပဲ၊ ခင်ဗျားနားလည်လား"

"ဆရာရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်အလုပ်ကို ထိခိုက်အောင်မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ဒီဌာနအုပ်ရာထူးကို အဆင့်ဆင့် ဖြတ်သန်းလာခဲ့ရတဲ့ကျွန်တော့်ဘဝနဲ့ရင်းပြီး ရခဲ့တာပါ၊ ရာထူးပြုတ်အောင်တော့ မလုပ်ပါနဲ့၊ တောင်းပန်ပါတယ် ဆရာ"

"ခင်ဗျားလူတွေလည်း ကျုပ်ကို တရားခံလို့ဖမ်းတာ ဆက်ဆံတာ ကျုပ်မကြိုက်ဘူး၊ ကျုပ်ကို သေနတ်ဒင်နဲ့ ယောဒီကျောကုန်းကို ဆောင့်တယ်၊ တရားခံမဟုတ်တဲ့ လူတစ်ယောက်ကို တရားခံလို ဆက်ဆံတာ ကျုပ်နာကြည်းတယ်၊ ဒါလည်း တိုင်မှာပဲ"





ဒေါသဆောင်ပြီးပြောသည်၊ ဌာနအုပ်မှာ ပြူးပြူးပျာပျာဖြစ်၍ ...

"ဟော့ ... ဟော့ ... အောင်လှတို့ တာတီးတို့ ဒီဆရာကို လာတောင်းပန်ကြ၊ မင်းတို့ မှားဖမ်းတာ ရှီးမှပဲ၊ ဗြဟ္မာဦးခေါင်းကြီး ဖြစ်နေပါရောလား၊ မင်းတို့ကြောင့် ငါအလုပ်ပြုတ်တော့မယ်၊ ဆရာရယ် ... ဆရာ့ကို တကယ် စိုးဒေဝါမှန်းမသိလို့ပါ၊ ထရစ်ပလါလ်ယ်အက်(စ်)အဖွဲ့သားမှန်းသိရင် ကျွန်တော်တို့ မဖမ်းပါဘူး၊ အောင်လှ ... ဒီဆရာကိုတောင်းပန်လေ၊ ညကသေနတ်နဲ့ရိုက်တဲ့ကောင် ဘယ်ကောင်လဲ၊ မင်းပထွေးမို့ ရိုက်ရတာလား၊ လာခဲ့ ... မင်းတို့လာခဲ့"

ဌာနအုပ်က အမိန့်အာဏာသံနှင့် ခေါ်သောကြောင့် ကုပ်ချောင်းချောင်းလေး ဖြစ်နေကြသော လူတစ်စု ထွက်လာပြီး စိုးဒေဝါကို တောင်းပန်တိုးလျှိုးကြသည်။

"ဆရာစိုးဒေဝါရယ်၊ ကျေနပ်လိုက်ပါတော့၊ သူတို့ အထင်မှားဖမ်းတာ တောင်းပန်နေပြီပဲ"

ဘေးမှ ဒုရဲအုပ်စိန်မြင့်က ဝင်ဖျောင်းလိုက်တော့ စိုးဒေဝါက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လိုချင်တာက တရားခံတွေအပေါ်မှာ ကောင်းကောင်း မွှန်မွှန် ဆက်ဆံပါ၊ နောင် သတိထား"

သူပြန်တော့ တစ်ယောက်တည်းရယ်။

အိမ်ရောက်တော့ ဦးရန်ပြေကြီးက စိတ်ပူစွာ ဘယ်သွားနေသလဲဟု မေးမြန်းတာကို သင့်လျော်ရာဖြေ၍ လက်ပတ်နာရီကိုကြည့်တော့ ဆယ်နာရီထိုးကာနီးနေပြီ။

သူ ကုမ္ပဏီရှိ စိုထံသို့ ဖုန်းဆက်သည်။

ယနေ့ ကုမ္ပဏီသို့ မလာနိုင်ကြောင်း စိုနှင့် မန်နေဂျာဦးသော်တာတို့ လုပ်စရာရှိသည်ကို ဆက်လုပ်ရန် ညွှန်ကြားလိုက်သည်။

စိုးဒေဝါအသံက အိပ်ချင်မူးတူးအသံ ဖြစ်နေသည်။

စိုးက မေးတာကို မသဲမကွဲ ကြားရသည်။ သူဘာမှ မပြောဘဲ ဖုန်းချလိုက်၏။ သူ့အိပ်ခန်းသို့ ဝင်သည်၊

ဘာကိုမှမတွေးဘဲ အိပ်ချလိုက်၏။

အိပ်မောကျသွားတော့သည်၊ တစ်ချက်ကလေးမှမနိုးပေ။





သူ့ကိုလာသတ်လျှင်တောင် သူ ဘာမှန်းသိမည်မဟုတ်။

ဆယ်နာရီမှအိပ်ရာ ညနေ သုံးနာရီခွဲမှ နိုးတော့သည်။

တော်တော်အားရှိသွားသည်။ ခေါင်းကလည်း ကြည်လင်သွား၏။

ထမင်းဆာသဖြင့် ဦးရန်ပြေကြီးကို ပြင်ခိုင်းသည်။ ထမင်းမစားမီ ပို့က်လေဘယ်(လ်)နှစ်ပက်လောက် လည်ချောင်းထဲ မျှောလိုက်သည်။

ထမင်းစားစဉ် သူ့ကို ချိန်းဆိုခဲ့သော ငနဲသားအကြောင်း တွေးနေမိသည်။

သည်ကောင်က မိမိကိုချိန်းပြီး သတ်ဖို့ကြံခဲ့သည်။

ဒါပေမဲ့ တစ်ခုကို ပြန်တွေးမိသည်။

မိမိကို သည်ကောင် လက်နှိပ်ဓာတ်မီးနှင့် ထိုးပြ အချက်ပေးသည်။ မိမိကလည်း မိမိရောက်ရှိနေကြောင်း မီးဖွင့်ပြီး အချက်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက် မိမိကားတံခါးကို မြေလာထိမှန်ပြီး သေနတ်သံတစ်ချက် ထွက်လာသည်။

ပစ်ခတ်သူက မိမိ၏ကားနံဘေးတစ်ဝိုက်မှဖြစ်သည်။ မိမိကို ချိန်းဆိုထားသူက မိမိကို ရန်မူလျှင် ကားရှေ့မှသာရန်မူတော့မှာပေါ့။

ကားရှေ့မှ ကားနံဘေးသို့ ရွေ့ပြောင်းရန်မှာ မှောင်ထဲတွင် စက္ကန့်ပေါင်းများစွာကြာမည်။ မိနစ်ပိုင်းသို့ပင် ရောက်နိုင်သည်။

ခုတော့ ...။

သူ့လက်နှိပ်ဓာတ်မီးပြ၍ မရှေးမနှောင်း မိမိကိုမြေနှင့်ပစ်ပေါက်၍ သေနတ်နှင့်ချောင်းပစ်ခြင်းမှာ ချိန်းထားသူကမလုပ်နိုင်။

တစ်နည်းတော့ ရှိသည်။

ချိန်းထားသူက တစ်ဦးတည်းမလာဘဲ အပေါင်းအသင်းနှင့်လာမည်။

ထိုအပေါင်းအသင်းက ကားနံဘေးမှစောင့်ပြီး မိမိကိုမြေနှင့်ပေါက် သေနတ်နှင့်ပစ်လျှင်ကော မဖြစ်နိုင်ဘူးလား။





ထိုအတွေးက မိမိကိုဆွဲဆောင်သွားသည်။ လက်ခံခဲ့သည်။

ဦးရန်ပြေက ညဘက်တွင် တစ်ညလုံး စိုးဒေဝါပြန်မလာခြင်းကို ထပ်မေးသည်။

လိမ်ညာပြောလို့ ရကောင်းမည် မဟုတ်သောကြောင့် စိုးဒေဝါက အမှန်အတိုင်း ပြောမိသည်။

အဘိုးကြီးက ခေါင်းတညိတ်ညိတ် နားထောင်ပြီး ဌာနာအုပ်နှင့် သူ့လူတွေကို ကျိန်ဆဲတော့သည်။

"ဒီကောင်တွေ မတရားလုပ်တာပဲ၊ သတင်းစာထဲထည့်ကွာ၊ ရဲမင်းကြီးကိုဖြစ်ဖြစ်၊ ပြည်ထဲရေးဝန်ကြီးကိုဖြစ်ဖြစ် တိုင်ကွာ"

"မလုပ်ပါနဲ့ဗျာ၊ သူတို့ ကျွန်တော့်ကို အကြောင်းမှန်သိတော့ အတော်ကို တောင်းပန်ရှာကြတာပါ၊ သူတို့လုပ်တာဝတ္တရားအတိုင်း လုပ်တာပဲ၊ ကျွန်တော်လည်း ပထမတော့ ဒေါပွတာပေါ့၊ နောက် သူတို့လုပ်တာ ဝတ္တရားရှိလို့လုပ်တာပဲဆိုပြီး စိတ်ကိုဖြေရတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိုးဒေဝါဆိုတာ လူတွေအတော်များများ သိကြတာပဲ၊ မင်းကို ဒီကောင်တွေ မသိဘူးဆိုတာ အလကားပဲတင်းပြောတာ"

"သူတို့က နယ်ကပြောင်းလာတဲ့လူတွေ ဦးလေးရ၊ နယ်ဆိုတော့ စိုးဒေဝါကို လူမပြောနဲ့ ခွေးတောင်သိမှာမဟုတ်ဘူး"

"ဒါနဲ့ပဲ မင်း ငြိမ်ခံလိုက်ပြီပေါ့"

"အိပ်ရေးပျက်တာကလွဲလို့ အသားပဲ့ပါတာလိုက်လို့"

"သေနတ်ဒင်နဲ့ ကျောကို အတီးခံရတာကော"

"ခါးအညောင်းပြေသွားတာပေါ့ဗျာ"

စိုးဒေဝါ ပြုံးပြီးပြောသည်။ သည်ငနဲက ပြုံးခဲ့သည်။ သူ ပြုံးပြီဆိုလျှင် သူ့စိတ်ချမ်းသာပြီမှတ်တော့။

ဦးရန်ပြေကြီး စကားမဆက်တော့။

စိုးဒေဝါက သူ့လုပ်စရာအလုပ်တွေကိုလုပ်သည်။

ညနေလေးနာရီခွဲတွင် စိ ပေါက်ချလာသည်။ စိတင်မဟုတ်ပါ။ သူမနှင့်အတူ နှောင်းနွယ်ပါလာသည်။

"အား ... စိပါလား"





"စိတ်ပူလို့ လိုက်လာတာ ကိုစိုး"

စိသည် စိုးဒေဝါကို ကိုကိုလို့လည်းခေါ်သည်။ ကိုစိုးလို့လည်း အဖျားဆွတ်ခေါ်သည်။

"နှောင်းနွယ်လည်း ပါလာပါကလား"

ဧည့်ခန်းတွင် စိုးဒေဝါက မတ်တတ်ရပ်ကာ နှောင်းနွယ်ကိုလှမ်းကြည့်နှုတ်ဆက်၏။ နှောင်းနွယ်ကပြုံးကာ မျက်ခုံးကလေးချီပြီး ...

"အစ်ကို ဒီနေ့ ရုံးမတက်တော့ ဘာများဖြစ်သလဲ၊ နေပဲမကောင်းလို့လားဆိုပြီး လိုက်လာတာ၊ မမစိက အရေးတကြီးဖြစ်နေတာကို"

"ဟုတ်တယ်လေ၊ ဒီကနေ့ဖုန်းဆက်တော့ ကိုစိုးရဲ့အသံတွေက မှုမမှန်ဘူး၊ အသံတွေပျက်နေတယ်၊ ပြီးတော့ ဖုန်းထဲမှာ စကားကိုပြီးအောင်မပြောဘူး၊ ဒီတော့ စိတ်ပူတာပေါ့၊ နေမကောင်းလို့လားဆိုပြီး အခု လိုက်လာတာ၊ အခုတွေ့တော့လည်း ကိုစိုးက ကျန်းကျန်းမာမာကြီး၊ ဘာဖြစ်တာလဲ"

စိက ကိုစိုးကို တရင်းတနှီး ကိုင်တွယ်သည်။ နဖူးပေါ် လက်တင်၍ အဖျားစမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူက အကောင်းကြီးပဲ"

"အစ်ကို ဘာလို့ရုံးမတက်တာလဲ၊ ဪ ... ဒီမှာ အစ်ကို စားဖို့ ပန်းသီးနဲ့ သပျစ်သီးတွေ ... ရော့"

"ဒုက္ခရှာလို့ နှောင်းနွယ်ရာ"

"ဒုက္ခရှာတာ မဟုတ်ဘူး၊ နေမကောင်းရင် စားဖို့ဆိုပြီး အစ်ကို့အတွက် ဓာတ်စာဝယ်လာတာ"

"ဓာတ်စာပဲ လျှပ်စစ်ဓာတ်နဲ့ စားစရာတို့ရင် ဓာတ်စာဖြစ်သွားတာပဲ၊ နှောင်းနွယ် ပိုက်ဆံအကုန်ခံလို့"

"အစ်ကိုစားဖို့ဆို ဝယ်လာတာပါ၊ နှောင်းနွယ် သုံးစရာရှိပါတယ်၊ ဒါလောက်လည်း မဆင်းရဲပါဘူး"

နှောင်းနွယ် အသံကလေးက ကြည်လင်သည်။ ဆံနွယ်တွေကို ပခုံးထက်တွင် ချထားသည်။ သူမ၏ဆံပင်များသည် စို့ဆံပင်တွေလိုပဲ မည်းနက်တောက်ပြောင် ပျော့ပျောင်းသည်။ ဆံပင်တွေ လှိုင်းတွန့်ဖြစ်နေသောကြောင့် သူမ၏မျက်နှာသွယ်သွယ်လေးမှာ ထိုချထားသော ဆံပင်များနှင့် ကြည့်ကောင်းသည်။

လိုက်ဖက်သည်။





မျက်နှာအနေအထားသည် စိုလောက် မလှပေမင့် သူမအနေနှင့် တန်းဝင်အောင်လှသည်ဟု ဆိုရပေမည်။ ပြေသော နဖူး၊ မည်းနက်ကာ ကော့ပြန်သလိုဖြစ်နေသော မျက်ခုံးများအောက်မှ မျက်ဝန်းတွေကလှပြီး မျက်လုံးက ကြည်လင်တောက်ပ၏။

ခန္ဓာကိုယ်က အချိုးအဆစ်ကျသဖြင့် ရုတ်တရက်သော် သူမသည် ကာမပိုင်ရှိမှန်း မသိနိုင်ပေ။

စိုးဒေဝါက သူမအလှကို ခေတ္တတစ်ကိုယ်လုံးခြုံကြည့်ပြီးမှ သူမ ကမ်းလင့်သော ပန်းသီးနှင့် သပျစ်သီးတို့ကို ယူလိုက်၏။ ထိုခေတ်က ပန်းသီးနှင့် သပျစ်သီးမှာ ဈေးကြီးပေးမှ စားနိုင်သော အစားအသောက်ဖြစ်၏။

"ဘာဖြစ်တာလဲ"

စိုက သိချင်သည်။

"အိပ်ရေးပျက်တာပါ"

"အိပ်ရေးပျက်လို့လား၊ ညက ဘယ်တွေသွားနေလဲ ကိုကို"

စုံစမ်းရေး စလာပြီ။ စို စိတ်ပူမှန်း သိသာ၏။

"ညက ဒိုမီနိုကလပ်ရောက်တယ်၊ အပေါင်းအသင်းတွေနဲ့ တွေ့တယ်၊ ကကြ ခုန်ကြရင်း အရက်သောက်တာနည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းများသွားတယ်၊ အဲဒါနဲ့ ကလပ်က ကစားဝိုင်းကိုသွားတယ်၊ ကိုယ်က နည်းနည်းကုန်တာ၊ အပေါင်းအသင်းတွေက ပိုကုန်တယ်၊ အဲဒီကစားဝိုင်းမှာပဲ အချိန်ကုန်ခဲ့တာ၊ မနက်မိုးလင်းတော့ ကိုယ်လည်း အိမ်ပြန်လာတယ်၊ ဒီရောက်တော့ သိပ်အိပ်ချင်နေပြီ၊ ဒါကြောင့် စိုးဆီ ဖုန်းဆက်တာ"

စိတ်ထဲလျှောက်ပြောသည်။ စိုယုံလား မယုံလား။

"ကိုကိုဟာလေ လုပ်လိုက်မှ စိတ်ထင်တာ လျှောက်လုပ်နေတာပဲ"

စိုး၏မချင့်မရဲ အပြစ်တင်သံ။

"နောင်းနွယ် ကိုယ်တို့ဆီမှာ အလုပ်လုပ်တာ ပျော်ရဲ့လား"

"ပျော်တာပေါ့၊ ပထမတော့ ဘာမှန်းမသိဘူး၊ အခုတော့ နည်းနည်း နားလည်လာပြီ၊ ကိုသန်းစိုး၊ မမေအောင်၊ ဖြူဖြူတို့ကလည်း ကျောက်တန်ဖိုး၊ ကျောက်အနေအထားတွေ ပြောပြပါတယ်"

"နောင်းနွယ် ရိုးရိုးသားသားလုပ်ပါ၊ နောက်အလုပ်ကို ကြည့်ပြီး ကိုယ် ချီးမြှင့်သွားပါမယ်၊ ဟုတ်တယ်မဟုတ်လား စိုး"





"ဒါပဲပေါ့"

စိုက ခေါင်းလေးညိတ်လိုက်သည်။ နောင်းနွယ်အားပါးတရ သွားဖြူဖြူလေးတွေပေါ်အောင် ပြုံးသည်။

"နောင်းနွယ် ကြိုးစားပါ့မယ် အစ်ကို"

"အောင်သန်းဦးကကော ဘာပြောသေးသလဲ"

"ဘာမှတော့ မပြောတော့ပါဘူး"

"သူ့အတွက် အရက်ဖိုး ရနေပြီကိုး"

သည်တစ်ခါ နောင်းနွယ် ရယ်မောသံလေးက စိတ်ပျော်ရွှင်သည့် ရယ်မောသံလေး။

သူတို့သုံးယောက် ရယ်ကာမောကာ စကားပြောကြ၏။ စိုးဒေဝါ၏ ထူးခြားချက်က အမြဲတစေ တည်နေသောမျက်နှာသည် ယခုတစ်ခါတွင် ရွှင်ပျရယ်မောနေချိန်နှင့် ဟိုက်ဆိုင်နေခြင်းဖြစ်၏။ သူသည် သူတကာလို ဟက်ဟက်ပက်ပက် မရယ်ပေမင့် သွားပေါ်အောင် သွားဖြဲခြင်း၊ နှုတ်ခမ်းနှစ်လွှာကွဲသွားအောင် အသံမထွက်သော ရယ်နည်းမျိုးဖြင့် သူ သဘောကျသောအခါ ရယ်လေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တည်နေသော မျက်နှာက တစ်မျိုးကြည့်ကောင်းသလို ရယ်မောပျော်ရွှင်နေသော သူ့မျက်နှာက ကျက်သရေတော့ ရှိ၏။

ဒါကို နောင်းနွယ်က ကျိတ်အကဲခတ် လေ့လာနေသည်။

"ကဲ ... ဒီမှာ ထမင်းစားကြ"

သူတို့ရောက်နေသည်မှာ ခြောက်နာရီထိုးလုလုဖြစ်နေ၏။

"ဘယ်နှယောက်စာများ ချက်ထားလို့လဲ"

"ရပါတယ်၊ အားလုံး မျှစားရင် ရပါတယ်"

စိုး၏အမေးကို မိုးဒေဝါကဖြေသည်။ စိုးက မိုးဒေဝါ၏ပေါင်ကိုပုတ်၍ ...

"ဒီမှာမစားဘူး၊ အပြင်မှာစားမယ်၊ စိုးက ဒီည ကိုကိုနဲ့ နောင်းနွယ်ကို ဒင်နာကျွေးမယ်၊ ဟုတ်ပြီလား"

"ဒင်နာဆိုတာ ဘာလဲဟင်"

မိုးဒေဝါ၏အမေးကို စိုးက ရယ်မောရင်းက ...

"ဒင်နာဆိုတာ အီအီး"





"ဟင် ... စားချင်စရာပဲ"

မိုးဒေဝါ၏အပြောကြောင့် သူမတို့ ရယ်မောကြသည်။

"မမစိုးရယ် ... အားနာစရာကြီး"

"အမယ်လေး ညီမရယ်၊ အားနာစရာ မလိုပါဘူး၊ အားနာရင် ဆယ်ပန်းကန်လောက်စား"

"ဟုတ်တယ်၊ ထမင်းတွေ ဟင်းတွေမပါဘဲ ပန်းကန်ချည်း ဆယ်ပန်းကန်လောက်စား၊ နောင်းနွယ် သွားကောင်းတယ် မဟုတ်လား"

နောင်းနွယ်က သူမ၏ဖြူဖွေးညီညာသော သွားကလေးများကို လက်ညှိုးထိုး၍ ...

"နေ့တိုင်း ကိုး(လ်)ဂိတ်နဲ့ နှစ်ခါတိုက်တာ သွားကောင်းတယ်၊ အုတ်နီခဲတောင် ကိုက်လို့ရတယ်"

"စိုး"

"ဘာလဲ"

"ကိုယ်တို့အိမ်မှာမွေးဖို့ စပယ်နီယာလေးတစ်ကောင်တော့ ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကလည်း ပြောတော့မယ်၊ သွားကောင်းကြောင်း ကြော်ငြာဖို့ သွားအတုရှင်ရပြီလို့ ပြောပါ"

သူတို့က နောက်ရှုတ်နေတော့ နောင်းနွယ်မှာရယ်နေရသည်။ စိုးဒေဝါကို နောင်းနွယ်က ကျောပြင်ကို ဖျောတင်လိုက်ချင်သည်။

သူမကိုများ စပယ်နီယာတဲ့။ စပယ်နီယာ ဆိုတာ အနောက်နိုင်ငံက ဘိုခွေးကလေးတွေပဲ။

အဲဒီကာလတုန်းက လူတွေက စပယ်နီယာမှ မွေးချင်ကြသည်။

သူတို့ကို စိုက စထရင်းဟိုတယ်တွင် ညစာကျွေးသည်။ စထရင်းဟိုတယ်မှာ လူတိုင်းဝင်လို့မရပေ။ ဂုဏ်သရေရှိ လူတန်းစားများနှင့် ပြည်ပဧည့်သည်များသာ ဝင်ရောက်နိုင်သော ခံ့ညားသော ဟိုတယ်တစ်ခု။

ထိုဟိုတယ်တွင် အနောက်တိုင်း ဘိုစာတွေကို စိုက မှာကျွေး၏။ ညတိုင်းသွားသည်။ စထရင်းတွင် အတီးအမှုတ်များ ရှိသော်လည်း စိုးဒေဝါက သွားနေကျဖြစ်သော အင်းယားကန်စောင်းမှ မေဖဲယားကလပ်သို့ သွားချင်သည်။





စိုကို သွားရအောင်ပြောသောအခါ စိုက သဘောတူသည်။ နောင်းနွယ်မှာ ဗိုက်ပြည့်နေသည်တစ်ကြောင်း၊ မေဖဲယားကလပ်သို့ လိုက်ပါက ကတတ်ခုန်တတ်မှ ဖြစ်မှာမို့ နောင်းနွယ်မလိုက်ချင်ပါ။

ဒါကြောင့် သူမကို စိုးဒေဝါ ကားနှင့်အိမ်ပြန်ပို့လိုက်သည်။

စိုနှင့်သူ မေဖဲယားကလပ်သို့။

○✽○



www.burmeseclassic.com

www.burmeseclassic.com



## တတ်လမ်းစဉ်(၉)

မေဖဲယားကလပ်သည် အင်းယားလမ်းတွင် တည်ရှိသည်။

အထက်လွှာမှ လာရောက်ကြသူတွေသာများသည်။

စိုးဒေဝါသည်လည်းကောင်း၊ စိုချယ်ရီထွန်းသည်လည်းကောင်း အသိမိတ်ဆွေများနှင့်တွေ့သည်။ ဤကလပ်တွင် စီးပွားရေးသမားများ အများအပြား လာရောက်ကြသည်။

သူ့ခေတ်နှင့်သူတော့ ပိုက်ဆံသုံးဖြုန်းနိုင်သူတွေပေါ့။

ကပွဲခန်းမတွင် စိုးဒေဝါနှင့် စို တွဲကသည်။ စိုးဒေဝါသည် မော်(လ်)ဒန်နှင့် ချာချာချာအကတွေကို ကျွမ်းသလို စိုသည်လည်း ထို့အတူပဲ။





သူတို့နှစ်ယောက် ကပြီးချိန်တွင် အထက်တန်းကျသော အမေရိကန်တစ်ယောက်က စိုအား ကခွင့်တောင်းသည်။

စိုက လိုက်လျောကြည်ဖြူစွာပင် ကခွင့်ပေးသည်။ ထိုလူသည် သံရုံးတစ်ရုံးမှ ဖြစ်ဟန်တူသည်။ သူတို့နှစ်ယောက်တွဲကစဉ် စိုးဒေဝါက ကလပ်အပြင်ဘက်သို့ လေကောင်းလေသန့်ရှူရန်ထွက်ခဲ့သည်။

ကလပ်အတွင်းမှာ လှောင်ပိတ်နေသည်။

ကပွဲခန်းမမှ သူထွက်အလာ နိုင်ငံခြားသူတစ်ယောက်က သူ့အား လက်ကမ်းရင်း ...

"ပလိစ်(စ်) ... ဒန့်(စ်)ဝစ်(တ်)မီ"

"NO, I don't want to same"

မကချင်ကြောင်း ဘိုကပြားမ ချောချောလေးကို စိုးဒေဝါက အင်္ဂလိပ်လို ပြန်ပြော၏။ သည်ကလပ်တွင် မြန်မာစကားထက် အင်္ဂလိပ်စကား အပြောများသည်။

စိုးဒေဝါက မှောင်နေသော အင်းယားကန်စောင်းကို ခြံထဲမှလှမ်းကြည့်ပြီး ကားထဲတွင် သူ့စီးကရက်ဘူး မေ့ကျန်ရစ်ခဲ့တာကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်လုပ် ချက်စတာဖီးလ်(CHESTERFIELD) စီးကရက်သည် သူ၏ အသည်းစွဲစီးကရက်ဖြစ်၍ ထိုစီးကရက်မှ လွဲပြီး အခြားသောစီးကရက်များကို သောက်၍မရပေ။

ကားနားသို့ရောက်ကာနီး လမ်းခေတ်မီးမှိန်မှိန်မှ လူရိပ်တစ်ခုက သူ့အေးသို့ ထိုးကျလာသည်။

ကျင့်သားရနေသော စိုးဒေဝါက ထိုလူရိပ်လာရာနေ ရာသို့ တိုက်ခိုက်ရန် အသင့်ဖြစ်သွားသည်။

"ကျွန်တော်ပါ ကိုစိုးဒေဝါ"

သူစိမ်းတစ်ယောက်၏အသံကို သူ ကြားရသည်။ လူရိပ်သည် သူ့ဗောက်ဆောဗစ်တာ(VAUHALL VICTOR)ကား တစ်ဖက်တွင် ရပ်နေသည်။

"ဘာကိစ္စလဲ"

ထိုလူကို မီးရောင်အားနည်းသော်လည်း ကောင်း ကောင်း မှတ်မိသည်။ စိုးဒေဝါက ပြန်မေးရင်း ယင်းလူအားခေါ်သ နှင့် ...

"ဟင် ... မင်း ..."





သူ့ တစ်ကိုယ်လုံးက လျှင်မြန်စွာ ရွေ့လျားသွား သည်။ ထိုသူရှိရာသို့ တစ်မုဟုတ်ချင်း ရောက်သွားသည်၊

"ဟိုး ... ဟိုး ... ကျုပ် ရန်ပြုဖို့လာတာ မဟုတ်ဘူး"

လက်နှစ်ဖက်ကားပြီး ယင်းလူကပြောသည်။ အရပ် အမောင်းထွားကြိုင်း၍ မျက်နှာလေးထောင့်ဖြစ်ကာ မျက်နှာနှင့်ပါးတွင် ပါးမြိုင်းမွေးများ ပေါက်နေသည်။

တစ်ချိန်က ကြည့်မြင်တိုင်တွင် တွေ့ရသူဖြစ်သည်။ မနေ့က ကြိုတောသုသာန်တွင် ချိန်းထားသောလူဖြစ်နေသည်။

တစ်ဖက်လူ စကားကြောင့် ရန်ပြုတော့မည့် စိုးဒေဝါ ၏ကိုယ်ကြီးက ကားနားတွင် တန့်ရပ်သွားသည်။

"ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ"

"ခင်ဗျားနဲ့တွေ့ချင်လို့ ခင်ဗျားကားနောက်က လိုက်လာ တာပါ၊ ကားရဲ့နောက်ပိုင်း လပ်ဂိတ်ထဲမှာ ကျွန်တော် ဝင်ပုန်းနေခဲ့တာ ခင်ဗျားမသိဘူး"

မိမိ ညံ့ပါသေးကလား။ ,

ရန်သူပါလာတာတောင် မသိသည့်အဖြစ်။

"ခင်ဗျား ဘာပြောမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညက ခင်ဗျားနဲ့ ချိန်းခဲ့တယ်၊ ကျွန်တော်ရှင်းပြချင်ပါတယ်၊ ခင်ဗျားကို လုပ်ကြံမယ့်လူရှိနေတာ ကျွန်တော်မသိခဲ့ဘူး၊ ကျွန်တော်က ခင်ဗျားကိုချိန်းပြီး ဦးသိန်းလွင်ဦးသေဆုံးမှုနဲ့ပတ်သက်လို့ ပြောစရာရှိတယ်၊ ခင်ဗျား ကျွန်တော့်ကို လာတွေ့တယ်၊ ဘယ်ကရန်သူမှန်းမသိဘူး ခင်ဗျားကို ချောင်းမြောင်းလုပ်ကြံတယ်၊ အဲဒါကြောင့် ကျွန်တော်လည်း လစ်ပြီးထွက်လာတယ်"

"ဒါဆို ခင်ဗျားကျူးလွန်တာ မဟုတ်ဘူးပေါ့"

"ဘုရားအဆူဆူ ရှုးရပါစေဗျား၊ ခင်ဗျားကိုသတ်မယ်လို့ မရည်ရွယ်ခဲ့ပါဘူး၊ ဘာလို့လဲဆိုတော့ ခင်ဗျားဟာ လူတွေကို ကောင်းကျိုးပြုနေတာပဲ"

"အလို ... ခင်ဗျားစကားက အလကားကြီးပါလား"

စိုးဒေဝါ သဘောကျသွားသည်။ သူ့ကိုမြောက်ပင့်ပြောမှန်းမဟုတ်ကြောင်း သိသာပါသည်။ ထိုလူ၏လက်ထဲတွင် ဘာတစ်ခုမှ ကိုင်မထားပေ။

"ကဲ ... ခင်ဗျား ကျုပ်ကို ဘာပြောမလဲ၊ ကျုပ်မှာအချိန်မရှိဘူး"





"ကျုပ် ဘယ်သူလဲဆိုတာ ကျုပ်ပြောပြမယ်၊ ကျုပ်နာမည်က မှန်တာပြောဘိုးထင်တဲ့၊ မှန်တာကို ကျုပ်ပြောတတ်လို့ ကျုပ်ကို တောထဲက ပါတီဗဟိုကကော၊ အဲဒီဗဟိုကိုဖားနေတဲ့ ဖားသူငယ်ချင်းတွေက ကျုပ်ကိုသဘောမကျဘူး၊ ကျုပ်ကိုသူတို့က မြေပေါ်ဖွဲ့စည်းရေးမှာလွှတ်တယ်၊ ကျုပ်ကိုဖောက်ခွဲရေးလုပ်ခိုင်းတယ်၊ ကျုပ်နဲ့အတူလုပ်ရမယ့်လူတွေလည်း ပါတယ်၊ ကျုပ်က လူအများသေတဲ့အလုပ်ကို မလုပ်ချင်ဘူး၊ ပါတီမှာ ကျုပ်ပြောတာက ခင်ဗျားတို့လုပ်ချင်ရင် ဖဆပလဝန်ကြီးချုပ်ကို လုပ်ကြံပါလား၊ အေးလူတွေသေတဲ့အလုပ်ကို မလုပ်ပါနဲ့ ကျုပ်ပြောတာ ကျုပ်ကိုဝေဖန်တယ်၊ ကျုပ် မလုပ်ချင်တဲ့အလုပ်ကို လုပ်ရမှာမို့ ကျုပ် ခင်ဗျားကို တွေ့ပြီး ဒီအကြောင်းပြောတာပဲ၊ နောက်တစ်ခုက ..."

သူက ခေတ္တရပ်၍ စိုးဒေဝါကို အကဲခတ်သည်။ အေးအေးဘဲကိုကြည့်သည်။

"ခင်ဗျားနဲ့ စီးပွားရေးစပ်တူလုပ်နေတဲ့ ဦးသိန်းလွင်ဦး အကြောင်း ဘယ်လောက်သိထားသလဲ"

"ဦးသိန်းလွင်ဦးဟာ ကျောက်ကုန်သည်တစ်ဦးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထင်က မဲ့ပြုံးကလေး ပြုံးလိုက်သည်။

"စိုးဒေဝါ သည်တစ်ခါ ခံသွားရပြီပဲ၊ ဦးသိန်းလွင်ဦးဟာ မိုးကုတ်သားဆိုတာတော့ မှန်တယ်။ ဒါပေမဲ့ သူက ကျောက်ကုန်သည်ယောင်ဆောင်နေတဲ့ တောတွင်းက အဖျက်သမား တစ်ဦးပဲ၊ သူက ပါတီကခိုင်းသမျှကို လုပ်ဆးတယ်၊ ကွန်မြူနစ်ပါတီဟာ ဆက်လက်ရှင်သန်ဖို့ ငွေလိုတယ်၊ ဒီတော့ ပါတီက ကျောက်တွေရှာဖွေပေးပြီး ရန်ပုံငွေကို ရအောင် သူ့ကိုရှာခိုင်းတယ်၊ သူက မပြတ်သားဘူး၊ ကျုပ်တို့ရဲ့အလံနီပါတီအတွက် ရှာရတဲ့ ရန်ပုံငွေတွေထဲက တစ်ဝက်ကို အလံဖြူကွန်မြူနစ်ပါတီကို ဆးတယ်၊ ပါတီက ဒီအကြောင်းတွေသိတော့ ဦးသိန်းလွင်ဦးကို တင်းတာပေါ့၊ ကျုပ်တို့ရဲ့ ကွန်မြူနစ်အလံနီခေါင်းဆောင်ကြီးက ဦးသိန်းလွင်ဦးကို ဖြုတ်ထုတ်သတ်ထဲထည့်ဖို့ စီစဉ်တယ်၊ ဒါကိုသိတဲ့ ဦးသိန်းလွင်ဦးက သူ့မှာရထားတဲ့ကျောက်တွေ ခိုးပြီး မြို့ပေါ်ကို ထွက်ပြေးလာတယ်၊ ခင်ဗျားနဲ့ဆက်သွယ်ခဲ့တာပဲ၊ သူဟာ အလံဖြူရဲ့မှိုင်း မိသွားတယ်၊ ဒါကြောင့် သူ အသတ်ခံရတာပဲ"





"ဒီလိုလား ကိုဘိုးထင်၊ ကျုပ် မသိခဲ့ဘူး"

"အေး ... သူ့အကြောင်းသိအောင် ခင်ဗျားကိုပြောတာက ခင်ဗျား ဒီအမှုထဲမပါစေချင်လို့ပဲ၊ ကျုပ်ပြောတာ သဘောပေါက်ပါတယ်နော်"

"ဦးသိန်းလွင်ဦးကို တယ်သူသတ်သလဲ၊ ခင်ဗျားသတ် ၈ သလား"

"ကျုပ်မသတ်ဘူး"

"ခင်ဗျား ..."

စိုးဒေဝါ စကားမဆုံးမီ ဘိုးထင်က ...

"ကျုပ် သွားမယ်"

သူက ရပ်နေရာမှ လမ်းပေါ်သို့ ရောက်သွား၏။

"ကိုကို ... သူက ဘယ်သူလဲ"

အသံကလေးတစ်သံကြောင့် စိုးဒေဝါ သတိဝင်လာသည်။ စို လိုက်လာချေပြီကော။

"သူက ကိုယ့်အသိတစ်ယောက်ပါ၊ ဒီမှာ လာဆုံနေမိလို့ စကားပြောနေမိတာပါ"

အရာရာကို စို့အား အသိမပေးချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးကပစ်ပြောပြီး ....

"စို့ပါတနာကော"

"သူ့ကို ကပွဲခန်းမမှာ ထားပစ်ခဲ့တယ်"

"ဒါဖြင့် တစ်ခုခု သွားသောက်ကြရအောင်"

"အရက်တော့ မသောက်ချင်ဘူး"

"ကိုယ် အအေးပဲသောက်မှာပါ"

စိုးဒေဝါက ကလပ်တစ်ဖက်ခန်းနှင့် တွဲထားသော ဘားဆီသို့ စို့ကိုခေါ်သွားသည်။ လမ်းတွင် စိုက စကားပြောလာသည်။

စို ပြောတာကို စိုးဒေဝါ စိတ်မဝင်စားပါ။ သူစိတ်ဝင်စားတာက ဦးသိန်းလွင်ဦးရဲ့အကြောင်းပဲ။

○ ❋ ○





## တတ်လမ်းစဉ်(၁၀)

"ဒါက ကိုအောင်ရဲ့လက်ချက် ဆိုပါတော့"

"ဟုတ်တယ် နွယ်လေး၊ ကိုယ်က အချောင်ရတုန်းအပွကြဲ လိုက်တာပဲ"

"ဘယ်လိုအပွကြဲတာလဲ"

"နွယ်လေးပြောခဲ့တယ် မဟုတ်လား၊ စိုးဒေဝါက ကြဲတော သူ့သာန်မှာ လူတစ်ယောက်နဲ့ ချိန်းထားတယ် ဆိုတာလေ၊ ကိုယ့်အတွက် အကွက်ကောင်း၊ ဒီတော့ စိန်ကြီးတို့လူသိုက် ခိုင်းလိုက်တာပဲ"

"ဖြစ်ရလေ ကိုအောင်ရယ်၊ ဒီကိစ္စ နွယ်ရှင်းပါ့မယ်ဆို"

"နွယ့်ကိစ္စက အခွင့်အရေးရမှ လုပ်ရမှာ၊ ကိုယ်က ကိုယ့်အတွက် အကွက်ကောင်းမို့လုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မအောင်မြင်ခဲ့ဘူး မဟုတ်လား"

"သိပ်လျှင်တဲ့ကောင်၊ ကုသိုလ်ကံကောင်းတာလည်းပါတယ်၊ မြွေကိုနိုင်တဲ့ သက်နှင်းက မြွေနဲ့ပစ်တာ မထိဘူး၊ မှောင်ထဲမှာဆိုတော့လည်း အမှန်းရခက်တာပေါ့၊ စိန်ကြီးက သေနတ်နဲ့ထပ်ပစ်တယ်၊ မထိဘူး"

အောင်သန်းဦး ပြောတာတွေကို နှောင်းနွယ် ရင်ဖိုစွာနားထောင်မိသည်။ ရင်ထဲတွင်လည်း မကျေနပ်ချက်တွေ ပြည့်သိပ်လာသည်။ စိုးဒေဝါ ဘာမှမဖြစ်သည်ကို ကြားရသောအခါ ဝမ်းသာစိတ်အေးသွား၏။

စိတ်ထဲတွင် ဖြစ်ပေါ်နေသော ဖြစ်ရပ်တွေကို အောင်သန်းဦးအား အသိပေးချင်သောဆန္ဒမရှိ။

"ကိုအောင်က သိပ်ခက်တာပဲ"

"ဘာခက်တာပါလိမ့်"

"နွယ်လေးလုပ်ရမယ့်အလုပ် ရှုပ်သလိုဖြစ်နေလို့ပေါ့"

"ဘာရယ် ... ကိုယ်က ဝင်ရှုပ်တယ်"

အိမ်ရှေ့ခန်းတွင် အောင်သန်းဦးက မတ်တတ်ရပ်၍လည်းကောင်း၊ နွယ်က ထိုင်၍လည်းကောင်း ပြောမိသည်။





နွယ် အလုပ်က ပြန်လာတာ မကြာသေး။

အောင်သန်းဦးက နွယ့်ကို မျက်မှောင်ကုတ်ကြည့်သည်။

"ဒီမှာ နွယ်၊ အချိန်ကလူကို မစောင့်ဘူးဆိုတာ နွယ်လည်း သိတာပဲ၊ နွယ်က စိုးဒေဝါကိုသတ်မယ့်ဟာ တစ်စတစ်စ အချိန်တွေ ကုန်လာပြီ၊ ခုထက်ထိ အလုပ်မဖြစ်သေးဘူး၊ ဆရာကြီးက မေးနေပြီ၊ သူက ကိစ္စပြီးရင် တောထဲပြန်ချင်နေပြီ"

"ဆရာကြီးက အထက်မှာထိုင်ပြီး လောနေတာပါ၊ လူတစ်ယောက်ကို သတ်တယ်ဆိုတာ ငှက်ပျောသီးအခွံနွှာသလို မလွယ်ဘူး၊ အခွင့်အရေးရှိမှ သတ်လို့ရတယ်"

"အေး ... အဲဒါကြောင့် ကိုယ်က ဝင်ဖြေရှင်းပေးတာပါ"

"နွယ့်ဘာသာနွယ် ကြည့်စီမံမယ်"

နွယ့်အသံက ခပ်ပြတ်ပြတ်။

အောင်သန်းဦးသည် နွယ်လေးကို သေချာစွာကြည့်သည်၊



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမ စကားပြောတာ အရင်လိုမဟုတ်ပါလား။

သူ့အပေါ် စကားကို ခပ်တည်တည်ပြောတာ သတိထားမိခဲ့သည်။

အေးလေ ... မိန်းမဆိုတာ အမြဲတမ်းသဘောကောင်းနေတတ်တဲ့ သတ္တဝါတွေမဟုတ်။ မလိုတစ်မျိုး လိုတစ်မျိုးချည်းပါပဲလား။

အောင်သန်းဦး စိတ်ကိုလျှော့ချလိုက်သည်။

ဆက်လည်းမပြောချင်တော့။ အပြင်ထွက်သွားသည်။ သူ့စိတ်က စိန်ကြီး၊ မှူကြီးတို့နှင့် တွေ့ဖို့စိတ်ကူးရှိသည်။

နောင်းနွယ်သည် စိုးဒေဝါကို သင့်မြတ်သည်ထက်သင့်မြတ်အောင်ပေါင်းသည်။ စိုးဒေဝါ၏အလုပ်တွင် ကိုယ်ရေးကိုယ်တာမှလွဲ၍ ပြုစုယုယမှုတွင် စိုချယ်ရီထွန်းထံမှ တစ်ဝက်ခွဲယူခဲ့သည်။ စိုချယ်ရီက နောင်းနွယ်အပေါ်တွင် မလိုတမာစိတ်မရှိပါ။

စိုးဒေဝါကို ခင်မင်မှုနှင့် လိုက်လျောဆက်ဆံသည်လို့ပဲ ထင်သည်။ ပြီးတော့ သူမသည် ယောကျ်ားရှိသည်မဟုတ်လား။

စိုးဒေဝါမှာ ဘိုးထင်ပြောခဲ့သော စကားများနှင့်စပ်လျဉ်း၍ ဦးသိန်းလွင်ဦးအပေါ် မြေပေါ်မြေအောက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိသည်ဟူသော စကားကို ယုံကြည်သည်။





၁၉၅၆–ခုနှစ်သည် နိုင်ငံရေးရှုပ်ထွေးနေချိန်။
နေရာတကာ ဆူဆူပူပူ ဖြစ်နေသည်။
ပြေူးက ပြေူးနေရာ၊ ပြေက ပြေရာ မင်းမူနေချိန်။
သူက ဒုရဲအုပ်စိန်မြင့်ကို တွေ့သည်။ ဒုရဲအုပ်စိန်မြင့်

အား ဦးသိန်းလွင်ဦး အသတ်ခံရမှုနှင့် ပတ်သက်ပြီး အခြေအနေမေးသည်။

ဦးသိန်းလွင်ဦးသည် မိုးကုတ်မှ မန္တလေးသို့ဆင်း၍ ခုနှစ်ဆယ့်နှစ်လမ်းတွင် နေထိုင်သည်။ အိမ်ထောင်မရှိ။ သူသည် စီးပွားရေးသမားပီပီ ကျောက်အရောင်းအဝယ် ထလုပ်ကိုင်သည်။ သူ့အိမ်သို့ သူစိမ်းလူများ အဝင်အထွက်များကြောင်းပြောသည်။ ဦးသိန်းလွင်ဦး ဝါသနာမှာ မိန်းမဝါသနာရှိသည်။

အဝင်အထွက်များသော သူများတွင် မိန်းမတချို့ပါသည်။ ယင်းမိန်းမတချို့ကို ခေါ်ယူစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုမိန်းကလေးတွေမှာ အပျော်ခံမိန်းကလေးများဖြစ်ကြောင်း သိရသည်။

ဒါပဲ စုံစမ်းရရှိသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက ဦးသိန်းလွင်ဦး အသတ်ခံရမှုတွင် ရန်ကုန်က မိန်းကလေးတချို့ ပါဝင်နိုင်ကြောင်း ပြောသည်။

"ခင်ဗျား အဆက်အသွယ်တွေကို ဖော်ထုတ်ပြီးပြီလား"

"သူ ဟိုတယ်ကနေပြီး ထွက်သွားတော့ ဘယ်မိန်းကလေးမှ သူနဲ့ပါမသွားဘူး"

"ဦးသိန်းလွင်ဦး ခြေပုန်းခုတ်တာတွေကို ခင်ဗျားမသိသေးဘဲကို ကိုစိန်မြင့်ရ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ခင်ဗျား ထောင်ထွက်ဘိုးထင်ကို သိလား"

"ကြားတောင်မကြားဖူးဘူး ကိုစိုးဒေဝါ"

"အေး ... အဲဒီထောင်ထွက်ဘိုးထင်နဲ့ တွေ့ခဲ့တယ်"

စိုးဒေဝါ အစချီပြီး ထောင်ထွက်ဘိုးထင်နှင့် သူ တွေ့ရပုံအကြောင်း ပြောသည်။ ထို့နောက် ဘိုးထင်ပြောသရွေ့ စကားတွေကို ပြန်လှန်သည်။

ကိုစိန်မြင့်က စိတ်ပါလက်ပါ နားထောင်သည်။ စိုးဒေဝါ စကားဆုံးသောအခါ ဘာမှပြန်မပြောဘဲ တွေးနေသည်။ စိုးဒေဝါက ကိုစိန်မြင့်ကို အကဲခတ်၍ ...





"ကိုစိန်မြင့် ... ကျွန်တော် ပြောတာ ဘယ်လိုသဘောရသလဲ"

"ခင်ဗျားပြောသလိုဆို ဦးသိန်းလွင်ဦးဟာ တောတွင်းကွန်မြူနစ်ပါတီကလူဖြစ်ပြီး သူခြေပုန်းခုတ်လို့ သေရတာပေါ့"

"ဟုတ်တာပေါ့၊ ခင်ဗျား ကျွန်တော်ပြောတာနဲ့ ဆက်နွယ်ပြီး စုံစမ်းကြည့်ရင် စုံစမ်းကြည့်လေ"

"ဘိုးထင် ဆိုတဲ့လူကို မိရင်တော့ ရှင်းသွားမှာပဲ"

"ဒီအမှုမှာ ဘိုးထင်ကအခရာမဟုတ်ဘူး ထင်တယ် ကိုစိန်မြင့်"

"ခင်ဗျား ဘယ်သူ့ကို ထင်သလဲ"

"ဒီအချိန်မှာ ဘယ်သူ့ကိုမှ တပ်အပ်မစွပ်စွဲနိုင်သေးဘူး၊ တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့က ဒီမြေပေါ်အဖွဲ့အစည်းကို လွှတ်ထားလို့တော့ မရဘူး၊ သူတို့နဲ့ ဆက်နွယ်သူမှန်သရွေ့ ရှင်းရမယ်"

ကိုစိန်မြင့်နှင့် လမ်းခွဲလိုက်သည်။

သူ ရုံးသို့သွားသည်။ ရုံးမှာ လေးဆယ့်ငါးလမ်းအောက်လမ်းမှာဖြစ်သည်။ သမာဓိသတင်းစာနှင့်နီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးသို့ရောက်သောအခါ စုမှူးတင်တင်သော်ကို မိမိအားတယ်လီဖုန်းနှင့် ခေါ်ယူမယူ စုံစမ်းသည်။

"ဆရာက ခုတလော အမှုမရှိလို့ အလုပ်အားနေတယ်ပေါ့၊ ဆရာ့အတွက် ဘယ်ဖုန်းမှ မလာဘူး"

စုမှူးတင်တင်သော်ကပြောတော့ စိုးဒေဝါက ခပ်တည်တည်နှင့် စားပွဲကိုပုတ်ပြီး ...

"တင်တင်သော် မထင်နဲ့၊ ကျုပ်အဖို့ အထက်ကအမှုမလာလည်း အပြင်မှာ အမှုတွေရှိတယ်၊ ဒီကြားထဲ စိုးဒေဝါကို ခြေချင်တဲ့ကောင်တွေ ရှိသေးတယ်"

တင်တင်သော်နှင့် စကားပြောပြီး ခွဲမှူးနှင့်တွေ့ဆုံသည်။

ခွဲမှူးနှင့် ဟိုစကား သည်စကားပြောပြီး ပြန်လာသည်။ ရုံးချိန်က မကုန်ဆုံးသေးပါ။ ရုံးတွင်ထိုင်ပြီး ငေါင်နေလို့ မဖြစ်။

ခွဲမှူးက သူတို့ကို ဟိုဟိုသည်သည် ခိုင်းတတ်သည်။ အထက်လူကြီးကို ဖားပြီးနေလိုစိတ် စိုးဒေဝါတွင်မရှိ။





သူက ပြန်ထွက်လာသည်။ သည်တစ်ခါတော့ သူ ကုမ္ပဏီကိုမောင်းသည်။ ကုမ္ပဏီတစ်ခုမှ ကျောက်စိမ်းတွေ မှာထားတာရှိသည်။ ထိုအတွက် မေးပြီးပြီလား၊ ဘယ်တော့တင်ပို့ရမလဲ ဆိုတာ ရိုက်တာကြေးနန်းနှင့် မေးပေးပါဟု စိုးဒေဝါကဆိုသည်။

စိုးဒေဝါ၏စကားကို စို နားထောင်သည်။ သူက ပန်းဆိုးတန်းရှိ ရိုက်တာကြေးနန်းရုံးသို့ ကားနှင့်ထွက်သွား၏။ နီးသည်။

နာရီဝက်အကြာ ပြန်လာသည်။

"ကိုစိုး ကုမ္ပဏီပိုင်ရှင် ယာမာရှိတာစံဆီ ကြေးနန်းပို့ပြီးပြီ မနက်ဖြန် ယာမာရှိတာစံဆီက ကြေးနန်းစောင့်ရုံပဲ"

"အော(လ်)ရိုက်၊ ကောင်းတယ် စို၊ ကိုယ် အပြင်ပြန်ထွက်ဦးမယ်"

"ကိုစိုးကလည်း ရောက်တာတောင် မကြာသေးဘူး"

"ကေ့(စ်)တစ်ခုအတွက်ပါ၊ သွားမယ်"

ရုံးခန်းထဲတွင် သူတို့နှစ်ယောက်တည်းသာရှိသည်။ စိုးဒေဝါက စို၏ပါးပြင်ကလေးကို မနာအောင် လိမ်ဆွဲပြီး နဖူးပြင်ကလေးကို နမ်းသည်။ နဖူးပြင်လေးမှာ အိစက်ညက်ညောသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုက စိုးဒေဝါ၏နှုတ်ခမ်းကို ပြွတ်ခနဲနေအောင်နမ်းသည်။

စိုးဒေဝါက သွားဖြီးကာ အပြင်ထွက်လာသည်။ သူတို့က သူတို့နှစ်ယောက်တည်းသာရှိသည်ဟု ထင်၏။

အခန်းတံခါး စေ့ထားသည်ကို တွန်းဖွင့်လိုက်သော အခါ အပြင်တွင်ရပ်နေသော နှောင်းနွယ်ကို တွေ့ရသည်။

"အာ ... အစ်ကို"

"နွယ်ပါလား ... ဆို"

စိုးဒေဝါက စကားစသည်။ နွယ်၏မျက်နှာကလေးမှာ နီမြန်းသလို ဖြစ်နေသည်။ အမှန်တော့ နွယ်က တံခါးကို အသံမကြားအောင် တွန်းဖွင့်အဝင်မှာ ချစ်သူနှစ်ယောက် အချစ်နာလန်ထနေတာကို မြင်သဖြင့် တံခါးကို ပြန်ပိတ်ပြီး အပေါက်ဝတွင် ငိုင်ရပ်နေပေသည်။

"ဘာငိုင်နေတာလဲ နှောင်းနွယ်"

"အို ... ဟင် ... ဘာမှမဟုတ်ပါဘူး"

သူမက ကမန်းကတန်း ပြန်ဖြေသည်။ သူတို့ချစ်ကြောဆွဲတာကို ကောင်မလေး မြင်သွားပြီဟု စိုးဒေဝါ ရိပ်မိသည်။





"နှောင်းနွယ် ပြောစရာရှိတာပြောလေ၊ ဘာလဲကွာ၊ အောက်မှာ အရောင်းရခက်နေတဲ့ လက်ဝတ်ရတနာရှိသလား"

"ဟင့်အင်း မရှိပါဘူး ... ဟို ..."

နှောင်းနွယ်က သည်တော့မှ ပြုံးလိုက်သည်။ သူမ အပြုံးလေးက ချိုသာသည်။

"ဒီလိုလေ အစ်ကိုရဲ့၊ ဒီနေ့ဟာ နှောင်းနွယ်မွေးနေ့၊ မွေးနေ့ဆိုတာ မွေးရက်ကိုပြောတာ မဟုတ်ဘူးနော်၊ နှောင်းနွယ်ရဲ့ မွေးနေ့ ဗုဒ္ဓဟူးနေ့ကိုပြောတာ၊ အဲဒါ အစ်ကိုနဲ့အစ်မကို တစ်ခုခုကျွေးမလို့"

"ဒုက္ခရှာလို့ နှောင်းနွယ်ရယ်၊ ဗုဒ္ဓဟူးနေ့ဟာ နှောင်းနွယ်ရဲ့ မွေးနေ့လား"

"ဟုတ်တယ်လေ၊ ရှင်နှောင်းနွယ်ဆိုတော့ ရှင်ဟာ ဗုဒ္ဓဟူးပေါ့"

"မဟုတ်ဘူး"

"ရှင်"

"ဟော ... ညီမပဲ အဖြေဖော်နေပြီ၊ ရှင်ဆိုတာ ထူးတာပဲ၊ ခေါ်လိုက်ရင် ရှင်ဆိုလို့ ဗုဒ္ဓဟူးနေ့ မဟုတ်ဘူးပေါ့"

"အစ်ကိုက သိပ်နှောက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါ၏ပခုံးကို မနာ့တနာ လိမ်ဆွဲလိုက်သည်။ စိုးဒေဝါက မပြုံးမရယ်ဘဲ သူမ၏ပါးမို့မို့ညက်ညက်လေးကို လက်တစ်ဖက်နှင့် ဖျစ်လိုက်၏။

"နောင်းနွယ်က သိပ်ချစ်စရာကောင်းတာ"

နောင်းနွယ်က မျက်လုံးရွဲကြီးများနှင့် မျက်လွှာပင့်ကြည့်၏။

"နောင်းနွယ် ပိုက်ဆံကုန်ပါတယ်ကွာ၊ ကျွေးမနေပါနဲ့၊ နောင်းနွယ် လခလည်း ထုတ်သေးတာ မဟုတ်ဘဲနဲ့"

"ရပါတယ်၊ နောင်းနွယ်မှာ ပိုက်ဆံရှိတယ်"

"လိုက်မီး (LIGHT MEAL)ပဲကျွေး၊ ဟဲဗီး(HEAVY)မလုပ်နဲ့၊ ARE YOU AGEREE TO ME"

အင်္ဂလိပ်လို ညုပ်ပြောတော့ နောင်းနွယ်က ဝမ်းသာစွာနှင့် ...

"YES, I AGREE"

သဘောတူကြောင်း ပြောသည်။

စိုးဒေဝါ နောက်မှ စို ထွက်လာသည်။ စိုက မျက်ခုံး ကလေးပင့်ပြီး ...





"ဈေးရောင်းချိန်မှာ ဒီကိုဘာလာလုပ်တာလဲ"

"မမ ... ဒီနေ့ မမတို့ကို ကျွေးချင်လို့ မမတို့သိအောင်လာပြောတာပါ၊ ဒီနေ့ ရှင်နောင်းနွယ်ရဲ့မွေးနေ့ ဗုဒ္ဓဟူးနေ့လေ၊ ဒီအတွက်ပါ"

"ရှင်နောင်းနွယ်က ဗုဒ္ဓဟူးနေ့တိုင်း လုပ်သလား"

"တစ်ခါတလေပါ မမရယ်"

"ကိုကို ဘယ်လိုသဘောရလဲ"

"စိုရယ် ... သူက ကျွေးမှတော့ စားရမှာပေါ့"

"ဒါဖြင့်လည်း သွားကြတာပေါ့၊ ရှင်နောင်းနွယ် ... ညီမ အလုပ်ချိန်မှာ ဒီကို ခဏခဏတက်မလာနဲ့၊ စည်းကမ်းဖောက်ရာကျတယ်၊ ဘောကဝန်ထမ်းတွေလည်း တစ်မျိုးထင်မယ်"

စိုက ရှင်နောင်းနွယ်ကို ရှင်းပြချိန်တွင် စိုးဒေဝါ သူတို့အပါးမှ ထွက်ခွာသွားပြီးဖြစ်၏။ သူက ဦးသော်တာမင်းဆီ ခြေဦးလှည့်သည်။

ဦးသော်တာမင်းမှာ ရန်ကုန်အရှေ့ပိုင်း ဗိုလ်တထောင်ဘုရားလမ်းတွင်ရှိသော တိုက်အိမ်ကြီးတစ်အိမ်မှ တိုက်ခန်းတစ်ခန်းတွင် မိသားစုနှင့် နေထိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အဆင်သင့် အိမ်မှာတွေ့ရသည်။

စိုးဒေဝါကိုမြင်သော် သူ အံ့သြသွားပုံရသည်။ စိုးဒေဝါသည် သူဒီမှာနေထိုင်မှန်းသိသော်လည်း တစ်ခါမျှ ရောက်လာဖူးသည် မဟုတ်ပေ။

"အလို ... ကိုစိုးဒေဝါ၊ ခင်ဗျား မိုးပေါ်ကနေ ကျလာသလား၊ ဒါမှမဟုတ် မျက်စိလည်ပြီး ရောက်လာသလား"

စတင်နှုတ်ဆက်စကားဆို၏။

"မျက်စိလည်ပြီး ရောက်လာတာပါ၊ ဦးသော်တာမင်း ချမ်းချမ်းသာသာ နေထိုင်တယ်ဆိုတာ သိချင်လို့"

"ခင်ဗျားလောက် မချမ်းသာပါဘူးဗျာ၊ ခင်ဗျားက ကျောက်မျက်လုပ်ငန်းရော အစိုးရဝင်ငွေကော"

"အစိုးရဝင်ငွေဆိုတာ ကျုပ်အတွက် မပြောပလောက်ပါဘူး၊ အမှုတစ်ခုအတွက် သွားစရိတ် စားစရိတ်တောင် စိုက်ရသေး၊ ခင်ဗျားက အထင်ကြီးနေပြီ၊ ကျုပ် အဂတိလည်း မလိုက်စားဘူး၊ အကျင့်ဖောက်ပြန်မှု (DEBAUCHERY)ဒီအောက် ချရီမရှိဘူး"

ပြောရင်း ဝင်ထိုင်သည်။





"မစိန်ရေ ... ကော်ဖီတစ်ခွက် ယူခဲ့ပါဟော၊ မုန့်လည်းပါပါစေ၊ ဒီမှာ အထူးဧည့်သည် ရောက်လာတယ်"

အသံပြဲကြီးနှင့် ဦးသော်တာမင်းက သူ့မိန်းမကို လှမ်းအော်သည်။

"ကော်ဖီသောက်ချင်လို့ ဝင်လာတာ မဟုတ်ဘူး၊ မေးစရာရှိလို့ ဝင်လာတာ"

"ခင်ဗျားဟာ စကားပြောရတာ အပေါက်အလမ်းမတည့်ဘူး၊ ကော်ဖီမသောက်ချင်နေဗျာ၊ ရေပဲသောက်တော့"

"ရေတိုက်ရင် လေမျှားသွားလိမ့်မယ်"

"ဒါဖြင့် ဆိုစမ်းပါဦး"

"ဦးသိန်းလွင်ဦး အကြောင်း ဘာသိထားလဲ"

"ဒီလူဟာ ကျောက်ကုန်သည်တစ်ယောက် ဆိုတာကလွဲလို့ ဘာမှမသိဘူး၊ ဒီလူအသတ်ခံရတာ ကျုပ်ကို ရဲကစစ်ပြီးပြီ"

"ကျုပ်လည်း ရဲလိုပါပဲ၊ စစ်မေးခွင့်ရှိတယ်"

"ဦးသိန်းလွင်ဦးသေတာ ကျုပ်နဲ့ဘာမှမဆိုင်ဘူး"

"ဦးသိန်းလွင်ဦးနဲ့ ခင်ဗျား ဆိုင်တယ်လို့ ကျုပ်မပြောပါဘူး၊ ထားပါတော့ဗျာ၊ နောက်တစ်ယောက်အကြောင်းကို သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ကိုဘိုးထင် ဆိုတဲ့လူ"

ဦးသော်တာမင်းက စဉ်းစားပြီးမှ ...

"ကိုဘိုးထင်ဟာ ကျောင်းအုပ်ဆရာကြီးပဲ၊ ပုစွန်တောင် အထက်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီးပဲ၊ ကျုပ်သူ့ကိုသိတယ်၊ သူဟာ သဘောကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲဗျ၊ ပညာလည်း ပညာတတ်"

"ဒီဦးဘိုးထင် မဟုတ်ဘူး၊ ထောင်ထွက်ဘိုးထင်၊ တောတွင်းကွန်မြူနစ်ပါတီက ဘိုးထင်ကို မေးတာ"

"ခင်ဗျား ကျုပ်မသိတာတွေ လာမေးနေတာပဲ၊ ကျုပ်မသိဘူးဗျာ၊ စုံထောက်ပီပီ ဘာတွေလျှောက်မေးနေတာလဲ"

"ခင်ဗျား တကယ်မသိဘူးလား"

"မသိပါဘူးဆိုနေမှ၊ ခင်ဗျား တယ်ခက်ပါလား ကိုစိုးဒေဝါ"

သူ့ဗိုက်ရွဲကိုယ်ကြီးကို ဦးသော်တာမင်းက ရွှေ့ထိုင်ရင်း စိတ်တိုလာသည်။

"ဦးသော်တာမင်းရယ် ... ခင်ဗျား စိတ်တိုနေရင် ခင်ဗျားအခုထက် ဗိုက်ကြီးရွှထွက်လာလိမ့်မယ်၊ ဒေါသဆိုတာ





စိတ်ထဲကလာတာ မဟုတ်ဘူး၊ ဗိုက်ထဲကတစ်ဆင့်လာတာ၊ အဲဒီကမှတစ်ဆင့် ရင်ထဲအသည်းထဲ ဝင်တာပဲဗျာ၊ ခင်ဗျားမသိရင်နေဗျာ၊ ခင်ဗျားဗိုက်ကြီးနဲ့ ခင်ဗျားနေခဲ့ပေတော့"

စကားနာထိုးပြီး စိုးဒေဝါ ထိုင်ရာမှထသည်။

ဒေါသကြောင့် ဘာပြောရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိသော ဦးသော်တာမင်းကို ခေါင်းညွှတ်၍ ...

"သွားပါဦးမယ်ခင်ဗျ ဦးဗိုက်ပူ ... အဲလေ ဦးသော်တာမင်း"

သူက အိမ်ပြင်သို့ ကပျာကသီ ထွက်လိုက်သည်။

အိမ်ထဲတွင် ဒေါသကြောင့် ကပြောင်းကပြန် ဖြစ်နေသူ ဦးသော်တာမင်းကို ကျောခိုင်း၍ လစ်လေတော့သည်။

သူ ကုမ္ပဏီသို့ ပြန်လာသည်။

တခြားရတနာကုန်သည်နှစ်ဦးက သူ့ကိုစောင့်နေသည်။

သူတို့တွင်ပါသော ကျောက်နှင့် ရွှေတွေကို သူ့အားပြသည်။

"ကိုကို စစ်ဆေးရင် စစ်ဆေးဦးလေ၊ စိုကတော့ စစ်ပြီးပြီ၊ အားလုံးအမှန်အကန်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိုက သို့ကလိုပြောသည်။ ရတနာကုန်သည်တွေမှာ လူလတ်ပိုင်းများဖြစ်သည်။ ချောမောချစ်စဖွယ်သော တောင့်တင်းသော စိုကို အငမ်းမရ ငန်းကြရှိုင်းကြသည်။

ဣရွေတွေဘောင် ဘယ်ရောက်သည်မသိ။

"ညီမလေးက ကျောက်ရည်ကျောက်သွေး စစ်ဆေးတာ တကယ်တော်တယ်ဗျာ၊ သူ့စစ်ဆေးမှုက လက်ရှိရုပ်ကလေးနဲ့ လိုက်ပါတယ် ... ဟီး ဟီး"

စိုကို မျက်လုံးကျူးတော်စောတတ် ကြည့်နေသော တစ်ဦးသောလူကဆိုသည်။ စိုက နှစ်သိမ့်စွာ ပြုံးလိုက်၏။ သူမ၏ ဆွန့်မြမို့မောက်သော ရင်ကလေးကို မသိမသာ ရှေ့သို့ကုန်းကာ စားပွဲတွင် ဝ[illegible] နသော စိုးဒေဝါအား ...

"ကိုကို စစ်ဆေးချင်ရင် ထပ်စစ်ဆေးဦး"

စိုးဒေဝါက ကျောက်တွေကို သေးငယ်သောမျက်ဘယ်မှန်ဘီလူးကလေးနှင့် စစ်ဆေးသည်။ အားလုံး နှစ်ယောက်ပေါင်းလျှင် ပတ္တမြား(၁၀)လုံး၊ နီလာ(၈)လုံး၊ ကျောက်နီ(၁၅)သုံး၊ ရွှေခြောက်ကျပ်သား ၅ ချေး။

"အရည်မီတွေပဲဗျ၊ ဈေးပြောပြီးပြီလား"





စိုးဒေဝါက မေးသည်။ လူနှစ်ယောက်သည် စိုကို ငေးကြည့်နေရာမှ အကြည့်ကိုရုပ်သိမ်း၍ သူတို့လိုသောဈေးကို အသီးသီးပြောကြသည်။ စိုးဒေဝါကလည်း ဆစ်တန်တာဆစ်သည်။

အရမ်းကာရော ဈေးမနှိမ်ပါ။

ကျောက်အကြောင်း၊ ရွှေအကြောင်းကို သိထားသူမို့ သည်ကျောက် သည်မျှတန်ကြောင်း၊ သည်ရွှေ သည်မျှတန်ကြောင်း သိထားသည်။

ကျောက်ကုန်သည်နှစ်ဦးနှင့် သူ ဈေးအပေးအယူ တည့်ကြသည်။ မနက်ဖြန် ငွေချေမည့်အကြောင်းပြောသည်။

ကျောက်ကုန်သည်တွေက သူတို့ကျောက်နှင့် ရွှေတွေကို အသီးသီး ပြန်လည်သိမ်းဆည်းပြီး မနက်ဖြန် ယူလာမည့်အကြောင်း ကတိပေးကြသည်။

စုစုပေါင်းငွေက ခုနစ်သိန်း ငါးသောင်း လေးထောင်သုံးရာနှစ်ဆယ်ကျပ်တိတိ ဖြစ်ချေသည်။ မနက်ဖြန်သုံးနာရီတွင် တွေ့ရန်ချိန်းသည်။

၎င်းတို့အမည်နှင့် မှတ်ပုံတင်ကိုမှတ်သည်။ ၁၉၅၆-ခုနှစ်တွင် အမျိုးသားမှတ်ပုံတင်လုပ်ကာစမို့ တစ်ယောက်ကမှတ်ပုံတင်မရှိ။ တစ်ယောက်ကရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ကာလကလူတွေ အမျိုးသားမှတ်ပုံတင်၏ တန်ဖိုးကို နားမလည်။

လုပ်ရကောင်းမှန်းလည်း မသိ။

နိုင်ငံအုပ်ချုပ်သူတွေကလည်း မတိုက်တွန်း။

သူတို့ပြန်သွားလျှင် ကုမ္ပဏီလည်း ပိတ်တော့သည်။

စိုးဒေဝါ စားပွဲရှိတယ်လီဖုန်းခေါင်းလောင်းမှ ဘဲလ်သံမြည်လာ၍ စိုက ဆွဲယူနားထောင်လိုက်သည်။

စိုးဒေဝါ အခန်းပြင်သို့ ရောက်နေသည်။

စိုက စိုးဒေဝါနောက် လိုက်လာသည်။ မျက်နှာလေး ပျက်နေ၏။

"ဘာလဲ စို"

"အခုပဲ ဖုန်းလာတယ်"

"ဘယ်ကလဲ"

"မာမီဆီကပဲ၊ အိမ်မှာ ဒက်ဒီချော်လဲလို့တဲ့၊ ဆေးခန်းပို့ရမယ်တဲ့ ကိုကို"

"အို ... အတော်များသွားသလား"





"ရုတ်တရက် မထနိုင်ဘူးပေါ့၊ အသက်ကြီးတော့ ဒီလိုပါပဲ၊ စို လိုက်သွားရမယ် ကိုကို"

"ကိုယ်လည်း လိုက်မယ်"

"မလိုက်နဲ့လေ၊ နောင်းနွယ်နဲ့ ချိန်းထားတယ် မဟုတ်လား၊ ဒီလောက်ကြီးလည်း စိုးရိမ်စရာ မရှိပါဘူး"

စို၏ပြောစကားကို စိုးဒေဝါ နားထောင်ပြီး စိုကို တက္ကစီကားနှင့် ပြန်လွှတ်လိုက်သည်။ တက္ကစီကားတွေမှာ ဂျစ်ကားများ၍ ဂရင်းဟိုတယ်ရှေ့တွင် ရပ်ထားသည်။

သည်ကိစ္စကိုသိသော နောင်းနွယ်က စိတ်မကောင်းကြောင်းပြော၏။ လမ်းတွင် ကားမောင်းနေသော စိုးဒေဝါမျက်နှာကို သူ့နံဘေးမှထိုင်လိုက်လာရင်း တစ်လမ်းလုံး ငေးမောလာသည်။

ကားက ကီလီလမ်း(ဝါးတန်းလမ်း)သို့ ရောက်သဖြင့် မြောက်ဘက်သို့ ကွေ့သည်။ အဲသည်မှာ တရုတ်ဟိုတယ်တစ်ခု ရှိ၏။

အင်္ဂလိပ်အစာ၊ တရုတ်အစာ၊ မြန်မာအစာ လိုတာ ရနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အမည်က ကျူးပစ်ဟိုတယ်။

အင်္ဂလိပ်လို (CUPID)သည် မြန်မာလိုမြားနတ်မောင်ပဲ။

ဟိုတယ်ရှေ့တွင် ကားကိုရပ်လိုက်သည်။ စိုးဒေဝါနှင့် နောင်းနွယ်က ဟိုတယ်ထဲသို့ ဝင်လာသည်။ ဟိုတယ်မှာနှစ်ထပ်တိုက်တစ်လုံးဖြစ်သည်။

အထက်အောက်တွင် စားဖွယ်ရာများကို မှာစားနိုင်၏။

ပန်ကာတွေ တဝီဝီလည်သော အရှိန်အောက်မှဖြတ်သန်း၍ နှစ်ယောက်လုံး အထက်ထပ်သို့ တက်လာသည်။ အထက်ထပ်တွင် လွတ်လပ်စွာစားနိုင်သော အခန်းတွေရှိသည်။

စိုးဒေဝါနှင့် နောင်းနွယ်က အခန်းတစ်ခန်းသို့ ဝင်လိုက်သည်။ ထိုင်ခုံနှင့် စားပွဲလွတ်များရှိ၏။

"ထိုင် ... ဘာစားမလဲ"

စားပွဲတွင် ထိုင်ထိုင်ချင်း နောင်းနွယ်ကမေးသည်။ အားနာလို့သာ လိုက်လာရသည်။ စိုးဒေဝါ ဗိုက်ထဲမှာ အစာမတောင်း။





"နောင်းနွယ် ကြိုက်တာမှာ"

"ဘိုစာ စားမလား"

"ကောင်းတယ်၊ မြန်မာနဲ့ တရုတ်က ဟဲဗီးမီး(လ်)တွေများတယ်"

စိုးဒေဝါ၏အင်္ဂလိပ်စကားညှပ်ပြောမှုကို ခေါင်းညိတ်သည်။ စားပွဲထိုးရောက်လာသဖြင့် ဟမ်ဘာဂါ၊ ဆိတ်သားမုန့်၊ ပီစာမုန့်များကို မှာသည်။

"ဒီဘိုစာတွေကို နောင်းနွယ် ကြိုက်သလား"

"ကြိုက်တယ်လို့ မှတ်ဘူးပေါ့၊ အလျှင်းသင့်သလို စားတာပဲ"

ကောင်မလေးက စိုးဒေဝါ၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပြောသည်။ စိုးဒေဝါက သူမကို ပြန်ကြည့်သောအခါ နောင်းနွယ် မျက်နှာလွှဲသွားသည်။

သည်ကောင်မလေး ဘာဖြစ်ပါလိမ့်။

မှာထားသောမုန့်များနှင့်ကော်ဖီတစ်ချိုင့်ရယ်၊ သကြားရယ်၊ နို့ရယ် လာပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မုန့်တွေ များလှချည်လား"

"ဩော် ... အစ်ကိုရယ်၊ မစားနိုင်တော့လည်း အိမ်ကိုထုပ်ယူသွားပေါ့"

"တို့က ပိုလို့လျှံလို့ ထုပ်တတ်တဲ့အကျင့်တော့ မရှိဘူး"

စိုးဒေဝါကပြောစဉ် ကောင်မလေးက ကော်ဖီမှာသည်။ ပြီးတော့ ပန်းကန်လုံးထဲ စနစ်တကျထည့်သည်။

စိုးဒေဝါရှေ့တွင် ဦးစွာပထမ ကော်ဖီခွက်ကိုချသည်။

"ဒီဟိုတယ်က ဖွင့်တာမကြာသေးဘူး၊ အစ်ကို ရောက်ဖူးလား"

"ဟင့်အင်း ... တို့က ရှိသမျှဟိုတယ် လျှောက်တက်တာမှ မဟုတ်ဘဲ၊ မြန်မာပိုင်လား"

"နိုး ... ဒါက ကုလားပိုင်"

"သေပါတော့၊ ဟိုတယ်မှန်ရင် ကုလားနဲ့တရုတ်ပဲပိုင်တာပဲ၊ တို့မြန်မာပိုင်တွေ ဘယ်တော့များမှ ဖြစ်မလဲမသိဘူး"

"တစ်ခေတ်တော့ ရောက်မှာပေါ့၊ အခုဟာက တရုတ်ကုလားက ဖဆပလအစိုးရကို သူတို့အိတ်ထဲထည့်ထားတာပဲ၊





အင်ပို့လိုင်စင်ချပေးတော့လည်း တရုတ်ကုလားလက်ထဲ ရောက်တာပဲ"

"ရှူး ... တိုးတိုး၊ ထော်ကြာ အစိုးရကို အသရေဖျက်မှုနဲ့ အဆွဲခံနေရဦးမယ်"

ရယ်သလိုလို တည်သလိုလိုနှင့် စိုးဒေဝါပြောတော့ နောင်းနွယ် ဆက်မပြောတော့ဘဲ ငြိမ်ကျသွားသည်။

"နိုင်ငံရေးစိတ်ဓာတ် နောင်းနွယ်မှာ ရှိလိမ့်မည်လို့ မထင်မိဘူး၊ အခု စကားပြောမှပဲ နောင်းနွယ်ဟာ ကိုယ့်လူမျိုးကို ချစ်မှန်း သိတယ်"

"အဖေ့သမီးပဲ၊ အဖေလို လာမှာပေါ့"

နောင်းနွယ် ပြောတာ ဟုတ်ပါရဲ့။ သူမအဖေသည် လက်ဝဲတော်သခင်မြတ်မင်းရဲ့သမီး မဟုတ်လား။

"ခဏနေဦး နောင်းနွယ်"

"ဘာလဲ"

"I am going to W.C"

အင်္ဂလိပ်လိုပြောတော့ နောင်းနွယ် နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"you hrrry up"

နှောင်းနွယ်က အပြုံးကလေးနှင့် ပြန်ဖြေသည်။

စိုးဒေဝါ ကမန်းကတန်း ထွက်သွားသည်။ အခန်းတံခါးကို မဟာတဟာလေး စေ့ပစ်ခဲ့သည်။

O ✽ O





## တတ်လမ်းစဉ်(၁၁)

ပထမတော့ ငိုင်ကျန်ခဲ့သည်။

သူမစိတ်သည် ရှုပ်ထွေးနေသည်။

အတိုင်းအတာတစ်ခုကို သုံးသပ်နေသည်။

စိတ်ထင်တိုင်းလည်း မလုပ်ရက်ချေ။

အစ်ကိုက သဘောကောင်းသည်။ လူမှုရေးအလိုက်သိသည်။

ဘယ်နေရာမဆို အစ်ကို့သဘောကျ ဖြစ်စေချင်သည်။

ဟယ် ... မတတ်နိုင်ဘူး၊ ဖြစ်လာမှတော့ မီးစင်ကြည့်ကရမှာပေါ့။

သူမက တစ်ခုသော ဆုံးဖြတ်ချက်ကိုချသည်။ အစ်ကို့ခြေထောက်မှ ရှူးဖိနပ်သံ တခေါက်ခေါက်ကို ခန့်မှန်းသည်။ ခဏအကြာ သူမ လှုပ်ရှားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ်ရှေ့တွင်တင်ထားသော သားရေတုပိုက်ဆံအိတ်ကလေးကို ဆွဲယူကာ ဖွင့်လိုက်သည်။ အထဲမှ အထုပ်ကလေးတစ်ထုပ်ကို ထုတ်လိုက်သည်။

၎င်းအထုပ်ကလေးမှာ ကျစ်လစ်စွာထုပ်ထားသော စက္ကူထုပ်လေးဖြစ်သည်။ အရွယ်အစားအားဖြင့် လက်မလောက်နီးနီးရှိသည်။

၎င်းစက္ကူထုပ်ကလေးကို ဖြေသည်။ အတော်အားစိုက်ဖြေရသည်။ ကိုအောင်သန်းဦးအား သူမအားပေးခဲ့သော စက္ကူထုပ်ဖြစ်သည်။

စက္ကူထုပ်ကို ဖြေပြီးသွားသည်နှင့် ၎င်းစက္ကူထုပ်ထဲတွင်ပါသော အမှုန့်ထုပ်များ ကိုစိုးဒေဝါသောက်မည့် ကော်ဖီပန်းကန်လုံးထဲသို့ ဖြူးချလိုက်သည်။ အတွင်းမှ အဖြူရောင်အမှုန့်တွေက ကော်ဖီပန်းကန်ထဲသို့ ကျဆင်းသွားသည်။

လက်ဖက်ရည်ဇွန်းကလေးကို ယူလိုက်ပြီး ကော်ဖီထဲတွင်ရောက်နေသော အဖြူရောင်အမှုန့်တွေကို မွှေလိုက်၏။

သည်လိုနှင့် အမှုန့်နှင့်ကော်ဖီရောပြီး ကော်ဖီရောင်ဖြစ်သွားသည်။





သူမသည် လုပ်စဉ်မှာ ရင်ကလေးတုန်၍ လက်တွေပါတုန်ယင်နေသည်။

စိုးဒေဝါအိမ်သာထက်လျှင် ဘာမှကြာတာမဟုတ်။

သူမ ငြိမ်ငြိမ်ကလေး ထိုင်စောင့်စဉ် ရင်ထဲမှာတိုးဖွေ့လာသော သွေးတိုးတာ တဒိတ်ဒိတ် ခံစားရသည်။

သူမလက်ချက်နှင့် လူတစ်ဦး သေဆုံးတော့မှာကိုသိသည်။

ဘာကြောင့်များ သူမ လုပ်မိပါလိမ့်။

စိုးဒေဝါ၏ ခြေသံတဒေါက်ဒေါက် ထပ်မံကြားရသည်။ အခန်းတံခါးသည် ပွင့်သွား၏။ စိုးဒေဝါ မျက်နှာကိုမြင်ရလျှင် သူမသည် မျက်လွှာချ၍ ငြိမ်နေသည်။

သူမ ကြည့်မိလျှင် ဣန္ဒြေပျက်နေမှာကို စိုးရိမ်သည်။

စိုးဒေဝါက ခွေးခြေတွင် ဝင်ထိုင်ရင်း ...

"လူဆိုတာ အလေးအပေါ့စွန့်မှ ပေါ့ပါးသွားတယ်၊ တာဝန်တစ်ခုခုကျသွားသလို ပေါ့ပါးသွားတယ်၊ ဟေး ... နောင်းနွယ် ဘာမှမစားရသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကို စောင့်နေတာ"

ခြောက်ကပ်ကပ်အသံနှင့် နောင်းနွယ် တုံ့ပြန်သည်။ မျက်နှာမော်လျှင် ဣန္ဒြေပျက်နေမည်။ စိုးဒေဝါက မရိပ်မိပါ။

မုန့်တစ်ခုကို ကောက်ယူ၍ နောင်းနွယ်ကို ပေးလိုက်သည်။

"စား နောင်းနွယ်"

နောင်းနွယ် ရင်ဘတ်ထဲ တစ်ခုခုတိုးလာသည့်နှယ် ခံစားရသည်။ အစ်ကိုကို နှမြောသည်။

အစ်ကို မသေစေချင်ပါ။

ငါ ဘာဖြစ်တာပါလိမ့်။

အစ်ကို ပျော်ရွှင်တာ၊ အစ်ကို လှုပ်ရှားတာ၊ အစ်ကို ချောတာကို နောင်းနွယ် ကြည့်ချင်သည်။

နောင်းနွယ် သူ့မကိုယ်သူမ စေ်ဆေးသောအခါ အဖြေက တစ်ခုပဲတွေ့သည်။

အစ်ကိုကို ချစ်နေမိပြီဆိုတဲ့အဖြေ။

နောင်းနွယ် ဝမ်းနည်းသလို ခံစားရသည်။





လူသည် လောက၏သတ္တဝါများတွင် အမြင့်မြတ်ဆုံးသော သတ္တဝါဖြစ်၏။ အမြင့်မြတ်ဆုံးဟူ၍ ခံယူရာ၌ လောက၏အကျိုး၊ လူလူချင်း၏အကျိုး၊ သတ္တဝါများ၏အကျိုးကို တတ်နိုင်သရွေ့ဆောင်ကျဉ်းသင့်၏။

စိုးဒေဝါသည် ကောင်းသောလူကိုကယ်၍ မကောင်းသောလူကို ဖယ်ရှာ၏။ မကောင်းသောသူများက မကုန်နိုင်ကုန်။ သူ့အတတ်နိုင်ဆုံး ဖယ်ရှားမည်ဖြစ်၏။ စိုးဒေဝါ မကောင်းတာဘာများလုပ်ခဲ့သနည်း။

မိမိသိသလောက် သူ့အကျိုးသည် လူများ၏အကျိုးတရားဟူ၍ မှတ်ထား၏။

သူသည် မတရားမှုတစ်ခုကို စိုးစဉ်းမျှ မလုပ်ခဲ့ပါ။ မိမိတို့ကသာ မကောင်းမှုပြုရေးအတွက် ကောင်းမှုလုပ်သူကိုဖယ်ရှားရန်ကြံ၏။

သို့လျှင် တရားပါမည်လော။ မတရားပါ။

စိုးဒေဝါသည် အပြစ်မရှိ၊ အပြစ်မရှိသောသူသေလျှင် မိမိတို့ မကောင်းသောဘုံမှာသာ ခံစားရမည်။ ခံစားရမည်။

အို ... ကိုစိုးဒေဝါရယ်။ မှားမိပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်ခြင်းတရားသည် နှောင်းနွယ် ခေါင်းထဲမှာ တိုးဝှေ့လာသည်။ သူချစ်တာ စိုးဒေဝါပဲ။ ချစ်တဲ့သူကို သေသင့်သလား။

ထိုအချိန်တွင် စိုးဒေဝါသည် အေးဆေးစွာ ကော်ဖီခွက်ကိုကိုင်၍ ကော်ဖီခွက်က သွေ့နှုတ်ခမ်းနား တေ့လုဆဲဆဲဖြစ်၏။

နှောင်းနွယ် ကြည့်မနေနိုင်တော့။

"ကိုစိုးဒေဝါ"

အစ်ကိုဟု ခေါ်ရာမှ သံပြတ်နှင့် လှမ်းခေါ်ကာ နှုတ်ခမ်းနှင့်ထိလုဆဲဆဲ ကော်ဖီသောက်တော့မည့်လက်ကို သူမက အရှိန်နှင့် ပုတ်ဖယ်လိုက်သည်။

ကော်ဖီခွက်သည် စိုးဒေဝါလက်မှ လွင့်ထွက်သွားတော့သည်။

လန့်သွားသော စိုးဒေဝါမျက်နှာကိုတောင် မကြည့်ဘဲ ရစ်ဝဲသော မျက်ရည်တို့နှင့် နှောင်းနွယ်က တရှူးထိုးထွက်လာတော့သည်။

စိုးဒေဝါသည် ကြောင်ကျန်ရစ်ခဲ့ရာမှ သတိရပြီး ...

"နှောင်းနွယ်"





သူ့အသံနှင့်အတူ ထရပ်သည်။ နှောင်းနွယ်မှာ တစ်ရှိန်ထိုးထွက်၍ အထက်ထပ်မှ အောက်ထပ်သို့ တဖျပ်ဖျပ် ဆင်းသွားသည်။

စိုးဒေဝါ ငိုင်ကျန်ခဲ့သည်။

အနည်းငယ်ကြာမှ သူကသတိဝင်လာပြီး နှောင်းနွယ် သွားရာသို့ လိုက်လာသည်။

ကော်ဖီနှင့်မုန့်ဖိုးကို သတိရပြီး ရှင်းဖို့ကောင်တာရှိ လူအားကြည့်လိုက်သောအခါ ထိုသူကပြုံး၍ ...

"စောစောကအစ်မက ရှင်းသွားပြီ၊ အခန်း(၃)ကလူမဟုတ်လား"

ဟုတ်ကြောင်း စိုးဒေဝါကပြောပြီး ဟိုတယ်အပြင်ဘက်သို့ ထွက်လာသည်။

ဟိုမှာ နှောင်းနွယ်ပါလား။

နှောင်းနွယ်သည် လူတစ်ယောက်နှင့် စကားပြောနေ၏။

အဲဒီလူကို စိုးဒေဝါ သိသည်။ ထိုလူက စိုးဒေဝါကို ချိန်းဆိုခဲ့သူ ဘိုးထင်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးထင်ကို နှောင်းနွယ်က တစ်ခုခုပြောဆို၍ တက္ကစီကားတစ်စီးမောင်းလာသည်ကို လှမ်းတွေ့ခေါ်ယူလိုက်သည်။ ထိုတက္ကစီကားပေါ် အလျှင်အမြန်တက်၍ ထွက်သွားတော့သည်။

ဘိုးထင်ကလည်း ဘတ်(စ်)ကားတစ်စီး လာနေသည်ကို တွေ့ရသဖြင့် ထိုဘတ်(စ်)ကားကိုတားပြီး လှမ်းတက်ထွက်သွားတော့သည်။

ဒါကို စိုးဒေဝါ တွေ့မြင်ပြီးဖြစ်သည်။
စိုးဒေဝါမှာ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။
မျက်နှာက တင်းမာနေသည်။

O ❋ O





## တတ်လမ်းခွဲ(၁၂)

"စိုးဒေဝါ ဆိုတာ ခင်ဗျားကိုး"

"ဟုတ်ပါတယ် ထောင်မှူးကြီး"

ဝန်ထမ်းမှတ်ပုံတင်ကိုကိုင်၍ ရုံးခန်းထဲတွင် စိုးဒေဝါက သူဟုတ်ကြောင်း ဝန်ခံလိုက်သည်။

"ခင်ဗျား ဘာသိချင်သလဲ"

"ဒီမှာ ထောင်ကျဖူးတဲ့လူတွေအကြောင်း စုံစမ်းချင်တယ်"

ထောင်မှူးကြီးက စိုးဒေဝါကို စူးစူးစမ်းစမ်းကြည့်သည်။ စိုးဒေဝါက အနည်းငယ်ပြုံး၍ ...

"ဒီလိုပါ ထောင်မှူးကြီး၊ အမှုတစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော် စုံစမ်းစရာရှိလို့ပါ၊ ကျွန်တော် သိချင်တဲ့လူတချို့ ဒီထောင်မှာ ကျဖူးပါတယ်၊ ဒါကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးမှာ ရခိုင်အမျိုးသားဖြစ်သည်။ စိုးဒေဝါ လိုအပ်သော အကူအညီပေးသည်။ ထောင်မှူးအချို့နှင့်လည်း ခေါ်တွေ့ပေးသည်။

စိုးဒေဝါက သူလိုချင်သော လူအချို့ကို ပြောပြ၏။ ပုံစံထုတ်သော စာအုပ်များကိုပြသရာတွင် ကြည့်ရှုသည်။ ထောင်ကျဖူးသည့်လူတွေ၏ ဓာတ်ပုံနှင့် ကိုယ်ရေးကိုယ်တာပါသည်။

တချို့ကို သူက မှတ်ယူကူးရေးသည်။

ထောင်တွင် စုံစမ်းရေးအလုပ် ပြီးသောအခါ သူ ကုမ္ပဏီသို့ ပြန်လာ၏။

နောင်းနွယ် အလုပ်မဆင်းကြောင်း မန်နေဂျာကအစီရင်ခံသည်။ စိုကလည်း နောင်းနွယ် နေမကောင်းသောကြောင့် အလုပ်မဆင်းဟု ထင်မြင်ချက်ပေးသည်။

ယမန်နေ့ကကိစ္စကို သူနှင့် နောင်းနွယ်သာသိ၏။

သူက မနေ့ညက နောင်းနွယ်အိမ်သို့ လိုက်သွားသည်။ နောင်းနွယ် ပြန်မရောက်သေးဟု သူမယောကျ်ားကပြောသည်။

သူ့အမှုအရှာက ခပ်တင်းတင်း။





စိုးဒေဝါ အိမ်လာတာကို ကြိုက်ဟန်မတူ။

စိုးဒေဝါ ပြန်လာခဲ့သည်။ သည်ကနေ့ အလုပ်မဆင်းတော့။

နောင်းနွယ် ဘာတွေဖြစ်ပျက်နေခဲ့သည်ကို စိုးဒေဝါ ရိပ်မိခဲ့ပြီဖြစ်၏။

သူသည် စိုကို ရုံးခန်းထဲတွင်ပင် ပြောပြသည်။

"ကိုယ် စိုကို အကြောင်းအရာစုံလင်အောင် ပြောပြမှာသိမယ်၊ အမှုမပြီးခင်တော့ စို နှုတ်ကိုထိန်းထားနော်"

သူက စိုကို စကားပလ္လင်ခံသည်။

"ပြောပါ ကိုကိုရယ်၊ အထူးအဆန်းလုပ်ပြီး ပြောနေတယ်"

စိုက စိုးဒေဝါနှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ အခန်းတံခါးကိုပိတ်ပြီး အတွင်းမှ ချက်ထိုးထားသည်။

တံခါးမှာ သက်ကိုင်ဖုနှင့် လှည့်ရသောတံခါးဖြစ်၏။

"မနေ့က နောင်းနွယ်က ကိုယ့်ကို သူ့မွေးနေ့မို့ ညနေစာ တစ်ခုခုလိုက်စားဖို့ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ စိုတောင် မလိုက်အားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် လိုက်သွားတယ်၊ ကီလီလမ်းက စားသောက်ဆိုင် တစ်ခုမှာ သွားစားကြတယ် စို"

စိုးဒေဝါက အဖြစ်ကို ဖြည်းလေးစွာ ပြောပြသည်။

"ကီလီလမ်းက စားသောက်ဆိုင်က ဘာတဲ့လဲ"

"ကျူးပစ်(CUPID)တဲ့"

"မြားနတ်မောင် ဆိုပါလား၊ ကိုကိုစိုးက သိပ်စွန်တာပဲ"

"မလှောင်ပါနဲ့ စိုရယ်၊ အဲဒီကစပြီး ..."

သူက ပြောပြသည်။ သူ အပေါ်သွားမည့်နေရာရောက်တော့ စိုးဒေဝါက ...

"နှောင်းနွယ်ဟာ ကိုယ့်ကို ဘာကြောင့် လိုက်လျှာနေရသလဲ၊ ကိုယ့်စိတ်ထဲ တစ်ခါတလေ တွေးမိတယ်လေ၊ ဒီတော့ သူ့စိတ်ကို စမ်းချင်တာနဲ့ ကိုယ်ကအပေါ်သွားမယ် ပြောပြီး အပြင်ထွက်လာတယ်၊ သူတစ်ယောက်တည်းအခန်းထဲမှာ ကျန်ရစ်ခဲ့တယ်၊ လူဆိုတာ တစ်ဦးတစ်ယောက်တည်း နေရင် မကောင်းတာ လုပ်လို့ရတယ်၊ ကိုယ်က အခန်းပြင်ထွက်၊ အောက်ထပ်ဆင်းတဲ့ လှေကားဆီ တဒေါက်ဒေါက် ဖိနပ်သံပေး၊ ပြီးတော့မှ အခန်းဝဆီ ခြေသံမကြားအောင် ပြန်လျှောက်လာတယ် စို"





"ကိုကို ဉာဏ်များတာပဲ"

"အဲဒီလို ဉာဏ်များလို့ ကိုကိုမကြွတာပေါ့၊ တံခါးပေါက်က မသိမသာဟနေတော့ မချောလေးက ငိုင်နေတာတွေ့တယ်၊ ပြီးတော့ သူ့ပတ်(စ်)(PURSE)ထဲ့က အထုပ်ကလေး တစ်ထုပ်ကိုဖြေတယ်၊ အထုပ်ထဲက အမှုန့်တွေ ကော်ဖီခွက်ထဲ ထည့်တယ်"

"ဘယ်သူ့ကော်ဖီခွက်ထဲလဲ"

"ကိုယ့်ကော်ဖီခွက်ထဲပေါ့၊ ပြီးတော့ စက္ကူကို အိတ်ထဲပြန်ထည့်တယ်၊ လုပ်ပုံကတော့ သေသပ်ပါတယ်၊ ပြီးတော့ ကော်ဖီခွက်ကိုကြည့်ပြီး ငိုင်နေတယ်"

"အဲဒါဟာ သူ့စိတ်ကို သူ မနိုင်ကြောင်း ပြတာပဲ"

"ထားပါတော့၊ ကိုယ်က လှေကားဆီ ပြန်လျှောက်သွားတယ်၊ နောက် ခဏကြာ ခြေသံပေးပြီး အခန်းထဲပြန်ဝင်လာတယ်၊ စိတ်ထဲမှာတော့ ဘာမှမသိသလိုပေါ့ စိုရာ"

"စိုးဒေဝါ ဟန်ဆောင်ကောင်းတာ သိပါတယ်၊ နှောင်းနွယ်ကကော၊ ဘယ်လိုနေသလဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ငတိမက နည်းနည်းဏှာခေါင်းရှုံ့နေတယ်၊ ကိုယ့်မျက်နှာကို မကြည့်ဘဲ မျက်နှာအောက်စိုက်ထားတယ်"

"အောက်စိုက်ဆိုရင် ဘောလုံးပေးပြီး ကန်ရတာပေါ့"

"ဟာကွာ ... စိုကလည်း စကားကောင်းပြောနေတာ"

"စကားကောင်းဆိုတာ အချိုခတ်ထားလို့လား"

"စိုရာ ... ကိုကို မပြောတော့ဘူး"

"ဘွာ ... ဘွာ၊ စိုက ပျော်စေချင်စေ စကားကိုနောက်တာပါ၊ အဲဒီအထဲ ကိုကို့စိတ်ထဲ ဘယ်လိုနေသလဲ"

"ဘယ်လိုနေရမလဲ၊ အောင့်တာပေါ့"

"ဟုတ်မှာပေါ့လေ၊ ချစ်တဲ့သူက မကြည့်ဖြူတော့ ကိုကို အူတူတူပေါ့"

"စိုနော် ... စကားပြော ဖောက်လာပြီ၊ ကောင်းကောင်းနေနားထောင်"

"အင်းပါ"

"နောင်းနွယ် ဒီလိုကြံမယ်ဆိုတာ မသိဘူးပေါ့၊ ဒါနဲ့ ကိုယ်က သူ့ကိုစကားနည်းနည်းပြောပြီး မုန့်တွေကိုစားတယ်၊ ကိုယ့်ကော်ဖီခွက်ကို လှမ်းယူတယ်၊ ကိုယ်ကသောက်မယ့်





ဟန်လည်းပြင်ရော ကော်ဖီပန်းကန်လုံးနဲ့ ကိုယ့်နှုတ်ခမ်းကို တေ့မိရော သူက ကိုယ့်ကော်ဖီခွက်ကို လက်နဲ့ပုတ်ချလိုက်တယ်"

"ဟယ်"

"မဟယ်နဲ့ ... သူ ကိုယ့်ကို မသေစေချင်ကြောင်း ထင်ရှားတယ်"

"ချစ်တဲ့သူဆိုတော့ ဘယ်သေစေချင်မလဲ"

"စိုနော် ... ပြောပြန်ပြီ၊ သူက ချစ်ပေမယ့် ကိုယ်ကမချစ်ဘူး"

"သူ ချစ်မှန်း ဘယ်လိုသိသလဲ"

"ကိုယ့်ကော်ဖီခွက်ကို ပုတ်ချပြီး ဝုန်းခနဲ ထထွက်သွားတာပဲ၊ ကိုယ်က တအံ့တသြ သူ့မျက်နှာကိုကြည့်တော့ မျက်လုံးထဲ မျက်ရည်တွေ ဝဲနေတယ်"

"ဒါဟာ ချစ်တဲ့စိတ်ကြောင့်ရယ်၊ နောင်တရတဲ့စိတ် ဖြစ်မှာပဲ ကိုကို၊ တို့ကိုကိုက စွန်းသကွာ"

"အေးပေါ့ ... စိုက ပြောအားရှိမှာပေါ့၊ ကောင်မလေးမှာ လင်ကြီးငုတ်တုတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ အတားအဆီးမရှိဘူး ကိုကို၊ လင်ရှိလည်း ချစ်မှာပဲ၊ လင်မရှိလည်း ချစ်မှာပဲ၊ အသက်ငယ်လည်း ချစ်မှာပဲ၊ အသက်ကြီးလည်း ချစ်မှာပဲ၊ သူခိုးဖြစ်လည်း ချစ်မှာပဲ၊ ဘုရင်ဖြစ်လည်း ချစ်မှာပဲ၊ ပဒုမပေါင်တိုကိုကြည့်ပါလား၊ လင်သုတော်ကောင်းဟာ လူချောလူလှ ဘုရင်ဖြစ်ခဲ့လျက်နဲ့ ပဒုမအမျိုးယုတ် ပေါင်မရှိတဲ့လူကိုမှ ချစ်ခဲ့တဲ့ ပဒုမမိဖုရားကို ကြည့်ပါလား"

"ကိုယ်က အမျိုးယုတ်ပေါင်တို ဖြစ်နေပါလား၊ တော်တော့ စိုရာ"

"ဆောရီး ကိုကိုရယ်၊ ပြောချင်အားကြီးနဲ့ လောသွားတာပါ၊ စိုက ဒီကောင်မလေး ကိုကို့ကို ဂရုစိုက်တာကြည့်ပြီး သံသယဖြစ်မိတယ်၊ သူ ကိုကို့ကို ကျိတ်ချစ်နေတာ ကိုကိုရဲ့၊ ဒါပေမဲ့ စို့စိတ်က မနာလိုစိတ်မမွေးမိဘူး၊ မိန်းမယောကျ်ားဟာ ကြိုက်သလို ချစ်နိုင်တယ်လို့၊ ဒါပေမဲ့ ကိုယ်ထိလက်ရောက်တော့ မဟုတ်ပေဘူး"

"ကိုယ့်ကို ဘာလို့ နှောင်းနွယ် ဘာလို့ ဒီလိုလုပ်ရသလဲ"





"စဉ်းစားစရာပေါ့ ကိုကိုစိုးရယ်၊ ဒီကိစ္စကို ကိုကိုငြိမ်ခံမနေနဲ့၊ ကိုကို စုံစမ်းပေါ့"

"ဟုတ်တယ်၊ ကိုကို စုံစမ်းရမယ်၊ ကိုယ့်စိတ်ထင်တော့ နှောင်းနွယ်ဟာ ဦးသိန်းလွင်ဦး သေဆုံးတာနဲ့ ပတ်သက်နေပြီထင်တယ်"

ဦးသိန်းလွင်ဦး သေဆုံးမှုကို စိုက သိပြီးထားပြီ။

"နှောင်းနွယ် ကိစ္စကို ကိုကို လက်လွှတ်မထားစေချင်ဘူး"

စိုးဒေဝါ ခေါင်းညိတ်သည်။ စို ကျေနပ်သွားသည်။

"ဒါဆို ကိုကို နှောင်းနွယ်ဆီကို သွားမယ်၊ စို အလုပ်တွေကို ကြည့်ထားလိုက်"

"မသွားနဲ့ဦးလေ၊ ညနေမှ သွားပါလား၊ စိုလည်းလိုက်ချင်တယ်"

ယခု ဆယ့်နှစ်နာရီ ထိုးပြီးစ။

"ကောင်းပြီလေ ... စိုပါလိုက်လာတော့ ပိုကောင်းတာပေါ့၊ စို ပိုပြီး သံသယရှင်းတာပေါ့"

"ကိုကို နှောင်းနွယ်ကို ဘယ်လိုသဘောထားလဲ"

"ကိုယ့်ညီမတစ်ယောက်လိုပဲ သဘောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးဒေဝါက ခပ်ပြတ်ပြတ်။

စိုးဒေဝါ စိတ်နှင့်လူကို စိုက ယုံကြည်မိပါသည်။

ဦးသိန်းလွင်ဦး သေဆုံးကမှုသည် သူ့အလုပ်မဟုတ်ပါ။ သို့ရာတွင် ရာဇဝတ်မှုတစ်ခုကို ဝိုင်းဝန်းကူညီတိုက်ဖျက်မှုသည် သူ့ဝတ္တရားဟု နားလည်သည်။

ညနေ အလုပ်သိမ်းချိန်တွင် စိုးဒေဝါက သူ့ကားနှင့်သွားဖို့ စိုင်းပြင်းသည်။ ခက်တာက သူ့ကား။

အရေးထဲမှာ အရာပေါ်ဆိုသလို ကားကဘရိတ်ပေါက်နေသည်။ အောက်သို့ကြည့်သောအခါ ဘရိတ်ဆီအချို့ယိုထွက်နေသည်။

"ဘရိတ်ပေါက်တဲ့ ကားတစ်ကားကို ကိုယ်လည်းမမောင်းရဲဘူး၊ ဒီကောင့်ကို ဝပ်ရှော့သမား ခေါ်ပြမှ"

စိုးဒေဝါက ကြက်တန်းတွင်ရှိသော ဝပ်ရှော့ကို ဖုန်းဆက်သည်။ ဝပ်ရှော့သမား ရောက်လာသည်။ ဝပ်ရှော့သမားက ကားကိုစစ်ဆေးကြည့်ရှုချိန်တွင် မန်နေဂျာ ဦးသော်နှင့် လွှဲပေးထားခဲ့ပြီး သူနှင့် စိုက ဂရင်းဟိုတယ်နားတွင်ရှိသော ဂျစ်ကားတက္ကစီကိုငှားသည်။





ပြီးတော့ နှောင်းနွယ် နေထိုင်ရာ ရှမ်းလမ်းဘက်ဆီသို့မောင်းနိုင်းသည်။ စိုးဒေဝါ တက်တက်ကြွကြွရှိသည်။ ဦးသိန်းလွင်ဦး သတ်ရာတွင် နှောင်းနွယ်နှင့် အောင်သန်းဦး ပါလိမ့်မည်ဟု ယုံကြည်သည်။

နှောင်းနွယ်သည် မိမိအသက်ကို လုပ်ကြံဖို့ ကြိုးစားခဲ့သည်။ ဘာကြောင့်လဲဆိုတော့ နေ့လယ်က စီအိုင်ဒီမှဖုန်းလာသည်။

ဓာတုဗေဒခွဲစိတ်စမ်းသပ်ရေးမှ ဖြစ်သည်။

"ဦးစိုးဒေဝါ ... ခင်ဗျားစစ်ဆေးခိုင်းတဲ့ ကော်ဖီပန်းကန် အပိုင်းအစတွေမှာ ကျန်ရှိတဲ့ ကော်ဖီအစအနတွေကို ကျွန်တော်တို့ စမ်းသပ်စစ်ဆေးတဲ့အခါ ဝမ်းကိုမရပ်မနားသွားစေတဲ့ အဆိပ်ပါရှိတယ်၊ အင်္ဂလိပ်လိုတော့ မပြောတော့ပါဘူး၊ အဲဒီအဆိပ်ဟာ လူကို နှစ်ဆယ့်လေးနာရီလုံးလုံးဝမ်းကိုသွားစေပြီး ကုမရဘူး သေဆုံးတာပါပဲ။ လူကြီးမင်းစစ်ဆေးခိုင်းတဲ့အတိုင်း ကျွန်တော်တို့ စစ်ဆေးပြီးပါပြီ၊ ဗန်းပုံစံလည်း ကျွန်တော်တို့ ဖော်ပြီးပါပြီ"

"ပက်တဲ(PATTERN)ရရင် ပြီးပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က ဖုန်းလာသောစကားကြောင့် စိုးဒေဝါက နှောင်းနွယ်ကို အယုံအကြည်ကင်းမဲ့သွားသည်။ သူ့ကို ဘာကြောင့် သတ်ချင်ရသလဲ။

○ ❋ ○





## တတ်လမ်းစဉ်(၁၃)

ဗွားလာသော တက္ကစီသည် အိမ်နှင့်မလှမ်းမကမ်း တွင် ထိုးရပ်လိုက်သည်။

တက္ကစီကားငှားခ ငါးကျပ်ကို စိုးဒေဝါ ထုတ်ပေးသည်။

တက္ကစီကား ထွက်ခွာသွားတော့ စိုးဒေဝါက စိုအား...

"အိမ်ရှေ့မှာရပ်ရင် နှောင်းနွယ်က မြင်ချင်မြင်မယ်၊ ဒီတော့ သူက ရှောင်နေပြီး သူ့ယောကျ်ားက နှောင်းနွယ် အိမ်မှာ မရှိဘူးလို့ ပြောမယ်၊ ဒါမှမဟုတ် နှောင်းနွယ်က အိမ်နောက်ဖေးပေါက်က လစ်ထွက်သွားနိုင်တယ် စို"

"ကိုကိုစိုး လုပ်ပုံမှန်ပါတယ်"

"သွားစို့"



www.burmeseclassic.com

www.burmeseclassic.com



နောင်းနွယ်ရှိရာအိမ်သို့ လာကြသည်။ နောင်းနွယ်နေသောလမ်းမှာ လူနေအိမ်ခြေကျဲသည်။ တစ်အိမ်နှင့်တစ်အိမ် အနည်းငယ် ဝေးကွာသည်။ (ယခုခေတ်မှာတော့ အိမ်တွေပြွတ်သိပ်နေပြီ)။

နောင်းနွယ် အိမ်သည် ပျဉ်ထောင်အိမ်ဖြစ်သည်။ စိုးဒေဝါက နောင်းနွယ် အိမ်ကိုမှတ်မိသည်။ အိမ်ရှေ့တွင် တံခါးစေ့ရုံပဲ စေ့ထား၏။ စိုက စိုးဒေဝါကို ခေါင်းညိတ်ပြသည်။ ဖွင့်ဝင်ယူသော အဓိပ္ပာယ်နှင့် ခေါင်းညိတ်ပြခြင်းဖြစ်၏။

စိုးဒေဝါက တံခါးရွက်ကို တွန်းမည်အပြု အသံတစ်သံကို ကြားရသည်။ နောင်းနွယ်၏အသံပင်ဖြစ်သည်။

"ကိုစိုးနိုင် ... ရှင် မြန်မြန်ပြန်တော့၊ ကိုအောင် တွေ့သွားရင် မကောင်းဘူး"

"ကိုယ်ဒီကိုလာတာ မင်းကိုတွေ့ရအောင် လာတာပဲ၊ ချက်ချင်းတော့ မပြန်နိုင်ဘူး၊ မင်းယောကျ်ား ခုလောက်ဆို မြို့ထဲက ဆိုင်တစ်ခုခုမှာ မူးလောက်နေပြီ"

"ရှင်က ဘာလုပ်ဦးမလို့လဲ"

"ဟဲ ဟဲ ဟဲ ... ချစ်ချင်တာပေါ့"





နောင်းနွယ်၏စကားသံနှင့် မရှေးမနှောင်း ယောကျ်ားတစ်ယောက်၏အသံကို ကြားရသည်။

နောင်းနွယ်၏ ရည်းစားဟောင်း စိုးနိုင်ကို စိုးဒေဝါ သတိရမိ၏။

နောင်းနွယ်၏ ပြောစကားကြောင့် စိုးဒေဝါ မျက်ခုံးတွေ မြင့်သွားရသည်။

"ရှင်က ကွန်မြူနစ်ပဲ၊ ကျွန်မလည်း ကွန်မြူနစ်ပဲ၊ ဒါပေမဲ့ ကျွန်မက မြေပေါ်မှာ၊ ရှင်က တောတွင်းမှာ၊ အယူအဆချင်း မတူဘူး၊ ရှင်တို့က တစ်ယူသန်တွေပဲ၊ ချစ်တယ်ဆိုတာ ရှင်တို့ဝါဒစွဲတွေမှာ ရှိသေးလား၊ မိန်းမတစ်ယောက်ကို ကိုယ်လက်နှီးနှောဖို့၊ သွေးသားချင်း ဖလှယ်ဖို့ ရှင်တို့အယူရှိကြတာပဲ၊ ဒါကြောင့် ရှင်က ကျွန်မကို သွေးသားအဖြစ်အသုံးချပြီး စွန့်ပစ်သွားတာပဲ မဟုတ်လား၊ ကျွန်မကို ကိုယ်ဝန်နဲ့ထားခဲ့တော့ ကိုအောင်သန်းနိုင်က ကောက်ယူလိုက်တာပဲ၊ ရှင့်မှာ အချစ်ဆိုတာကော ရှိသေးလား ကိုစိုးနိုင်၊ ကျွန်မ ရှင့်ကို စိတ်နာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသူ နောင်းနွယ်အသံမှာ နာကြည်းသံပေါက်နေသည်။

"အစက အချစ်ဆိုတာ ကိုယ်လက်မခံခဲ့ဘူး၊ မင်းနဲ့ကွဲပြီး တောထဲရောက်နေမှ မင်းကိုသတိရတယ်၊ ငါ့မိဘတွေကိုတောင် သတိမရဘူး၊ မင်းကို သတိရလို့ အောက်မေ့လွမ်းဆွတ်တဲ့ ခံစားမှုကို ငါ ခံစားရတယ် နောင်းနွယ်"

"တော်ပါတော့ သစ္စာရှင်ကြီးရယ်၊ ရှင်က တောတွင်းပါတီကိုပဲ သစ္စာရှိတာ၊ ကျွန်မအပေါ် သစ္စာရှိတာ မဟုတ်ဘူး"

"လာပါကွာ၊ ချစ်ကြရအောင်"

"ဘုရား ... ဘုရား၊ လင်ကြီးငုတ်တုတ်နဲ့မိန်းမကို ရှင်က ချစ်ရဲတယ်"

"ငါတို့မှာ ဒ-သ-န-သော ဆိုတာ နားမလည်ဘူး၊ တို့ပါတီမှာရှိတဲ့လူတွေ အချစ်ထက် သွေးသားငြိမ်းချမ်းဖို့ အဓိကထားတယ်"

"ဦးသိန်းလွင်ဦးလည်း ရှင့်လိုပဲ၊ ဒါကြောင့် သူသေတာ၊ သူ့ကို ရှင်သတ်ပစ်တာပဲ မဟုတ်လား"





"ဟုတ်တယ်၊ ကိုယ် နောင်းနွယ်ကို မလိမ်ပါဘူး၊ သူက ပတ္တမြားနဲ့ တခြားကျောက်တွေကိုဘုံးပြီး သစ္စာဖောက်မယ် လုပ်လို့ ဆရာကြီးက ကိုယ့်ကိုခိုင်းလိုက်တယ်၊ ဒီလူဟာ လူ့လောကကြီးမှာ မနေထိုက်တော့ဘူးဆိုလို့ ကိုယ်ဖျောက်ပစ်လိုက်တယ်"

ထိုစကားသည် ကြားရသူ စိုးဒေဝါအတွက် ကျေနပ်စရာပေပဲ။

"ရှင် လူသတ်တာ တော်တော်များနေပြီ၊ တောထဲမှာလည်း သတ်တယ်၊ အခု မြေပေါ်မှာလည်းသတ်တယ်၊ ကျွန်မတို့ အတွက် စိုးရိမ်စရာတောင် ဖြစ်နေပြီ"

"မင်းတို့က သစ္စာရှိတာပဲ နောင်းနွယ်၊ ခိုင်းသလိုလုပ်တယ်၊ တို့ကိစ္စထဲ ဝင်ရှုပ်မယ့် စိုးဒေဝါကိုတောင် သတ်ဖို့ မင်း တာဝန်ယူခဲ့သေးတာပဲ၊ မင်း သူ့ကိုသတ်ဖို့ တာဝန်ကျန်နေ သေးတာပဲ မဟုတ်လား"

"ကျွန်မ မသတ်ဘူး၊ သတ်ဖို့ ကြံတာတောင် မသတ်ဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်တို့ အငြိုးကြီးတဲ့ စိုးဒေဝါ၊ကို မနေ့က သတ်ဖို့ကြံခဲ့တယ်၊ ဒါပေမဲ့ သူ့ကို မသတ်ရက်ဘူး"

"ဘာပြောတယ်၊ မင်းက မသတ်ဘူး"

"ဟုတ်တယ်၊ သူဟာ လူကောင်းပဲ၊ ရှင့်လို လူသတ်သမား၊ လူဆိုး၊ နိုင်ငံသစ္စာဖောက် မဟုတ်ဘူး"

"ဒါလေးနဲ့များ မင်း မသတ်ခဲ့တာ"

"ကျွန်မ သူ့ကိုချစ်တယ်၊ ချစ်လို့မသတ်တာ"

"ဘာ"

ကိုစိုးနိုင်၏အော်လိုက်သံက တစ်အိမ်လုံး ဟိန်းသွားမတတ်ရှိသည်။ မိမိဝင်ဖို့ အချိန်တန်ပြီကို စိုးဒေဝါ နားလည်သည်။

သူက မဟာတဟာဖြစ်နေသော တံခါးရွက်ကို ကိုင်တွန်းပြီး ဝင်မည်အလုပ်တွင် မမျှော်လင့်ဘဲ သူ့တစ်ကိုယ်လုံး မြောက်တက်သွား၏။ တစ်စုံတစ်ယောက်က နောက်မှအရှိန်နှင့် တွန်းခြင်း ခံလိုက်ရသည်။

စိုးဒေဝါ၏ကိုယ်ကြီးက တံခါးကိုပြင်းစွာတိုက်မိ၏။

ဝုန်း ...





တိုက်မိုက်သံနှင့်အတူ သူ့တစ်ကိုယ်လုံး အထဲသို့ တံခါးပွင့်သွား၍ ကျွံဝင်သွားတော့၏။

စို၏ ထိတ်လန့်တကြားအော်သံကို ကြားလိုက်ရသည်။

စိုးဒေဝါကို နောက်မှတွန်းထုတ်လိုက်သူက အောင်သန်းဦးပင်။

အောင်သန်းဦး၏လက်ထဲတွင် ခြောက်လုံးပြူးတစ်လက်ကို ကိုင်ထားသည်။

"မင်းတို့က စကားပြောတာ လုံမှမလုံပဲကိုး၊ ဒီစုံထောက်စုတ်က ချောင်းနားထောင်နေတယ်ကွ၊ ငါတွေ့ပေလို့ပဲ"

ကြမ်းပြင်ပေါ်မှ စိုးဒေဝါ ထချိန်တွင် အောင်သန်းဦးက ကျေနပ်စွာ ပြောလိုက်သည်။

"ဟော့ ... အပြင်ကတစ်ယောက် လာစမ်း၊ မလာရင် ငါ သတ်ပစ်လိုက်မှာနော်"

တစ်ဆက်တည်း အောင်သန်းဦးက ကြိမ်းမောင်းသည်။

စိုက ခပ်တင်းတင်း ဇင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... လှလိုက်တဲ့ ကောင်မလေးဗျာ"

ကိုစိုးနိုင်၏ ရေရွတ်သံ။

"ခင်ဗျား ဒါနဲ့ပဲ သေမှာပဲ"

အောင်သန်းဦးက ကိုစိုးနိုင်ကို ခပ်လှောင်လှောင် ပြောပြီး တစ်ဆက်တည်း ...

"ခင်ဗျား ကိုစိုးဒေဝါပဲ၊ ဒါက စိုချယ်ရီထွန်း မဟုတ်လား၊ ခင်ဗျားတို့နှစ်ယောက်လုံး မလှုပ်နဲ့နော်၊ ကျုပ်ကပစ်သတ်မှာ"

စိုးဒေဝါက အောင်သန်းဦးကို မကြည့်ဘဲ သူ့တစ်ကိုယ်လုံး ဖုတ်ဖက်ခါကာ ကိုစိုးနိုင်ကို ကြည့်ပြီး အံ့အားသင့်နေတော့သည်။

ကိုစိုးနိုင်ဆိုသူက သူတွေ့ခဲ့သည့် ကိုဘိုးထင် မဟုတ်လား။

ကိုဘိုးထင် ဆိုသူက ကိုစိုးနိုင် ဖြစ်နေသည်။

○ ❊ ○





## တတ်လမ်းစဉ်(၁၄)

"ခင်ဗျား ဘိုးထင်ယောင်ဆောင် စိုးနိုင်မှန်း ကျုပ်မရိပ်မိ မသိခဲ့ဘူး၊ ခင်ဗျားက နှောင်းနွယ်ရဲ့ ရည်းစားဟောင်းကိုး"

သေနတ်အချိန်ခံလျက်မှ စိုးဒေဝါက ပြောနေသည်။ ဘိုးထင်ကို အောင်သန်းဦးက အံ့သြသလိုကြည့်ရင်း ...

"မင်းနဲ့ စုံထောက်စုတ်နဲ့ ဘယ်တုန်းက သိကြတာလဲ"

"ဘယ်တုန်းကသိသိ မင်းနဲ့မဆိုင်ဘူး"

"အံမယ် ... ခွေးတိရစ္ဆာန်စုံထောက်စုတ်၊ ငါတီးလိုက်ရ မကောင်းဘဲ နေတော့မယ်၊ ဒါထက် မင်းတို့ပြောစကားတွေ ဒီကောင် ချောင်းနားထောင်တာ မင်းတို့မလွယ်ဘူး စိုးနိုင်"

"မင်း ဦးသိန်းလွင်ဦးကို သတ်တယ်ဆိုတာ ငါတို့သိပြီးပြီ၊ မင်း နှောင်းနွယ်ကို ပြောခဲ့တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ခိုင်မာမာလေသံနှင့် စိုးဒေဝါက ခပ်တည်တည် ပြောလိုက်သောအခါ စိုးနိုင် မျက်နှာပျက်သွားပြီး စိုးဒေဝါနား လျှောက်သွား၏။ ပြီးတော့ ပါးကို လက်ပြန်တစ်ချက် ရိုက်ထည့်လိုက်တော့သည်။

"မင်းသိရင် မင်းသေမယ်၊ မင်းကောင်မလေး သေမယ်"

စိုးဒေဝါက နှုတ်ခမ်းမှ စိမ့်ထွက်လာသော သွေးစတွေကို လျှာနှင့်လျက်ရင်း ...

"မင်း ဦးသိန်းလွင်ဦးကို ဘာလို့သတ်တာလဲ"

"ဒီလူကြီး တို့အပေါ် သစ္စာဖောက်မယ်ကြံလို့ပေါ့၊ သူက ရထားတဲ့ပတ္တမြားနဲ့ ကျောက်တွေကို ထုခွဲပြီး ရတဲ့ငွေတွေကို တို့လက်ထဲ မအပ်ဘဲ လစ်ပြေးမယ်ကြံလို့လေ၊ ဒီကြံစည်မှုထဲမှာ အောင်သန်းဦးနဲ့ သူ့မိန်းမ နှောင်းနွယ်လည်ပါတာပဲ၊ ဦးသိန်းလွင်ဦးက သေခါနီး ငါ့ကိုဖွင့်ပြောသွားတယ်"

"ဟင် ... မင်း"

အောင်သန်းဦးက စိုးနိုင်ကို မျက်လုံးပြူးကြည့်ပြီး သေနတ်က သူ့ကိုပါ ချိန်လိုက်သည်။





"လန့်သွားသလား အောင်သန်းဦး၊ မလန့်ပါနဲ့ကွာ၊ ဒီ စိုးဒေဝါရှေ့မှာ မင်းတို့အကြံအစည်ကို ပြောရတာ အရသာရှိတယ်"

"ဟုတ်တယ် ကိုစိုးနိုင်၊ ကျွန်မတို့ ကြံစည်တယ် ဘာဖြစ်သလဲ"

ဘေးမှ နှောင်းနွယ်က ခပ်မာမာပင် ဝင်နှောက်သည်။ အောင်သန်းဦးက သေနတ်ကိုဆရင်း ...

"မပြောနဲ့ နွယ်လေး၊ သူတို့ကိုသတ်ပြီးရင် အားလုံး တို့လွတ်ပြီ"

"မင်းက ငါ့ကို ဘာလို့သတ်ဖို့ကြံတာလဲ"

စိုးဒေဝါ၏အမေးကြောင့် နှောင်းနွယ် ကြောင်သွားသည်။

"ရှင် ဘယ်လိုသိသလဲ"

"ငါ မင်းနဲ့ ခေတ္တခွဲပြီးတော့ အပြင်သွားဟန်ဆောင်ပြီး တံခါးကြားတဲက ချောင်းကြည့်တယ်၊ မင်း ငါ့ကော်ဖီခွက်ထဲ အဆိပ်ခတ်တာ မြင်တာပေါ့၊ ဒါပေမဲ့ မင်းမလုပ်ရက်ပါဘူး၊ ဘာကြောင့် ငါ့ကို မသေစေချင်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခဏမျှ စဉ်းစားနေသည်။ ပြီးတော့မှ ...

"ကိုစိုးဒေဝါ ကျွန်မရင်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ ပြောလို့မရဘူး၊ ထားပါတော့၊ ရှင့်ကိုသေကြောင်းကြံစည်တာ ဦးသိန်းလွင်ဦးရဲ့ အကြံပေးချက်ကြောင့်ပဲ၊ ကျွန်မတို့တောတွင်းပါတီက ဒီမြေပေါ်မှာ လှုပ်ရှားမှုတွေလုပ်မယ်၊ ကုန်ကုန်ပြောရရင် လျှို့ဝှက်ဗုံးတွေ ဖောက်ခွဲမယ်၊ ကြေညာစတမ်းတွေကပ်မယ်၊ လူတွေသောက်သုံးတဲ့ ဂျိုးဖြူရေပိုက်တွေကို ဖောက်မယ်၊ ရန်ကုန်လူထုကို အနှောင့်အယှက်ပေးရင် လူထုဟာ အုံကြွလာမှာပဲ၊ ဒီတော့ ဖဆပလပြုတ်ကျရော၊ ကျွန်မတို့ ဒီလိုလုပ်တာကို ရှင်နဲ့ရဲ့အဖွဲ့စုံထောက်အဖွဲ့တွေက စုံစမ်းထောက်လှမ်းမှာပဲ၊ ဒီတော့ ကျွန်မတို့ခံနိုင်ရည်ရှိအောင် ရှင့်ကို သုတ်သင်ဖို့ ဦးသိန်းလွင်ဦးက အကြံဉာဏ်ပေးပြီး ကျွန်မနဲ့ ကိုအောင်သန်းဦးကို ဒီမြို့ကနေ ခေါ်ထုတ်သွားပြီး နယ်စပ်ကိုလစ်မယ်၊ ဒါကို ကိုစိုးနိုင်ကသိလို့ သူ ကိုသိန်းလွင်ဦးကို သတ်လိုက်တာ ဖြစ်မှာပေါ့၊ အခု သူကပါ ကျွန်မတို့အကြံကို သိသွားပြီ"

"မင်း ဦးသိန်းလွင်ဦးကို ဘယ်လိုသတ်လိုက်တာလဲ"





"စိုးဒေဝါရယ် ... ဘာခက်တာလိုက်လို့၊ ဦးသိန်းလွင်ဦးဟာ နှာမင်းသားပဲ၊ သူ့ကို ကောင်မလေးတစ်ယောက်နဲ့ မျှား၊ ငါခေါ်ခိုင်းတဲ့နေရာရောက်တော့ ကောင်မလေးကို ငွေပေးလွှတ်ပြီး ဦးသိန်းလွင်ဦးကို သတ်ပစ်လိုက်တာပေါ့၊ ပြီးမှ သိမ်ချောင်းဘက်ကို အလောင်းကိုရွှေ့ခဲ့တယ်"

"ဒါဆို ရတနာတွေက ..."

"ငါ့ဆီမှာလေ၊ ငါ အကုန်ယူထားတယ်"

ခပ်ခန့်ခန့် မထေမဲ့မြင် စိုးနိုင်၏စကားအဆုံးတွင် အောင်သန်းဦးက မခံမရပ်နိုင်သလို ...

"ဟော့ ... စိုးနိုင်၊ လူလည်မလုပ်နဲ့၊ ဒီပစ္စည်းတွေ ငါရှာနေတာပဲ၊ ငါ့လက်ထဲကိုအပ်ပါ"

"ဘာလို့အပ်ရမှာလဲ၊ မင်းတို့ထက်လည်လို့ ငါ ဒီမှာ ဒုခေါင်းဆောင် လုပ်နေတာကွ"

စိုးနိုင်က လျှင်သည်။ စကားလည်းဆုံးရော သူ့အနားတွင်ရှိသော နှောင်းနွယ်၏လက်ကလေးတစ်ဖက်ကိုဆွဲကာ ဆတ်ခနဲ သူ့ရင်အုံရှေ့ရောက်အောင် အကာအကွယ် ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်းနွယ်က စိုးနိုင်ကို ဒိုင်းသဖွယ် ရှေ့မှကာရံ ခိုက် အောင်သန်းဦးကလည်း သူ့သေနတ်မောင်းကို လက်မနှေးပဲ ပစ်ချလိုက်သည်။

"ဒိုင်း"

"အမယ်လေး"

သေနတ်သံတစ်ချက်။

အော်သံလေးတစ်ချက်။

သေနတ်သံနှင့်အတူ နှောင်းနွယ်မှာ ကိုယ်ကလေး တွန့်သွားရှာသည်။ သူမ၏ရင်အုံတွင် နှင်းဆီပန်းပွင့်လို နီရဲသော အကွက်ကလေးတစ်ကွက် စွန်းထားပေါက်ဖွားလာသည်။

စိုးနိုင်က လျင်သည်။ နှောင်းနွယ်၏ကိုယ်ကလေး ကို တစ်ရှိန်ထိုး အောင်သန်းဦးဆီ ပို့တွန်းပေးလိုက်သည်။

အောင်သန်းဦး မထိန်းနိုင်ဘဲ နှောင်းနွယ်နှင့်အတူ ကြမ်းပြင်ပေါ် လဲကျသွားသည်။

အောင်သန်းဦးအပေါ် စိုးနိုင် ခုန်အုပ်လိုက်သည်။ အောင်သန်းဦး လက်မှ သေနတ်လွတ်ထွက်သွားသည်။

"ကိုကိုစိုး ... သတ်၊ သူတို့ကိုချ"





လုံးထွေးနေသော လူနှစ်ယောက်ကိုကြည့်၍ စိက အော်ပြောသည်။ စိုးဒေဝါက သေနတ်ကို ကပျာကရာကောက်ယူ ၍ ...

"နေပါစေ စို၊ ခွေးနှစ်ကောင် စားခွက်လုတာ ဘယ်သူနိုင် မလဲလို့ ကြည့်ရအောင်"

အေးဆေးစွာ သတ်ပုတ်နေသော လူနှစ်ဦးကို စိုးဒေဝါ မတ်တတ်ရပ်ကြည့်နေသည်။

သူတို့နှစ်ဦးသည် ကြမ်းပြင်ပေါ်တွင် သူတစ်ပြန် ကိုယ်တစ်ပြန် လိမ့်နေရာက အောင်သန်းဦးအပေါ် စိုးနိုင်ကအပေါ် စီးရသွားသည်။

အပေါ်စီးရသွားသော စိုးနိုင်က အောင်သန်းဦးကို မထနိုင်အောင်ခွပြီး ဇက်လည်ပင်းကို သူ့လက်နှစ်ဖက်နှင့်ညှစ်သည်။

အောင်သန်းဦးက သူ၏ဘယ်ညာလက်သီးတွေနှင့် စိုးနိုင်ကို ထိုးသော်လည်း မူးနေသည်ကတစ်ကြောင်း၊ စိုးနိုင်နှင့် စာလျှင် သူ့ဗလက သေးတာမို့ လက်သီးချက်တွေက အားပျော့ လှသည်။

စိက တားမည်အပြု စိုးဒေဝါက စို့လက်ကိုဆွဲပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နေပေစေ၊ ဒီကောင်နှစ်ကောင်ဟာ ကိုယ်တို့ရဲ့ရန်သူ၊ တိုင်းပြည်ရဲ့ရန်သူ၊ လူထုရဲ့ရန်သူတွေပဲ၊ သူတို့အထဲက တစ်ယောက်ယောက် သေမှအေးမယ်၊ ငရဲပြည်မှာ လူဦးရေ တိုးသွားတာပေါ့"

ပြောနေစဉ်မှာပင် အောက်မှ လည်ပင်းညှစ်ခံရသော အောင်သန်းဦးမှာ လက်ကားယား ခြေကားယားနှင့် ပျော့ခွေ ငြိမ်သက်သွား၏။

သွားကြီးတွေစေ့ကာ လည်ပင်းညှစ်နေသော ဘိုးထင်ခေါ် စိုးနိုင် ပြန်လည်ထလာသည်။

စိုးဒေဝါက ဘိုးထင်ခေါ်စိုးနိုင်ကို သေနတ်နှင့်ချိန်ထားသည်။ ကြမ်းပြင်ပေါ်လဲနေသော နှောင်းနွယ်ကို ဘိုးထင်ကို သေနတ်နှင့်ချိန်ထားရင်းမှ ငုံ့ကြည့်လိုက်သည်။ နှောင်းနွယ်က သေနတ်ဒဏ်ရာကြားမှ ပြုံးပြရင်း ...

"အစ်ကို့ကို ချစ်တယ်"

ငါးလုံးသောစကားကို အနိုင်နိုင် အသံထွက်သော်လည်း စိုးဒေဝါ သေချာစွာ ကြားရသည်။





ခေါင်းကလေးစောင်း၍ သူမဇက်လည်သွားသည်။

စိုးဒေဝါ စိတ်ထဲမထိခိုက်ပါ။

"ဘိုးထင်ခေါ်စိုးနိုင်၊ မင်းကို လူသတ်မှုနှစ်မှုနဲ့ ဖမ်းလိုက်ပြီ၊ ဦးသိန်းလွင်ဦးကို သတ်တဲ့အမှု၊ ငါ့ရှေ့မှာ လူတစ်ယောက်ကို လည်ပင်းညှစ်သတ်မှု၊ ပေါင်းနှစ်မှုပဲကွ စိုးနိုင်ရ"

ဘိုးထင်ခေါ်စိုးနိုင်က ခါးတွင်လက်နှစ်ဖက်ထောက်နေ၏။ မားမားမတ်မတ်ရပ်နေသည်။

"မင်း လက်မြှောက်လိုက်ပါ"

"ဆောရီးပဲ စိုးဒေဝါ၊ ငါက ရန်သူ့ရှေ့မှာ ဘယ်တော့မှ လက်မမြှောက်ဘူးကွ"

သူက မာမာတင်းတင်းပဲ။

"ကြိုက်တယ်၊ မင်းသတ္တိကို ကြိုက်တယ်၊ ငါ ထောင်မှူးကြီးဆီက မင်းတို့အကြောင်း စုံစမ်းခဲ့ကတည်းက မင်းတို့အကြောင်း သိရတယ်၊ မင်းနဲ့ မင်းဆရာ လက်ဝဲဆရာကြီး လက်ဝဲတော်သခင်မြတ်မင်းနဲ့အတူ သာယာဝတီထောင်ကို ပို့တဲ့အချိန်မှာ ကားမှောက်ပြီး မင်းနဲ့ မင်းဆရာလက်ဝဲတော် မြတ်မင်းက ထွက်ပြေးလွတ်မြောက်သွားတယ်၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးက ငါ့ကိုပြောပြတယ်၊ မင်းတို့နှစ်ယောက် တောထဲရောက်သွားခဲ့တယ် မဟုတ်လား"

"စိုးဒေဝါ ... မင်းပြောတာ မှန်တယ်၊ ငါတို့ကို ပါတီက လက်ခံပြီးစည်းရုံးတယ်၊ တိုက်ပွဲတွေအလီလီ ငါတို့ဆင်ခဲ့တယ်၊ ဒါဟာ ငါတို့သွေးမကြောင်ကြောင်းနဲ့ လူထုကောင်းစားရေးအတွက် တို့အသက်ကို သွေးနဲ့ရင်းခဲ့တာပဲ"

"လူထုကောင်းစားရေးဆိုတဲ့စကား မပြောပါနဲ့၊ မင်းတို့ ဗမာပြည်ကွန်မြူနစ်တွေဟာ အပြောတခြား အလုပ်တခြားပဲ၊ လူထုကို ထုဖို့ပဲ စဉ်းစားနေတဲ့ကောင်တွေပဲ၊ ငါဆိုတဲ့ အကောင်ကလည်း ကွန်မြူနစ်ဆို မုန်းတာပဲ၊ မာ့(စ်)၊ လီနင်၊ အိန်ဂျယ်ရဲ့ဝါဒတွေဟာ စာအုပ်ကြီးထဲမှာပဲရှိတယ်၊ အလကား စိတ်ကူးယဉ်ဝါဒတွေပဲ၊ လောကမှာ ဘယ်တော့မှ လူတန်းစားတစ်ရပ်တည်း လုပ်လို့မရဘူး၊ ချမ်းသာခြင်းနဲ့ ဆင်းရဲခြင်းဟာ လူတွေရဲ့စည်းနှစ်စည်းပဲ၊ ဒါဟာကံတရားက ပါလာသလို လူတွေရဲ့ကြိုးစားခြင်းနဲ့ မကြိုးစားခြင်း အပေါ် မူတည်တာပဲ"

"မင်းနဲ့ ကောင်းကောင်းဆွေးနွေးလို့ မရဘူး စိုးဒေဝါ"





ပြောရင်းပင် သူက စိုးဒေဝါအပေါ် ခုန်အုပ်လိုက်တော့သည်။

ဒိုင်း ...

စိုးဒေဝါက လက်မြန်သည်။ သူ့လက်ထဲမှ ခြောက်လုံးပြူးမောင်းခလုတ်ကို ညှစ်ချလိုက်၏။

○ ❁ ○



www.burmeseclassic.com

www.burmeseclassic.com



## တတ်လမ်းစဉ်(၁၅)

"အား"

ပေါင်တစ်ဖက်ကို လက်နှင့်ကိုင်ပြီး သူ့ကိုယ်ကြီးက စိုးဒေဝါအပေါ်မရောက်ဘဲ လမ်းခုလတ်တွင် လဲကျသွားရင်း ဘိုးထင်ခေါ်စိုးနိုင်က အော်သည်။

သည်စဉ် သေပြီထင်ရသော အောင်သန်းဦး လူးလဲထလာသည်။ သူ့လည်ပင်းကို ပွတ်သတ်ပြီး ထလာသည်။ စိုက အော်သည်။

"ဘုရားသခင် ကယ်တော်မူပါ၊ သူ မသေဘူး"

သူမက အင်္ဂလိပ်လိုအော်သည်။ (OH, GOD. HE'S ALIVE)ဟူသော စကားကြောင့် စိုးဒေဝါက အောင်သန်းဦးကိုမြင်လိုက်သည်။





"အောင်သန်းဦး မင်းမိန်းမကို မင်းသတ်တဲ့အကောင်၊ မင်း မသေရင် ငြိမ်ငြိမ်ကလေးနေပြီး လက်တွေမြှောက်ထား"

အောင်သန်းဦးမှာ စိုးနိုင်လို သတ္တိမကောင်းပါ။ လက်နှစ်ဖက်ကို ဆတ်ခနဲ မြှောက်လိုက်သည်။

"မင်း လိမ္မာတယ်၊ စိုးနိုင်လို မမိုက်ဘူး၊ ဘယ်လိုလဲ စိုးနိုင်၊ ကျည်ဆန်အရသာ တွေ့သွားပြီလား"

စိုးနိုင်ကို တစ်ဆက်တည်း လှမ်းပြောလိုက်တော့ စိုးနိုင်က ဘာမှမပြောဘဲ ဒဏ်ရာကို လက်နှင့်ဖိရင်း အံကြိတ်နေသည်။ မျက်နှာက ဒေါသနှင့် မုန်းတီးခြင်း အရိပ်အငွေ့တွေလွှမ်းလို့။

"စို သူတို့ကို ရဲဌာနပို့မယ်၊ နီးရာဖုန်းနဲ့ လှမ်းခေါ်ပါ"

"အိမ်ရှေ့မှာ လူတွေရောက်နေပြီ ကိုကိုစိုး"

စို ပြောတာမှန်ရဲ့။

လူတချို့က သေနတ်သံကြောင့် အိမ်ရှေ့တွင် ပွက်လောရိုက်ရာ တုတ်ဓားတွေနှင့် ရောက်နေကြပြီ။

"ဟား ... ဒီရပ်ကွက်က တယ်ညီပါလား၊ စို ... ကိုယ်တို့ တရားခံလာဖမ်းတာလို့ ထွက်ပြောလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



စိုက သွက်သွက်လက်လက် ထွက်သွားသည်။ စို၏ သာယာကြည်လင်စွာ ပြတ်သွားစွာ ပြောသောအသံကို ကြားရသည်။

လူတချို့ အိမ်ထဲဝင်လာသည်။

“ကဲ ... ခင်ဗျားတို့လက်ထဲ သည်ကောင်တွေကို အပ်ပါတယ်၊ ကျွန်တော့်နာမည်က တစ်ကိုယ်တည်းထောက်လှမ်းတဲ့ တစ်ကိုယ်တော်စိုးဒေဝါပါ၊ ဟိုမိန်းကလေးက ကျွန်တော့်အတွင်းရေးမှူးပါ၊ သေနေတဲ့မိန်းကလေးက ကွန်မြူနစ်ပါတီဝင်တစ်ဦးဖြစ်ပြီး မြေပေါ်လှုပ်ရှားမှုလုပ်တာပါ၊ ဟောဒီနှစ်ယောက်လည်း မြေပေါ်နဲ့ မြေအောက် လှုပ်ရှားမှုတွေလုပ်နေတဲ့ တောတွင်းကွန်မြူနစ်ပါတီရဲ့ လက်ကိုင်တုတ်တွေပါ၊ သေနေတဲ့ မိန်းကလေးကို သူတို့သတ်လိုက်တာပါ”

စိုးဒေဝါက တိုတိုနှင့်လိုရင်း ရှင်းပြသည်။

စိုးဒေဝါနာမည်ကို ကြားဖူးသူလည်းရှိသည်။ သတင်းစာထဲ ဖတ်ဖူးသူလည်းရှိသည်။

စိုးဒေဝါစကားကိုကြားတော့ ကွန်မြူနစ်ဟူသော စကားကိုကြားသည်နှင့် လူနှစ်ယောက်ကို သတ်မည်တကဲကဲလုပ်သည်။ လူတွေကို စိုးဒေဝါက အကျိုးအကြောင်းပြောပြီး ပြန်မေတ္တာရပ်ခံရသည်။



ကွန်မြူနစ်တို့၏လုပ်မှုကြောင့် ပြည်သူက ကွန်မြူနစ်တွေကို ချဉ်နေသည်။

လူဝ၂စ်ယောက်၏ အကြောင်းကြားမှုကြောင့် ရဲတွေ ရောက်လာသည်။

ထိုရဲများနှင့်အတူ ဗဟန်းရဲစခန်းမှ ဒုရဲအုပ်စိန်မြင့်ပါ ပါလာသည်။

“ကိုစိုးဒေဝါ ဘယ်လိုဖြစ်တာလဲ”

“ကျွန်တော်လည်း အမှုကို စုံစမ်းရင်းက မမျှော်လင့်ဘဲ တရားခံတွေ ဖမ်းမိတာပဲ၊ ကျွန်တော်နဲ့အတူ ခင်ဗျားရဲ့ ကြိုးပမ်းမှုပါ ပါတယ်ဗျာ”

ဖြစ်သည့်အကြောင်းရင်းကို စိုးဒေဝါက ကိုစိန်မြင့်အား ပြောပြသည်။

ကိုစိန်မြင့် လက်ခံသည်။ စိုးဒေဝါကို လက်ဆွဲနှုတ်ဆက်သည်။

“ခင်ဗျားအမှု မဟုတ်သော်လည်း ဝင်ရောက်ကူညီတာကို ကျေးဇူးတင်တယ်ဗျာ၊ တရားခံတွေက တောတွင်းပါတီက လူတွေပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ၊ ဒါပေမဲ့ သူတို့မှာ ဆရာကြီးရှိတယ်၊ အဲဒီ ဆရာကြီးက ဝရမ်းပြေး ထောင်ပြေး လက်ဝဲတော်မြတ်မင်း ဆိုတာပဲ၊ မြတ်မင်းက မြေအောက်လှုပ်ရှားမှုတွေကို မြေပေါ် လူတွေနဲ့ ဆက်သွယ်ပြီး လှုပ်ရှားကြိုးကိုင်နေတဲ့သူပဲ"

သည်သို့နှင့် ဘိုးထင်ခေါ်စိုးနိုင်နှင့် အောင်သန်းဦး တို့ အဖမ်းခံရသည်။

အောင်သန်းဦးမှာ နောင်းနွယ်အလောင်းကို ကြည့်ကာ မျက်ရည်တွေတွေကျနေသည်။

ဘိုးထင်ခေါ်စိုးနိုင်ကတော့ နောင်းနွယ် အလောင်း ကို လှည့်လို့တောင်မကြည့်။

သူက နောင်းနွယ်ကို ချစ်ခဲ့တာမဟုတ်။

သြော် ... ချစ်မေတ္တာမဲ့တဲ့ လူပါလား။

စိုးဒေဝါတို့ ရဲစခန်းရောက်သည်။ သူနှင့် စိုကဖြစ် တာတွေကို ပြန်ပြောင်းပြောပြသည်။

"မင်းတို့ ဝန်ခံမလား"

စိုးနိုင်က တင်းခံနေသည်။ ထိုခေတ်က ရဲတို့၏ထုံးစံ အတိုင်း လက်ခြေတွေသုံးလိုက်တော့ စိုးနိုင်က ဝန်ခံသည်။





အောင်သန့်ဦးက စိုးနိုင်ကို ရိုက်နှက်နေသည်ကိုမြင်တော့ ကြောက် ကြောက်လန့်လန့်နှင့် သူတို့အပြစ်ကို သူတို့ဝန်ခံသည်။

"တရားခံကို ဘယ်နှိပ်စက်ချင်ပါ့မလဲဗျာ၊ ဒါပေမဲ့ ရဲက သူတို့ကို မရိုက်မနှက်ပဲ တင်းခံနေတော့ အကျိုးအကြောင်း ပြရတာပေါ့ဗျာ၊ တရားခံက သဘောကောင်းရင် ရဲကလည်း သဘောကောင်းကောင်း ဆက်ဆံမှာပဲ၊ သူတို့ဆိုးရင် ရဲ လည်း အပြစ်မဆိုသာဘူးပေါ့"

"ခင်ဗျားပြောတာ မှန်ပါတယ်၊ သူတို့ဆရာကြီးကို ဖမ်းဖို့ အရေးကြီးတယ်၊ နောက်ကျရင် လွတ်သွားတော့မယ် ကိုစိန်မြင့်"

စိုးဒေဝါ ပြောသည့်အတိုင်း အောင်သန်းဦး၏ ထွက်ဆိုချက်ဖြင့် တာမွေတွင် နာမည်ပြောင်းပြီး နေထိုင်သော လက်ဝဲတော်မြတ်မင်းကို ရဲနှင့်ဝိုင်းဖမ်းသည်၊

မြတ်မင်း အဖမ်းခံရသည်။

သူ့ဆီမှ စစ်ချက်ယူသောအခါ သေသူ နောင်းနွယ် နှင့် ဘာမှမတော်ဟု သိရသည်။ နောင်းနွယ်က စိုးဒေဝါနှင့်တွေ့ ကာစတွင် သူမအဖေပါဟု လိမ်ပြောခဲ့တာကို စိုးဒေဝါ သတိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်း အဖမ်းခံရပြီးနောက် သူနှင့်ဆက်သွယ်သူ ကွင်းဆက်တွေကို လိုက်လံဖော်ထုတ်ကြသည်။

သတင်းစာထဲမှာ ဤအကြောင်းတွေ ကြီးကြီးကျယ်ကျယ်ပါသည်။

စိုးဒေဝါ၏နိုင်ငံတော်ကာကွယ်မှုကို ချီးမွမ်းကြသည်။ သူသည် ဝန်ထမ်းကောင်းဖြစ်သည်သာမက တာဝန်သိပြည်သူ တစ်ဦးဟုလည်းဆို၏။

ဦးရွှေမော်က စိုးဒေဝါကို ဟိုတယ်တစ်ခုတွင် ခေါ်ယူ၍ ညစာစားပွဲနှင့် ချီးကျူးဂုဏ်ပြုသည်။

O ❊ O





ယောက်ျားပီသချောမောသူ တစ်ယောက်။

လှပ၍ အချိုးအဆစ်ကျသော မိန်းကလေးတစ် ယောက်။

သူတို့သည် စိုးဒေဝါနှင့် စိုချယ်ရီပင်ဖြစ်သည်။

သူတို့ နှစ်ယောက် ရွှေတိဂုံဘုရားရင်ပြင်တော်ရောက် နေ၏။

စိုးဒေဝါနှင့် သူ၏ချစ်ချစ်ကလေး စိုချယ်ရီမှန်း ဘယ်သူကမှ သိကြသည်မဟုတ်ပေ။

ရွှေတိဂုံဘုရားသို့ စိုချယ်ရီက ရောက်သော်လည်း စိုးဒေဝါက လာခဲသည်။ အလုပ်ကိစ္စတွေ များသောကြောင့် ဘာသာရေးတွင် သူ မမေ့သော်လည်း မလာအားပါ။

ယခု စိုချယ်ရီက ဘုရားသို့သွားကြရအောင် ဆိုသဖြင့် နှစ်ဦးသဘောတူ ဘုရားသို့ လာရောက်ဖူးမြော်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှု ပြုလုပ်ရာတွင် စိုးဒေဝါ၌ ရည်ရွယ်ချက်ရှိသည်။

ထိုကုသိုလ်သည် သူ့အတွက်လည်းကောင်း၊ သူများအတွက်လည်းကောင်း ဖြစ်စေသည်။

ယခု ဘုရားသို့ လာရောက်ဖူးသောအခါ သူသည် သေခဲ့ရသူ နှောင်းနွယ်အတွက် ရည်ရွယ်ချက်ရှိသည်။

ထိုရည်ရွယ်ချက်ကား နှောင်းနွယ်ကို အမျှအတန်းပေးဝေ၍ ဖြစ်လေရာဘဝ၌ သာစုခေါ်နိုင်ရေးပင်။

ဘုရားကို သူနှင့် စို အတူတူဖူးမြော်၏။

ယခုဘဝတွင်မက နှောင်ဘဝတွင် ပေါင်းရစေလိုကြောင်း နှစ်ဦးလုံး ဆုတောင်းပါ၏။

ယခုဘဝတွင် ဘဝမှာ ချမ်းချမ်းသာသာရှိသလို အန္တရာယ်ကင်း ဘေးရှင်းလိုကြောင်း ဆုချွေ၏။

ပြီးတော့ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူသည်။ ဘုရားကို ရွှေချသည်၊ ဘုရားတွင် အလှူငွေတစ်ထောင်ထည့်သည်။

ယင်းပြုလုပ်သမျှ ကုသိုလ်သည် သွားလေသူ နှောင်းနွယ်အတွက်ဖြစ်၏။ နှောင်းနွယ် ကောင်းရာမွန်ရာဘဝသို့ရောက်အောင် စိုးဒေဝါ ဆုတောင်းသည်။





ဘုရားပေါ်တွင် ဘုရားဖူးသူများ အနည်းနှင့်အများရှိ၏။

သူတို့သည်လည်း ဘုရားကို ကြည်ညိုရင်း လိုအပ်သောဆုတွေ တောင်းကြသည်။

သည်သို့ဖြင့် မိမိတို့၏ ဆိုးညစ်သောစိတ်ကို ဖြေကြသည်။

စိုးဒေဝါသည် ဘုရားခေါင်းလောင်းကြီးနားတွင်ရပ်၍ အဝေးသို့ မျှော်ကြည့်၏။ ရွှေတိဂုံကုန်းထက်မှ အဝေးသို့မျှော်ကြည့်၏။

သစ်ပင်တွေ၊ တိုက်တာအိမ်တွေကို ကုန်းတော်ပေါ်မှ လှမ်းမြင်ရသည်။

လိပ်ပြာကလေးတစ်ကောင်သည် စိုးဒေဝါတို့ဘုရားပေါ်တက်လာကတည်းက ဘယ်နေရာမှ ပေါ်လာသည်မသိ ရစ်ဝဲရစ်ဝဲနှင့် သူတို့နားတွင် လှုပ်နေ၏။

စိုးဒေဝါက ဘုရားခေါင်းလောင်းထိုးသော တုတ်တံကြီးကိုကိုင်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နောင်းနွယ်ရေ ... မင်းအတွက် ကိုယ်ကုသိုလ်လုပ်ခဲ့တယ်၊ ယခုပြုလုပ်သမျှသော ကုသိုလ်တွေကို မင်းကိုအမျှပေးဝေပါတယ်၊ ရောက်ရာအရပ်က သာဓုခေါ်ပါတော့၊ ယခုပြုလုပ်သရွေ့ကုသိုလ်တွေ နောင်းနွယ် အမျှရပါစေ ... အမျှ ... အမျှ ... အမျှ ယူပါ နောင်းနွယ်ရေ"

"သာဓု ... သာဓု ... သာဓု"

ဘေးမှ စိုက သာဓုခေါ်သည်။

ရစ်ဝဲနေသော လိပ်ပြာကလေးသည် စိုးဒေဝါ၏ ပခုံးထက်မှာ ဝင်နားသည်။

စိုက ထူးဆန်းလိုက်တာဟု ဆိုသည်။ လိပ်ပြာကလေးက ပျံတက်သွားသည်။ ရွှေတိဂုံကုန်းတော်ပေါ်မှ အောက်ဘွင် ကားထားသည့်အထိ ပျံဝဲလိုက်လာသည်။

"ဘယ်လိုလဲဟ"

စိုးဒေဝါက လိပ်ပြာကလေး သူတို့နားတွင် ပျံဝဲနေသည်ကို ကြည့်၏။ ရေရွတ်၏။ ကားနားရောက်သောအခါ စိုက ရယ်သံကလေးပြုသည်။ ယင်းမှ ရယ်သံနှင့် ...



BURMESE CLASSIC .com



"ကိုကို ... ဒီလိပ်ပြာကလေးဟာ မဟုတ်မှလွဲရော နောင်းနွယ်နဲ့ တူတယ်၊ ကိုကိုကို ချစ်လွန်းလို့ လိုက်လာတာဖြစ်မယ်"

"ကွာ ... စိုကလည်း မဟုတ်တာ"

"မဟုတ်တာ မလုပ်နဲ့လေ၊ သတ္တဝါတွေဟာ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ကြရတယ်လို့ ဘုရားဟောထားတယ် မဟုတ်လား"

စိုးဒေဝါ မည်သို့မျှမပြောပါ။

ကားထဲဝင်ထိုင်သည်။ စိုက တစ်ဖက်မှ သူနှင့်ယှဉ်ထိုင်သည်။

လိပ်ပြာကလေးက ပျံဝဲရင်း ကားထဲဝင်မည်ပြုပြီးမှ တစ်ဖက်သို့ ပျံဝဲသွား၏။

ကားထွက်လာတော့ လိပ်ပြာကလေးမှာ တရစ်ဝဲဝဲနှင့် ကျန်နံခဲ့ရှာသည်။

စိုးဒေဝါစိတ်ထဲမှာတော့ နောင်းနွယ်နှင့် လိပ်ပြာ၊ လိပ်ပြာနှင့် နောင်းနွယ် ရောယှက်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... နှောင်းနွယ်ရယ်၊ တို့ ဒီဘ၀မှာ မဆုံကြရင် အကောင်းသား။

ဆုံကြဦးမယ်ကွယ်

စောညို
၁၂-၈-၂၀၁၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com